The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL. 19, NO. 31 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 19, 2019

# ကြံ၊ သကြားဈေးကွက် ပြန်ကောင်းလာရေး အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းရဦးမည်

စာမျက်နှာ - ၈



## မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုနှင့် ပတ်သက်၍ မြေစစ်ဆေးမှုများ အခမဲ့ပြုလုပ်ပေးမည်

စာမျက်နှာ - ၁၁

## စတော့ဈေးကွက်တွင် အွန်လိုင်းအသုံးပြု ငွေချေးသက်သေခံလက်မှတ် ဝယ်ယူခြင်းများ နည်းပါးနေသေး

စာမျက်နှာ - ၂၃

## အမေရိကန်နိုင်ငံသို့ သွားရောက်မည့်သူများ ဗီဇာနှစ်မျိုးကို တစ်ပေါင်းတည်း လျှောက်ထားနိုင်

စာမျက်နှာ - ၂၆




## ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု (၅)

စာမျက်နှာ - ၆




အစားအသောက်နှင့် ဆေးဝါးထောက်ခံချက်အမှတ် ၈၁၃/၀၈၀၀၁/ထလ









# မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်-၂၀၁၉ အခမ်းအနားကျင်းပ

မဲခေါင်ဒေသနိုင်ငံများနှင့် ဂျပန်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများဖလှယ်ရေးနှင့် အဆိုပါ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရေးတို့အတွက် မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ် (၂၀၁၉) အခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ဦးဆောင်၍ ဩဂုတ် ၁၄ ရက်က နေပြည်တော်ရှိသင်္ဂဟဟိုတယ်၌ ကျင်းပခဲ့သည်။

မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်(၂၀၁၉) အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် 'မဲခေါင်ဒေသ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်သော ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များ၏ စီမံကိန်းများ တင်ပြဆွေးနွေးခြင်း' အစီအစဉ်ကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်၍ ဒေသတွင်း နိုင်ငံများ၏ ထွန်းသစ်စလူငယ်လုပ်ငန်းရှင်များ အရည်အသွေးနှင့် စွမ်းအားစုများကို ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးဖြစ်သည်။

သို့ဖြစ်၍ အခမ်းအနားတွင် ၂၀၁၈ မှ ၂၀၁၉ ခုနှစ်အတွင်း ကျင်းပခဲ့သည့် မဲခေါင်ဒေသတွင်းနှင့်နိုင်ငံတကာ တီထွင်ဆန်းသစ်မှုပြိုင်ပွဲများတွင် သက်ဆိုင်ရာဘာသာရပ်အလိုက်

စာမျက်နှာ ၈ သို့

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Saurabh Kumar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ(၁)၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ (၇) ကြိမ်မြောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မတီ (Joint Trade Committee -JTC) အစည်းအဝေးနှင့် (၆) ကြိမ်မြောက် India-CLMV Business Conclave အခမ်းအနားတို့အား မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပပြုလုပ်သွားနိုင်ရေး၊ အိန္ဒိယနိုင်ငံ၌ကျင်းပမည့် ကုန်စည်ပြပွဲများတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရေး၊ မြန်မာနိုင်ငံမှ ပဲမျိုးစုံအား အိန္ဒိယနိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဈေးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍများ အပါအဝင် ကုန်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC(IR)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization-ILO) နှင့် ဂျာမနီ ပူးပေါင်းဆောင်ရွက်မှု (German Cooperation) တို့ပူးပေါင်း၍ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့(Job Creation Sector Coordination Group-JCSCG) အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို နေပြည်တော်ရှိ PARK ROYAL Hotel၌ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီခွဲတွင်ကျင်းပရာ အလုပ်အကိုင်ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကုန်ချောထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍ အစရှိသည့်ကဏ္ဍများအလိုက် တိုးတက်မှုအခြေအနေများ တင်ပြနိုင်ရန်၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် Myanmar Sustainable Development Plan(MSDP) ပါ လုပ်ငန်းစဉ်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ အလုပ်အကိုင် ဖန်တီးပေးနိုင်မှု ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Job Creation Sector Coordination Group-JCSCG) ၏ ကဏ္ဍအလိုက် အဖွဲ့ခွဲများအနေဖြင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

စာမျက်နှာ ၁၂ သို့


Commerce JOURNAL

**အတိုင်ပင်ခံစာတည်း**
အောင်မောင်း
မြင့်သူရ
ဦးဦးဟန်

**စာတည်းမှူးချုပ်**
အောင်သူရ

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ရဲမင်းနိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန့်ထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မှန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ နန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၃၃၇၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်-၂၂၈/၂၄၀၊ ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန့်စိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊ အောင်မျိုး
အုန်းခင် (၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့

**Email Address**
commercejournal.editor@gmail.com

# ရန်ကုန်မြို့၏ ဆန်စျေးကွက်အခြေအနေ

ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်မြို့ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်တွင် ဧည့်မထဆန် ထိပ်စတစ်အိတ် ကျပ် ၁၉၈၀၀-၂၀၂၀၀ (USD 267-272 Per ton)၊ ဧည့်မထဆန် လတ်စတစ်အိတ် ကျပ် ၁၈၃၀၀-၁၈၅၀၀ (USD 247-249 Per ton) ဖြင့် ဝယ်ရောင်းကုန်သည်များနှင့် Expoter များမှဝယ်ယူခဲ့သည်။

ဧည့်မထဆန်လတ်စမှာ ကုန်စည်ဒိုင်သို့ဝင်ရောက်မှုနည်းပြီး ဝယ်လိုအားနည်းကြောင်း၊ ရန်ကုန် ဘုရင့်နောင် ဆန်ပွဲရုံများတွင် ပေါ်ကျွဲဆန်နှင့် ပေါ်ဆန်းဆန်တို့အဝင်နည်းနေကြောင်း၊ ရွှေဘိုပေါ်ဆန်းဆန်မှာပွဲရုံသို့ အဝင်နည်းသော်လည်း ဝယ်လိုအားပုံမှန်ရှိခြင်းကြောင့် စျေးမြင့်၍အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်စျေးကွက်မှ သိရသည်။ ယခုတစ်ပတ် ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်ထိ ဘုရင့်နောင်ဆန်ကုန်စည်ဒိုင်သို့ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၈၃၇၄၆ အိတ်ဝင်ရောက်ခဲ့ပြီး ရန်ကုန်မြို့ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)သို့ ဧရာဝတီတိုင်းဒေသကြီး နယ်စုံမှ ဆန်ဝင်ရောက်မှုမှာ စုစုပေါင်းအိတ်ရေ ၉၀၉၉၇ အိတ်ဝင်ရောက်ခဲ့သည်။

ယခုတစ်ပတ် ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်း)၏ ဩဂုတ် ၁၅ ရက်ဆန်စျေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း တစ်အိတ် ကျပ် ၆၀၀၀၀-၆၂၅၀၀၊ ပေါ်ဆန်းရှယ်စတစ်အိတ် ကျပ် ၃၈၀၀၀-၄၀၀၀၀၊ ရက်၉၀ တစ်အိတ် ကျပ် ၂၁၅၀၀-၂၂၀၀၀၊ သီးထပ်ရှယ်တစ်အိတ် ကျပ် ၂၀၀၀၀-၂၀၈၀၀ တို့ဖြစ်သည်။

ရွှေဘိုပေါ်ဆန်းဆန်စျေးနှုန်းမှာ ယခင်တစ်ပတ်ထက် တစ်အိတ် ကျပ် ၁၁၅၀၀-၆၀၀၀ စျေးမြင့်တက်လာပြီး ဆန်ကြမ်း ဖြစ်သည့် ရက် ၉၀ တစ်အိတ်လျှင် ကျပ် ၁၀၀၀-၅၀၀စျေးမြင့်တက်ကြောင်း ကုန်စည်ဒိုင်စျေးကွက်မှသိရသည်။ နယ်စုံ ပေါ်ဆန်း၊ ပေါ်ကျွဲ၊ ဧည့်မထတို့မှာ ယခင်တစ်ပတ်အတိုင်း စျေးနှုန်းပြောင်းလဲမှုမရှိဘဲ စျေးငြိမ်လျက် ပုံမှန်သာ အရောင်းအဝယ်ရှိကြောင်း သိရသည်။ **ချောစုမာ(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**



# ဆန်တန်ချိန် သုံးသောင်းကျော်တင်ပို့ပြီး အာရှနိုင်ငံများသို့ ပိုမိုတင်ပို့

ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ သီတင်းတစ်ပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှအမေရိကန်ဒေါ်လာတစ်သန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန်၄၅၀၀ ကျော်တင်ပို့ခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၃၆၀၀ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် တန်ချိန်၇၃၀ ကျော်နှင့် လွယ်ဂျယ် ကုန်သွယ်ရေးစခန်းမှ တန်ချိန် ၁၄၀ကျော်တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန်၃၀၀၀ ကျော်လျော့ကျခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်တွင် မူဆယ်နှင့်လွယ်ဂျယ်မှ ဆန်တင်ပို့မှု လျော့ကျခဲ့သောကြောင့်ဖြစ်သည်။ ယခုတစ်ပတ်လွယ်ဂျယ်မှ ဆန်ကွဲ ၂၇ တန်တင်ပို့ခဲ့သည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ကိုးသန်းကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၂၉၀၀၀ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ်ဆန်တင်ပို့မှုများမှာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၁၈၈၀ ကျော်၊ တရုတ်နိုင်ငံသို့တန်ချိန် ၆၅၀၀ ကျော်၊ ရုရှားနိုင်ငံသို့တန်ချိန် ၁၂၀၀ ကျော်၊ မလေးရှားနိုင်ငံသို့တန်ချိန်၁၈၀၀ ကျော်၊ အီးယူသို့ တန်ချိန် ၂၄၀၀၊ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၂၅၀၊ မက်ဒါဂါးစကားသို့တန်ချိန်၁၆၀၀ကျော်၊ ကင်မရွန်းသို့ တန်ချိန်၁၁၀၀ကျော်၊ မိုဇမ်ဘစ်သို့ တန်ချိန်၅၀၀၊ ဂီနီသို့ တန်ချိန် ၇၅၀ တင်ပို့ပြီး ဘီနင်နှင့် စင်ကာပူနိုင်ငံသို့လည်း တင်ပို့ခဲ့သည်။ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၅၅၀၀ ကျော်ပိုမိုတင်ပို့နိုင်ကြောင်းသိရသည်။ယခုတစ်ပတ်တွင်အာရှနိုင်ငံများသို့ပိုမိုတင်ပို့ခဲ့ကြောင်း စာရင်းများအရ သိရသည်။

ယခုတစ်ပတ်မှာ ရေကြောင်းမှ အမေရိကန်ဒေါ်လာ သုံးသန်းကျော်တန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၁၃၆၀၀ ကျော်တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုများမှာ အီးယူနိုင်ငံများသို့ တန်ချိန်၆၂၀၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန်၅၅၀၀၊ အိုင်ဗရီကိုစ့်သို့ တန်ချိန်၅၂၀၊ ဆီရာလီယွန်နီသို့တန်ချိန်၃၇၀ ကျော်၊ ဖိလစ်ပိုင်သို့တန်ချိန်၅၀၀၊ ဗီယက်နမ်သို့ တန်ချိန် ၃၇၀ ကျော်တင်ပို့ခဲ့ပြီး တရုတ်၊ စင်ကာပူနှင့် ဆီနီဂေါနိုင်ငံများသို့လည်း တင်ပို့ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန်၁၀၀၀၀ကျော်လျော့ကျခဲ့ကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းမှာဆန်တန်ချိန် ၃၄၀၀၀ ကျော်နှင့်ဆန်ကွဲတန်ချိန် ၁၃၆၀၀ ကျော်ဖြစ်ပြီး ယခင်တစ်ပတ်ထက် ဆန်ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။ **ယဉ်ယဉ်အေး**

# ဧရာဝတီတိုင်းဒေသကြီး ဆန်/စပါးစျေးကွက်၌ စျေးနှုန်းအနည်းငယ်ကျဆင်း

ဧရာဝတီတိုင်းဒေသကြီး ဆန်စပါးစျေးကွက်၌ မြို့နယ်အချို့ အရောင်းအဝယ်အေး၍ နွေဧည့်မထဆန်နှင့် ပေါ်ဆန်းစပါးစျေးအနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရသည်။

မအူပင်ခရိုင်အတွင်းရှိမအူပင်၊ ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်များတွင် ယခင် ဩဂုတ်လပထမပတ်တွင် ဧည့်မထနွေဆန်တစ်အိတ်ကိုကျပ် ၁၉၅၀၀ မှ ယခု ကျပ် ၁၉၀၀၀ ဖြစ်သွား၍ ဆန်တစ်အိတ်ကို ကျပ် ၅၀၀ စျေးနှုန်းကျဆင်းလျက်ရှိပြီး မအူပင်ခရိုင်တွင်း ရှိမြို့နယ်များသည် ရန်ကုန်စျေးကွက်နှင့်နီးကပ်မှုရှိပြီး ရန်ကုန်စျေးကွက် အရောင်းအဝယ်အေး သည့်အပေါ် ဧည့်မထနွေဆန်စျေး အနည်းငယ်ကျဆင်းရခြင်းဖြစ်သည်။ မြောင်းမြနှင့်မော်လမြိုင်ကျွန်းမြို့နယ်များတွင် ယခင် ပေါ်ဆန်းစပါး ၄၆ ပေါင်တင်း ၁၀၀ ကို ကျပ် ၉၂၅၀၀၀/ ၉၇၄၀၀၀ မှ ယခု ကျပ် ၉၂၀၀၀၀/၉၆၃၀၀၀ ဖြစ်သွား၍ စပါးတင်း ၁၀၀ ကို ကျပ် ၅၀၀၀ နှင့် ကျပ် ၁၀၀၀၀ ဝန်းကျင်စျေးနှုန်းကျဆင်းလျက်ရှိပြီး ကျန်သည့်မြို့နယ်များတွင် အရောင်း အဝယ် ပုံမှန်ရှိနေကြောင်း ဆန်စပါးစျေးကွက်မှသိရသည်။ **မင်းမင်းဦး (ပုသိမ်)**

# အာရှနိုင်ငံများမှ FOB ဆန်စျေးနှုန်းများ

၁၆-၈-၂၀၁၉ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၃၃ | ၄၂၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၀၃ | ၄၁၀ | △ | ၃၄၀ | ၃၄၀ | □ | ၄၀၀ | ၄၀၅ | △ | ၃၅၇ | ၃၅၇ | □ |
| ဆန်ဖြူ ၁၀% | ၄၀၂ | ၄၀၉ | △ | ၃၃၅ | ၃၃၅ | □ | - | - | - | ၃၅၂ | ၃၅၂ | □ |
| ဆန်ဖြူ ၁၅% | ၃၉၇ | ၄၀၄ | △ | ၃၃၀ | ၃၃၀ | □ | - | - | - | ၃၄၇ | ၃၄၇ | □ |
| ဆန်ဖြူ ၂၅% | ၃၉၀ | ၃၉၄ | △ | ၃၂၀ | ၃၂၀ | □ | ၃၆၀ | ၃၆၅ | △ | ၃၂၈ | ၃၂၈ | □ |
| ပေါင်းဆန် | ၄၃၀ | ၄၃၉ | △ | - | - | - | ၃၇၅ | ၃၇၅ | □ | ၃၉၃ | ၃၉၃ | □ |

*Source: liverice*

# ပြည်တွင်းမြို့ကြီးများ၏ (၁၆-၈-၂၀၁၉)ရက်နေ့ ဆန်၊ စပါးစျေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၅၀ | □ | ၂၂၀၀၀ | □ | ၉၂၀၀ | □ | ၄၂၀၀၀ | □ |
| ပုသိမ် | ၅၈၈၀ | △ | ၂၄၅၀၀ | □ | ၉၆၇၀ | □ | ၄၃၀၀၀ | □ |
| ပဲခူး | ၅၆၀၀ | □ | ၂၃၀၀၀ | □ | ၉၂၀၀ | □ | ၄၃၀၀၀ | □ |
| ရွှေဘို | ၅၅၀၀ | △ | ၂၃၀၀၀ | □ | ၁၇၀၀၀ | △ | ၅၂၀၀၀ | △ |
| စစ်တွေ | ၅၅၀၀ | □ | ၂၄၀၀၀ | □ | ၉၆၀၀ | □ | ၄၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၇၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၈၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၅၀ | □ | ၂၈၀၀၀ | □ | - | - | ၅၂၀၀၀ | □ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၀၀၀၀ | □ |
| မကွေး | ၇၅၀၀ | □ | ၂၅၀၀၀ | □ | - | - | ၅၆၀၀၀ | △ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၂၀၀၀ | □ | ၉၆၆၀ | □ | ၄၀၀၀၀ | □ |
| လှိုင်ကော် | ၉၇၁၀ | △ | ၄၆၀၀၀ | □ | - | - | ၆၇၀၀၀ | □ |
| မြိတ် | ၅၆၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၆၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | △ | ၂၃၅၀၀ | □ | - | - | ၄၈၅၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်စျေးမှာ နတ္တလင်းဆန်စျေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးစျေးမှာ သန်လျင် မြို့နယ်၏ စပါးစျေးနှုန်းဖြစ်ပါသည်။

၉-၈-၂၀၁၉ မှ ၁၅-၈-၂၀၁၉ ထိ Online CO Application မှ CO / Proudct Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 386 | 25 | - | - | - | 411 |
| | Form AANZ | 4 | - | - | - | - | 4 |
| | Form AHK | - | - | - | - | - | - |
| | Form AI | 209 | 18 | - | - | - | 227 |
| | Form CHINA | - | - | - | - | - | - |
| | Form AJ | 27 | 1 | - | - | - | 28 |
| | Form AK | 195 | 11 | - | - | - | 206 |
| | Form D | 171 | 13 | - | - | - | 184 |
| | Form DFTP | 8 | 1 | - | - | - | 9 |
| | Form E | 149 | 9 | - | - | - | 158 |
| | Form Korea | 12 | - | - | - | - | 12 |
| 2. | Product Card | - | - | - | - | - | - |
| 3. | Certified Exporter | - | - | - | - | - | - |
| | Total | 1161 | 78 | - | - | - | 1239 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၆-၈-၂၀၁၉ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၉/၈ | ၁၆/၈ | ပြောင်းလဲမှု | ၉/၈ | ၁၆/၈ | ပြောင်းလဲမှု | ၉/၈ | ၁၆/၈ | ပြောင်းလဲမှု | ၉/၈ | ၁၆/၈ | ပြောင်းလဲမှု |
| မတ်ပဲ | ၁၂၃၁ | ၁၂၆၇ | ▲ | ၁၃၀၀ | ၁၃၀၀ | ■ | ၁၃၀၀ | ၁၂၅၀ | ▼ | ၁၂၀၀ | ၁၂၀၀ | ■ |
| ပဲစင်းငုံ | ၁၄၇၈ | ၁၅၂၆ | ▲ | ၁၄၁၇ | ၁၅၈၃ | ▲ | ၁၅၂၅ | ၁၄၆၅ | ▼ | ၁၅၀၀ | ၁၅၀၀ | ■ |
| ပဲတီစိမ်း | ၁၈၀၀ | ၁၈၀၀ | ■ | ၁၇၇၈ | ၁၇၇၈ | ■ | ၁၆၈၄ | ၁၇၁၁ | ▲ | ၁၇၉၀ | ၁၇၄၀ | ▼ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၇၅၀ | ▼ | ၁၃၉၇ | ၁၄၁၅ | ▲ | ၁၄၀၀ | ၁၄၁၁ | ▲ | ၁၃၉၅ | ၁၄၀၅ | ▲ |
| ပဲလွန်းဖြူ | ၁၁၃၀ | ၁၁၁၅ | ▼ | ၁၂၀၀ | ၁၂၀၀ | ■ | ၁၀၀၀ | ၁၀၀၀ | ■ | ၁၁၆၀ | ၁၁၆၀ | ■ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၇၇၈ | ၁၈၆၇ | ▲ | ၁၅၇၉ | ၁၅၇၉ | ■ | ၁၇၃၅ | ၁၇၄၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် (၃၊၈၊၁၉)ထိ | ယခုတစ်ပတ် (၁၀၊၈၊၁၉)ထိ | (၁၊၁၊၁၉) မှ (၁၀၊၈၊၁၉) ထိ |
| မတ်ပဲ | ၂၁၇၀၃၀ | ၁၇၆၀၇ | ၂၃၄၆၃၇ |
| ပဲတီစိမ်း | ၁၆၅၆၉၇ | ၃၈၁၃ | ၁၆၉၅၁၀ |
| ပဲစင်းငုံ | ၆၆၅၃၇ | ၈၆၈၅ | ၇၅၂၂၂ |
| ကုလားပဲ | ၄၇၅၇၅ | ၁၀၄ | ၄၇၆၇၉ |
| ပဲလွန်းဖြူ | ၃၀၇၅၇ | ၃၂၂ | ၃၁၀၇၉ |
| မြေထောက်ပဲ | ၈၃၆၇ | ၁၈၁ | ၈၅၄၈ |

## ပြည်ပဲတီစိမ်းဈေး အနည်းငယ်မြင့်တက်

ပြည်ပဲဈေးကွက်သို့ မိုးပဲတီစိမ်းသစ်များ အဝင်ဆက်တိုက်ရှိနေခဲ့ပြီး ပန်းတောင်း၊ကံမ၊ ပေါင်းတလ ည်၊ ပေါက်ခေါင်းမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခဲ့၍ အိတ် ၂၀၀/၃၀၀ ကျော်အထိ ဝင်ရောက်မှုရှိခဲ့ကြသည်။ အရောင်းအဝယ်ဖြစ်မှုအခြေအနေမှာလည်း ရန်ကုန်ရော မန္တလေးဝယ်လက်သမားများပါ ဝယ်လိုအားရှိနေသည့်အတွက် ဝင်ရောက်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့ကြကာ ပဲဈေးမှာတစ်တင်း ကျပ် ၃၄၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက်ဈေး အနည်းငယ်ပိုရလာခဲ့သည်။

ပဲတီစိမ်းသီးနှံသည် ဈေးကောင်းရသည့်သီးနှံထဲပါဝင်နေပြီး ယခင်နှစ်က မတ်ပဲ၊ ပဲစင်းငုံသီးနှံများ ဈေးအေးနေချိန်မှာပင် ပဲတီစိမ်းဈေးက တစ်တင်းကျပ် ၂၇၀၀၀ ခန့် ရရှိခဲ့ကြောင်းသိရသည်။ **ခင်ဆွေဝင်း(ပြည်)**

## သဇင်မြေကုန်သွယ်မှုဗဟိုဌာန၏ ကုန်သွယ်မှုအခြေအနေ

ဩဂုတ် ၃ ရက်မှ ၉ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငွှား(အရှင်) အရေအတွက် ၃၀၀ တင်ပို့ခဲ့ပြီး ဒေါ်လာ ၃၆၀၀၀၀ ဖိုး တင်ပို့ခဲ့သည်။

ယခင်တစ်ပတ် ဇူလိုင် ၂၇ရက်မှ ဩဂုတ်၂ ရက်အထိ ငွှား(အရှင်) အရေအတွက် ၁၀၀ KG တင်ပို့ခဲ့ပြီး ဒေါ်လာ ၁၂၀၀၀၀ ဖိုးတင်ပို့ခဲ့သည်ဟု သိရှိရသည်။ ယခင်တစ်ပတ်ထက် ယခုတစ်ပတ်တွင် ငွှား(အရှင်)အရေအတွက် ၂၀၀ ပိုမိုတင်ပို့ခဲ့ပြီး ဒေါ်လာ ၂၄၀၀၀၀ အထိ တင်ပို့နိုင်ခဲ့ကြောင်းသိရှိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် ငွှား(အရှင်)နှင့် ငါးမြစ်ချင်းတို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၀၇၃၂၈ တင်ပို့ခဲ့ကြောင်းသတင်းရရှိသည်။

ဩဂုတ် ၅ရက်မှ ၉ရက်အထိ ရခိုင်ပြည်နယ်၊ ဆန်၊ စပါးဈေးကွက်အခြေအနေမှာအရောင်းအဝယ်အေးပြီး ဈေးနှုန်းအနည်းငယ်ပြောင်းလဲခဲ့ကြောင်း သိရသည်။ ဧည့်မထဆန် တင်း၁၀၀ကို ကျပ် ၅၂၀၀၀၀ ဖြစ်ပြီး တစ်အိတ်ကို ကျပ် ၂၄၀၀၀ ရှိကြောင်း သိရသည်။

**နီလာ(သဇင်မြေကုန်သွယ်မှုဗဟိုဌာန)**

## တည်းကုန်းဈေး၌ ရက်သတ္တပတ်အတွင်းရောင်းချနေသော ကုန်ဈေးနှုန်းအခြေအနေ

အင်းစိန်မြို့နယ်ရှိ တည်းကုန်းလက်ကားဈေးကြီးအတွင်းသို့ ဩဂုတ် ၅ ရက်မှ ၁၁ ရက်အတွင်း ညောင် တုန်း၊ မှော်ဘီ၊ သာရဝေါ၊ ညောင်နှစ်ပင်ကျေးရွာ၊ ကြာကန်စုကျေးရွာ၊ နေပြည်တော် တပ်ကုန်း၊ ရွှေဒါး၊ မင်္ဂလာဒုံ၊ အင်းစိန်၊ ခရမ်း၊ သုံးခွနှင့်ရှမ်းပြည်နယ်တို့မှ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်များ အများဆုံး ဝင်ရောက်ရောင်းချနေကြောင်း သိရသည်။

ထိုသို့ဝင်ရောက်ရာတွင် ယခုရက်သတ္တပတ်အတွင်း ခရမ်းချဉ်သီးထိုင်ဝမ် (ပိဿာ)ကျပ် ၆၇၀ မှ ၁၀၀၀ အတွင်း၊ ဂေါ်ဖီထုပ် (တစ်ထုပ်)ကျပ် ၂၀၀ မှ ၄၀၀ အတွင်း၊ ပန်းဂေါ်ဖီ (တစ်ထုပ်)ကျပ် ၃၅၀ မှ ၆၀၀ အတွင်း၊ အာလူး(ပိဿာ) ကျပ် ၉၀၀၊ မုန်လာဥနီ (ပိဿာ) ကျပ် ၁၈၀၀ မှ ၂၀၀၀ အတွင်း၊ ရွှေဖရုံသီး(လုံး) ကျပ် ၇၀၀ မှ ၃၀၀၀ အတွင်း၊ ဘူးသီး (လုံး) ကျပ် ၄၀၀ မှ ၁၃၀၀ အတွင်း၊ မုန်ညှင်း(ထုပ်) ကျပ် ၁၀၀၀ မှ ၁၂၀၀ အတွင်း၊ ကြက်သွန်နီ(ဆိပ်ဖြူ) (ပိဿာ) ကျပ် ၉၀၀၊ ကြက်သွန်ဖြူ(ရှမ်း) (ပိဿာ) ကျပ် ၂၂၀၀၊ ကြက်သွန်ဖြူ (ကြူကုတ်) (ပိဿာ) ကျပ် ၃၃၀၀ မှ ၃၅၀၀ အတွင်း၊ ချင်း (ပိဿာ)ကျပ် ၃၀၀၀၊ ဆလတ်ရွက် (စီး) ကျပ် ၁၀၀၊ ရုံးပတီသီး (တောင့်) ၅ ကျပ်မှ ၁၂ အတွင်း၊ ကန်စွန်းရွက်(တရုတ်) (စီး) ကျပ် ၁၅၀ မှ ၃၀၀ အတွင်း၊ ချဉ်ပေါင်ရွက်(စီး)ကျပ် ၄၀ မှ ၁၀၀အတွင်း၊ ခရမ်းသီး (ရှည်)(လုံး) ကျပ် ၁၀၀ မှ ၂၀၀အတွင်း၊ သံပရာသီး (လုံး)ကျပ် ၂၀ မှ ၁၂၀ အတွင်း၊ ပဲသီး (စီး) ကျပ်၅၀ မှ ၂၀၀ အတွင်း၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) (ပိဿာ) ကျပ် ၁၀၀၀ မှ ၁၄၀၀ အတွင်း၊ နာနတ်သီး (လုံး) ကျပ် ၃၀၀ မှ ၄၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/သေး) တစ်တောင်းကျပ် ၁၀၀၀၀ မှ ၁၂၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ /လတ်) တစ်တောင်းကျပ် ၁၃၀၀၀ မှ ၁၅၀၀၀ အတွင်း၊ သရက်သီးမှည့် (ရင်ကွဲ/ကြီး) တစ်တောင်း ကျပ် ၁၅၀၀၀ မှ ၁၇၀၀၀ အတွင်း ဈေးအသီးသီးရှိကြောင်းသိရသည်။

ယခုရက်သတ္တပတ် အတွင်း ရွှေဖရုံသီး၊ ဘူးသီး၊ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ သံပရာသီး၊ ငရုတ်သီးစိမ်း (ကျောက်စိမ်း) တို့မှာ အနည်းငယ်ဈေးတက်နေပြီး ဂေါ်ဖီထုပ်ဈေးကျနေခဲ့ကြောင်း သိရသည်။

**ခိုင်ရွှေ(ရန်ကုန်)**

## ပခုက္ကူနှင့်ရေစကြို ကုန်စည်ဒိုင်တို့တွင် ပဲမျိုးစုံအရောင်းအဝယ်ဖြစ်နေ



ယခုတစ်ပတ်ပခုက္ကူကုန်စည်ဒိုင်တွင် ၂၀၁၉ ခုနှစ်ထွက် ပဲစင်းငုံနီအသစ် တစ်တင်းလျှင် ကျပ် ၃၁၅၀၀ ဖြင့် အိတ် ၅၀၊ ၂၀၁၈ ခုနှစ်ထွက် ပဲစင်းငုံနီ (အဟောင်း)တစ်တင်းလျှင် ကျပ် ၂၈၀၀၀ ဖြင့် အိတ် ၁၀၀၊ ၂၀၁၇ ခုနှစ်ထွက် ပဲစင်းငုံနီ (အဟောင်း) တစ်တင်းလျှင် ကျပ် ၂၈၅၀၀ဖြင့်အိတ် ၅၀၊ကုလားပဲဖြူလုံးကြီး ကျပ် ၂၆၅၀၀ ဖြင့် အိတ် ၅၀၊ ကုလားပဲဝါလုံးကြီးတစ်တင်းလျှင် ကျပ် ၂၇၀၀၀ ဖြင့် အိတ် ၅၀၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၁၈၆၀၀ ဖြင့် အိတ် ၁၅၀၊ စွန်တာနီ (ကျွန်း) တစ်တင်းလျှင် ကျပ် ၁၉၆၀၀ ဖြင့် အိတ် ၅၀၊ ပဲတီစိမ်းကြီး တစ်တင်းလျှင် ကျပ် ၃၂၅၀၀ မှ ၃၃၀၀၀ အိတ် ၇၀၊ ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ်၁၀၀၊ နှမ်းညိုတစ်တင်းလျှင် ကျပ် ၅၁၅၀၀ ဖြင့် အိတ် ၅၀၊ နှမ်းနက်(ငွ) တစ်တင်းလျှင် ကျပ် ၆၃၅၀၀ ဖြင့် အိတ် ၅၀၊ နှမ်းနက် (စမုံ)တစ်တင်းလျှင် ကျပ် ၉၃၀၀၀ ဖြင့် အိတ် ၅၀ ဥပုသ်နေ့မှလွဲ၍ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲနီလုံးဆန် တစ်ပိဿာလျှင် ကျပ် ၄၀၀၀၊ ကျွန်းမြေပဲနီလုံးဆန်တစ်ပိဿာလျှင် ကျပ် ၃၇၀၀ မှ ၃၈၀၀၊ စွန်တာနီ တစ်တင်းလျှင် ကျပ် ၁၈၅၀၀ ကျပ်၊ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၈၃၀၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၁၈၀၀၀ မှ ၁၈၅၀၀ ကျပ်၊ ပဲပုပ် တစ်တင်းလျှင် ကျပ်၁၉၀၀၀၊ ပြောင်းဖူးစေ့တစ်တင်းလျှင်ကျပ် ၇၈၀၀ ပေါက်ဈေးဖြင့် အရောင်းအဝယ် အနည်းငယ်သာဖြစ်လျက်ရှိသည်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## ပြည်မတ်ပဲဈေး ရန်ကုန်ဝယ်လက်အပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်

ပြည်ပဲမျိုးစုံဈေးကွက်၌ ယခုတစ်ပတ်ပဲဈေးအချို့ဈေးပြန်မြင့်လာခဲ့သည်ကိုတွေ့ရသည်။ မတ်ပဲသီးနှံသည်လည်း ယခင်တစ်ပတ်များက ဈေးလျှော့ရောင်းဝယ်နေခဲ့ရာမှ ယခုတစ်ပတ်မှာဈေးအနည်းငယ်ပြန်တက်လာ၍ တစ်တင်း ကျပ် ၂၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေခဲ့ကြောင်း သိရသည်။ ပဲဝင်ရောက်မှုအနေဖြင့် တစ်ခါတစ်ရံအိတ်အနည်းငယ်ရှိပြီး လက်ကျန်ပဲများရှိနေသည့်အတွက် အိတ် ၂၀၀ ကျော် အရောင်းအဝယ် ဖြစ်သည့်ရက်တွင် ရောင်းချမှုရှိကာ ဝယ်လက်မှာ ရန်ကုန်ဝယ်လက်သမား အဓိကထားဝယ်ယူခဲ့ကြသည်။ ယခုလအတွင်း မတ်ပဲသီးနှံဈေးမှာတစ်တင်း ကျပ် ၂၅၅၀၀ ဖြင့် ရောင်းဝယ်ခဲ့ကြသည့်အတွက် ယခင်နှစ်၏ ဈေးထက်ဈေးပိုရခဲ့သည်။ ယခင်နှစ်က ကာလတူအချိန် မတ်ပဲသီးနှံပေါက်ဈေးမှာ တစ်တင်း ကျပ် ၁၄၀၀၀ ခန့်သာ ရရှိခဲ့ကြောင်းသိရသည်။

**ခင်ဆွေဝင်း**

## ပြည်ဈေးကွက်တွင် နှမ်းနီနှင့် စမုံနက်နှမ်းဈေးပြန်မြင့်လာပြီး နှမ်းနက်ဈေး ပြန်ကျလာ

ပဲခူးတိုင်းဒေသကြီး ပြည်ဈေးကွက်တွင် ယခုတစ်ပတ်နှမ်းနီနှင့်စမုံနက်နှမ်းဈေး ပြန်မြင့်လာပြီး နှမ်းနက်ဈေးမှာပြန်ကျလာသည်ကိုတွေ့ရသည်။ မန္တလေးဝယ်လက်များက စမုံနက်နှမ်းကို အဝယ်ရှိ၍ ဈေးမြင့်လာသကဲ့သို့ ဆီစက်လုပ်ငန်းရှင်များကလည်း နှမ်းနီကို အဝယ်ရှိသောကြောင့် ဈေးပြန်မြင့်လာခြင်းဖြစ်သည်။ နှမ်းနက်ကို ဝယ်လိုအားရှိပေမယ့် အဝယ်နည်းသွားတဲ့အတွက်ဈေးအနည်းငယ်ပြန်ကျလာတာတွေ့ရပါသည်။

ယခုတစ်ပတ်နှမ်းဈေးသည် ယခင်နှစ်ကာလတူဈေးနှင့်နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ယခင်နှစ်ကာလတူအချိန်တွင် နှမ်းနီဈေးမှာတစ်တင်းလျှင် ကျပ် ၄၁၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၄၁၆၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၄၈၀၀၀ ဖြစ်ခဲ့သည်။ ယခုတစ်ပတ်နှမ်းဈေးများမှာနှမ်းနီတစ်တင်းလျှင် ကျပ် ၅၃၀၀၀ ၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၇၃၀၀၀ နှင့် စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၈၈၀၀၀ ဖြင့် ကာလတူ ယခင်နှစ်ဈေးနှင့်နှိုင်းယှဉ်လျှင် ယခုနှစ်မှာ ဈေးမြင့်လာသည်ကို တွေ့ရသည်။

**ဝေဝေမင်း(ပြည်)**

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု(၅)

**မြန်မာနိုင်ငံ၏ ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်ဆောင်ရွက်ခဲ့မှုအတွေ့အကြုံများ**

မြန်မာနိုင်ငံ၏ ပထမအကြိမ် ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်းဆိုင်ရာ အပြီးသတ် အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးချုပ်တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ အဆိုပါ အစည်းအဝေးအောင်မြင်စွာကျင်းပနိုင်ရေး ကနဦးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းမှစတင်ကာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်၍ ကုန်သွယ်မှုနှင့်ဆက်နွှယ်လျက်ရှိသည့်ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများအား ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းနှင့် ပတ်သက်သည့် အသိပညာဖြန့်ဝေသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်သည့်ဌာနမှ ကျွမ်းကျင်သူများ ဖိတ်ကြား၍ ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစဉ်များ၊ ကုန်သွယ်မှုမူဝါဒဆန်းစစ်မှုတွင် ထည့်သွင်းဖော်ပြလိုသည့် အချက်များကို ညှိနှိုင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများကို ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးပွဲများကို အကြိမ်ကြိမ်ကျင်းပခြင်းတို့ကို အချိန်ဇယား သတ်မှတ်၍ ညှိနှိုင်းဆောင်ရွက်ခဲ့ကြသည်။ ပထမအကြိမ်ဆောင်ရွက်ခြင်း ဖြစ်၍ ပုံမှန်အားဖြင့် တစ်နှစ်ကြာဆောင်ရွက်သည့်လုပ်ငန်းစဉ်အား အချိန်ကာလအားဖြင့် ခြောက်လခန့် ပိုမိုအချိန်ယူကာ ဆောင်ရွက်ခဲ့ရသည်။

ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ရာတွင် အဓိကကျသော အတွင်းရေးမှူး၏ အစီရင်ခံစာပြုစုနိုင်ရေးအတွက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးက လိုအပ်သော အချက်အလက်များကို တောင်းခံသည့် မေးခွန်းပုံစံမေးမြန်းချက် ၂၈၃ ခုကို ကနဦး ပေးပို့လာသည်။ ၎င်းတို့အား သက်ဆိုင်ရာဌာနများသို့ ပေးပို့ကာ အချက်အလက်များတောင်းခံခြင်း၊ ဖြေကြားစေခြင်း၊ စနစ်တကျရှိစေရေးနှင့် ပိုမိုပြည့်စုံမှန်ကန်စေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာအသီးသီးနှင့် အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခြင်း၊ ၎င်းအပြင် အာရှဖွံ့ဖြိုးမှုဘဏ် (Asia Development Bank)၏ ပံ့ပိုးကူညီမှုဖြင့် ငှားရမ်းခဲ့သော ကျွမ်းကျင်ပညာရှင်၏ အကြံပြုချက်များကို ရယူကာ လိုအပ်သော အချက်အလက်များနှင့်စာရင်းဇယားများအတွက် အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြင်ဆင်ခဲ့သည်။ ထို့နောက် တောင်းခံထားသော အချက်အလက်များကို အတွင်းရေးမှူးရုံး၏ အစီရင်ခံစာ(မူကြမ်း) ပြုစုနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးသို့ စနစ်တကျပေးပို့ခဲ့သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏အတွင်းရေးမှူးရုံးက ပြုစုပေးပို့လာသည့် အတွင်းရေးမှူးရုံး၏အစီရင်ခံစာ (မူကြမ်း) များကို ဌာနဆိုင်ရာများသို့ သဘောထားမှတ်ချက်များ တောင်း ခံခြင်း၊ သက်ဆိုင်ရာဌာန များ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကျွမ်းကျင်ပညာရှင်များနှင့် စိစစ်ဆွေးနွေးညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် အပြီးသတ်မူကြမ်းကို ပြုစုရေးဆွဲနိုင်ခဲ့သည်။ ဆက်လက်၍အစိုးရ၏ အစီရင်ခံစာအား ရေးသားပြုစုနိုင်ရေးအတွက် ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကာ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အစီရင်ခံစာတွင် ထည့်သွင်းလိုသည့် အကြောင်းအရာနှင့် အချက်အလက်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ အဆိုပါ အစီရင်ခံစာပြုစုနိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ငှားရမ်းခဲ့သော ကျွမ်းကျင်ပညာရှင်အပါအဝင် ဝန်ကြီးဌာန၏ဘာသာရပ်ဆိုင်ရာ တာဝန်ခံများမှ သက်ဆိုင်ရာအပိုင်းအလိုက်တာဝန်ယူကာ အစီရင်ခံစာ (မူကြမ်း)ကို ရေးသားပြုစုခဲ့ပြီးနောက် အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြ၍ အတည်ပြုချက်ရယူခဲ့သည်။

အစီရင်ခံစာနှစ်စောင်အား အပြီးသတ်ပြုစုပြီးသည့်နောက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်တွင် အင်္ဂလိပ်ဘာသာ၊ စပိန်ဘာသာနှင့် ပြင်သစ်ဘာသာတို့သို့ ပြန်ဆို၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ ၁၅၉နိုင်ငံသို့ ဖြန့်ဝေခဲ့သည်။ အဆိုပါဖြန့်ဝေခဲ့သည့် အစီရင်ခံစာများအပေါ် အဖွဲ့ဝင်နိုင်ငံများက လေ့လာဖတ်ရှုပြီးနောက် အဖွဲ့ဝင်နိုင်ငံ ၁၆ နိုင်ငံမှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၁၉ ရက်အတွင်း မေးခွန်း ၁၉၇ ခုကို မေးမြန်းပေးပို့လာသည်။ ပေးပို့လာသည့် မေးခွန်းများကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ဖြေကြားစေပြီး ရရှိလာသည့် ဖြေကြားချက်များအပေါ် ပြန်လည်လေ့လာစိစစ်ကာ ပြည့်စုံ၍ စနစ်ကျသည့်အဖြေလွှာများ ဖြစ်စေရန်အတွက် ဌာနဆိုင်ရာအသီးသီးနှင့်ပြန်လည်ညှိနှိုင်းဖြေကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မတ် ၁၁ ရက်မှ ၁၃ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးချုပ်တွင် မြန်မာနိုင်ငံ၏ပထမအကြိမ်ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်းအစည်းအဝေးကို တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများမှ မေးခွန်း ၆၇ ခုကို ထပ်မံပေးပို့ခဲ့ရာ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆွေးနွေးကာ ပြန်လည်ဖြေကြားပေးပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံ၏ ပထမအကြိမ်ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းအစည်းအဝေး၏ သဘာပတိအဖြစ် ဆွီဒင်နိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ သံအမတ်ကြီးဖြစ်သူ H.E. Mr. Joakim Reiter က ဆောင်ရွက်ပြီး အစည်းအဝေး၏ Discussant အဖြစ် ဩစတြေးလျနိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ သံအမတ်ကြီးဖြစ်သူ H.E. Mr. Hamish McCormick တို့က ဆောင်ရွက်ကြသည်။ အဆိုပါ အစည်းအဝေးသို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ H.E. Mr. Yonov Frederick Agah နှင့် Trade Policy Review ဌာနမှတာဝန်ရှိသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။

**ပထမအကြိမ်ကုန်သွယ်မှုမူဝါဒလေ့လာဆန်းစစ်ခြင်းလုပ်ငန်းစဉ် ပြီးဆုံးပြီးနောက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နောက်ဆက်တွဲလုပ်ငန်းများ**

မြန်မာနိုင်ငံ၏ ပထမအကြိမ်ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အစည်းအဝေးသဘာပတိ၏ နိဂုံးချုပ်အကြံပြုချက်များတွင် မြန်မာနိုင်ငံအနေဖြင့် အောက်ဖော်ပြပါကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် ဆက်လက်ဆောင်ရွက်စေလိုကြောင်း ဖော်ပြပါရှိပါသည်-

(က) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပတ်ဝန်းကျင် (Foreign Investment and Business environment)

(ခ)အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အကောက်ခွန်တန်ဖိုးဖြတ်ခြင်းနှင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး (Customs procedures, customs valuation and trade facilitation)

(ဂ)အကောက်ခွန်နှုန်းထားများနှင့် အခြားအခွန်အခများ ( Tariffs and other taxes)

(ဃ)နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတွင် အစိုးရပိုင်းမှ ပါဝင်ဆောင်ရွက်မှု (State-owned economic enterprises (SEEs) and state involvement in the economy)

(င)လယ်ယာစိုက်ပျိုးရေးနှင့်အပင်၊ တိရစ္ဆာန်ပိုးမွှားကင်းစင်ရေး (Agriculture and Sanitary and phytosanitary measures)

(စ)ဝန်ဆောင်မှုဆိုင်ရာ ကိစ္စရပ်များ( Services)

အထက်ဖော်ပြပါ အကြံပြုချက်များအား လိုအပ်သလို လိုက်ပါ ဆောင်ရွက်နိုင်ရေးအတွက် ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်သည့် လုပ်ငန်းစဉ်ပြီးဆုံးပြီးနောက် နောက်ဆက်တွဲလုပ်ငန်းစဉ်များအနေဖြင့် TPR Follow Up Workshop ကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ TPR Regional Roundtable Workshop ကို ၂၀၁၇ခုနှစ်တွင်လည်းကောင်း၊ TPR Related Workshop ကို ၂၀၁၈ခုနှစ်တွင်လည်းကောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးဆောင်ကာ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များအား ဖိတ်ခေါ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

ယင်းသို့နောက်ဆက်တွဲလုပ်ငန်းစဉ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကိုအကြိမ်ကြိမ်ကျင်းပခဲ့ခြင်းအားဖြင့် ကုန်သွယ်မှုနှင့်ဆိုင်သောမူဝါဒများ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ ပြောင်းလဲဖြစ်ပေါ် တိုးတက်မှုများဆက်လက်ပြုလုပ်သွားနိုင်ရေးအား များစွာ အထောက်အကူပြုစေခဲ့ပြီး ကဏ္ဍအလိုက်လိုအပ်ချက်များကိုလည်းပိုမိုသိရှိနားလည်စေခဲ့သည်။

**စာမျက်နှာ (၂၄)သို့**

## မြန်မာ့ဆိပ်ကမ်းတွင် ၁၉.၈ . ၂၀၁၉ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆီဆိပ်ကမ်း | - MT VIET STAR | P.Oil (In Bulk) ၄၇၅၀ ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၁) | - PACAO | TEU784တင်TEU582ချဆဲ |
| ထီးတန်းဆိပ်ကမ်း(၂) | - ALS SUZURAN | TEU440တင်TEU423ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်း(၁) | - SINAR SOLO | TEU915တင်TEU619ချဆဲ |
| အလုံဆိပ်ကမ်း(၁) | - ALEA | ဆန်တန်ချိန် ၂၂၀၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၁) | - PHC BONANZA | ဆန်တန် ၆၈၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၂) | - LIMCO MARU | ဆန်တန် ၃၈၀၀ တင်ဆဲ |
| ဆူးလေဆိပ်ကမ်း(၅) | - COSMIC TIGER | Vehicle &Steel Rail ၄၀၁၁ ချဆဲ |
| သီလဝါဆိပ်ကမ်း(၃) | - ISTORYA | Steel Rail&Steel Coil ၅၉၇၄ တင်ဆဲ |
| သီလဝါဆိပ်ကမ်း(၅) | - KAI XUAN-9 | Steel Product ၂၁၁၄၆ တင်ဆဲ |
| သီလဝါဆိပ်ကမ်းသစ် (၁) | - CSC REN HAI(F) | EQUIPMENT ၄၈၀ ချဆဲ |
| သီလဝါဆိပ်ကမ်းသစ် (၂) | - PVT.HN | Urea (In Bags) ၁၉၉၀၅ ချဆဲ |
| MMTM JETTY | - MT.OCEAN MANTA ALONGSIDE(F) | MOGAS (92 RON) ၁၀၉၈၀ ချဆဲ |
| ELITE JETTY | - MT.SENNA-3 ALONGSIDE(F) | LPG GAS ၁၇၆၁ ချဆဲ |
| REGENCY SPC JETTY | - MT.DENKO BRIGHT ALONGSIDE(F) | DIESEL OIL ၁၀၉၉၂ ချဆဲ |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| ENDEAVOUR STARIT | Steel & Fertilizer ၂၇၆၁၉ ချရန် | MITT | ၁၆.၈.၂၀၁၉ |
| LADY LILLY | Wheat ( In Bulk) ၂၀၀၀၀ ချရန် | IBTT | ၁၆.၈.၂၀၁၉ |
| MODERN LINK | Unite Vehicle (RO/RO) ၇၆၉ ချရန် | JAPAN | ၁၇.၈.၂၀၁၉ |
| HANTHAR | Steel Bar ၅၁၇၀ ချရန် | INDIA | ၁၇.၈.၂၀၁၉ |
| KENG TUNG | Steel Bar ၁၀၅၀၀ ချရန် | IRAN | ၂၂.၈.၂၀၁၉ |
| TRAMON TANA | Steel Product ၂၃၅၇၄ ချရန် | UAE | ၂၂.၈.၂၀၁၉ |
| APUANAD | Clinker(In Bulk), ၂၅၀၀၀ ချရန် | MALAYSIA | ၂၆.၈.၂၀၁၉ |
| TAI YUAN | Coal(In Bulk) , ၃၁၀၀၀ ချရန် | S'AFRICA | ၂၈.၈.၂၀၁၉ |
| HAI YI | Vehicle & G/C, ၂၄၅ ချရန | CHINA | ၂၈.၈.၂၀၁၉ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| OCEAN PROBE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၈.၂၀၁၉ |
| PRESIDIO | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၁၆.၈.၂၀၁၉ |
| PACITA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၈.၂၀၁၉ |
| UNI ANGEL | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၇.၈.၂၀၁၉ |
| GSS YANGON | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၈.၂၀၁၉ |
| ISEACO GENESIS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၈.၈.၂၀၁၉ |
| AREZOO | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၈.၈.၂၀၁၉ |
| DANU BHUM | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၈.၈.၂၀၁၉ |
| CHERRY VESTA | SINGAPORE | အလုံဆိပ်ကမ်း | ၁၈.၈.၂၀၁၉ |
| BL PL BLESSING | SINGAPORE | အလုံဆိပ်ကမ်း | ၁၉.၈.၂၀၁၉ |
| ALS SUMIRE | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၁၉.၈.၂၀၁၉ |
| LILY QUEEN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၈.၂၀၁၉ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၁.၈.၂၀၁၉ |
| ISEACO FORTUNE | SINGAPORE | စက်မှု /သီလဝါဆိပ်ကမ်း | ၂၂.၈.၂၀၁၉ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.OCEAN GLORY | Diesel Oil | MMTM JETTY | ၁၆.၈.၂၀၁၉ |
| MT.OCEAN SEAL | MOGAS (92Ron) | ELITE JETTY | ၁၆.၈.၂၀၁၉ |
| MT.YU HAI | MOGAS (92Ron) | SINGAPORE | ၁၆.၈.၂၀၁၉ |
| MT.CHAO ANOMA | P.Oil(In Bulk) | INDONESIA | ၁၆.၈.၂၀၁၉ |
| MT.AU GEMENI | P.Oil(In Bulk) | INDONESIA | ၁၆.၈.၂၀၁၉ |
| MT.SKLINE-1 | P.Oil(In Bulk) | INDONESIA | ၁၉.၈.၂၀၁၉ |
| MT.OCEAN EEL | Jet A.1 | SINGAPORE | ၁၉.၈.၂၀၁၉ |
| MT.VL 21 | P.Oil(In Bulk) | INDONESIA | ၂၀.၈.၂၀၁၉ |
| MT.POLE STAR | P.Oil(In Bulk) | INDONESIA | ၂၂.၈.၂၀၁၉ |
| MT.PRIMROSE | P.Oil(In Bulk) | INDONESIA | ၂၅.၈.၂၀၁၉ |
| MT.MESON | P.Oil(In Bulk) | INDONESIA | ၃၀.၈.၂၀၁၉ |

ကြက်သွန်

# ပြည်ကြက်သွန်နီ ဈေးကွက်အတွင်း ဝယ်လိုအားနည်း

ယခုတစ်ပတ် ပြည်ကြက်သွန်နီဈေးကွက်သို့ ပခုက္ကူ ဆိပ်ဖြူ ကျောက်ပန်းတောင်း စသည့် နယ်ဘက်မှ အရည်အသွေးကောင်း ကြက်သွန်နီများ ပိဿာ ၃၀ ဝင်အိတ် ၃၀၀-၃၅၀ခန့် နေ့စဉ်ဝင်ရောက်မှုရှိနေကြောင်းသိရသည်။ ဝင်ရောက်မှု ပုံမှန်ရှိသော်လည်း ပြည်ဈေးကွက်အတွင်း မိုးရာသီကာလ စိုစွတ်မှုများနေသည့်အချိန်ဖြစ်သည့်အတွက် ဝယ်လိုအားနည်းကြောင်းသိရသည်။

နယ်အိတ်ဆွဲသမားများ ဒေသတွင်းဝယ်လက်သမားများနှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့သို့ နယ်ကျော်အနည်းငယ် တင်ပို့မှုအပါအဝင် ဝင်ရောက်မှု၏ ထက်ဝက်ခန့်သာ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။ ဈေးနှုန်းများအနေဖြင့် ပြည်ပွဲရုံ များတွင် (ကြီး/လတ်/သေး) တစ်ပိဿာကိုကျပ် ၉၅၀/၉၀၀-၈၅၀/၈၀၀-၇၀၀ နှုန်းတို့ရှိပြီး လက်လီဈေးအသေးများတွင် တစ်ပိဿာကို ကျပ် ၁၁၀၀/၁၀၀၀/၉၀၀-၈၀၀ စသည့် ဈေးနှုန်းများဖြင့် ရောင်းဝယ်မှုရှိနေကြောင်း သိရသည်။

**ဝင်းလဲ့ဝါ (ပြည်)**

# မူဆယ်ဈေးကွက်၌ ကြက်သွန်နီ ဈေးငြိမ်လျက်ရှိ

မူဆယ်မှ တရုတ်နယ်စပ်သို့ ကြက်သွန်နီ တင်ပို့မှုမှာ ဩဂုတ် ၇ ရက်မှ ၁၃ ရက်အထိ ကြက်သွန် နီတင်ပို့တန်ချိန်မှာ ၁၈၆၄ ဒသမ ၇၅ တန်၊ တစ်တန်ဈေးမှာယွမ် ၁၈၆၀ ဖြစ်ပြီး မြန်မာကျပ်ငွေအနေဖြင့် ကျပ် ၄၀၀၀၀၀၊ တစ်ပိဿာဈေးအနေဖြင့် ၂ ဒသမ ၉ ယွမ်၊ မြန်မာငွေကျပ် ၆၄၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ကြက်သွန်နီဈေးမှာ မတ်လတွင် တစ်ပိဿာ ကျပ် ၄၀၀ ဝန်းကျင်၊ မတ်လကုန်တွင် ကျပ် ၅၀၀ ဝန်းကျင်ဧပြီလနှင့် မေလတွင် ကျပ် ၄၅၀ ဝန်းကျင်ဖြင့်ရောင်းခဲ့ရပြီး ဇွန်လ ဒုတိယပတ်တွင် ကျပ် ၆၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်နေရာမှ ဇူလိုင်ဒုတိယပတ်အထိ ကျပ် ၈၃၀ ဝန်းကျင်၊ ဇူလိုင် နောက်ဆုံးပတ်အထိ ကျပ် ၇၃၀ ဝန်းကျင်၊ ဩဂုတ် ပထမပတ်အထိ ကျပ် ၆၄၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ငွေဈေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ်ခန့်ရှိသည်။

တရုတ်ဈေးကွက်တွင် မြန်မာနိုင်ငံမှ ကြက်သွန်နီကို နှစ်စဉ် တင်သွင်းလျက်ရှိပြီး ယခုနှစ်တွင် ယခင်နှစ်ကထက် ပိုမိုတင်သွင်းလာသည်ကိုတွေ့ရှိရသည်။ တရုတ်နိုင်ငံကုန်သည်များသည် ကြက်သွန်နီကို Shallet အတွက်ကိုသာ ဦးစားပေးဝယ်ယူသည်ကိုတွေ့ရှိရသည်။ လက်ရှိ ဝယ်ယူမှုအခြေအနေမှာ ပုံမှန်အတိုင်းဖြစ်ပြီး ဈေးငြိမ်လျက်ရှိသည်။

**မောဝ်ရွှေလီကုန်သွယ်မှုဇုဟိုဌာန**

ချင်း

# အရောင်းအဝယ်အေးနေသည့် ရှမ်းချင်း

ယခုတစ်ပတ် ဟိုပုံးချင်းဈေးကွက်၌ ချင်း(ဥမ) အဝင်နည်းလာသည်။ ဇူလိုင်လအထိ နေပူခဲ့ပြီး အပူဒဏ်ပြင်းခြင်းကြောင့် ချင်း(ဥမ)မှာ မြေကြီးထဲ၌ ပုပ်ကုန်ကာ ယခင်နှစ်ကထက် သုံးပုံနှစ်ပုံခန့်လျော့နည်းသွားကြောင်း သိရှိရသည်။ ပြီးခဲ့သည့်တစ်ပတ်က တောင်ကုတ်ဝယ်လက်များက နယ်စပ်စခန်းများမှတစ်ဆင့် တင်ပို့ရန်အတွက် ချင်းပိဿာချိန်ပေါင်း နှစ်သောင်းကျော်ဝယ်ယူကြောင်းလည်း သိရသည်။ ဝယ်လက်ရှိနေပြီး ပစ္စည်းလက်ကျန်မရှိခြင်းကြောင့် ယခုတစ်ပတ်တွင် အရောင်းအဝယ်အေးနေကြောင်း သိရသည်။ ယခုတစ်ပတ်ဟိုပုံးဈေးကွက်၌ ချင်းတစ်ပိဿာဈေးကျပ် ၂၂၀၀ ရှိသည်။

အောင်ပန်းဈေးကွက်၌လည်း ချင်း(ဥမ)မှာ ဝင်သလောက်အရောင်းအဝယ်ဖြစ်နေသည်။ ပြည်ပ ဝယ်လက်များကလည်း ဝယ်ယူနေ၍ ရောင်းအားကောင်းနေခြင်းကြောင့် တောင်သူများကလည်း စိုက်ခင်းထဲရှိသမျှ အကုန်ဖော်ပြီး ရောင်းနေကြောင်း သိရှိရသည်။ ချင်းဈေးမှာ ယခုနှစ်တစ်နှစ်လုံး ဈေးကောင်းနေပြီး အောင်ပန်းချင်း(ဥမ)မှာ တစ်ပိဿာ ကျပ် ၂၀၀၀-၂၁၅၀ ဈေးရှိနေသည်။ တစ်ပတ်အတွင်း ချင်း(ဥမ) ပိဿာချိန်ပေါင်း ရှစ်သောင်းခန့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**ဇေခိုင် (တောင်ကြီး)**

# ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် ပြည်ချင်းဈေးကွက်



ယခုတစ်ပတ် ပြည်စားဖိုဆောင်သီးနှံ (ချင်း) ပွဲရုံများသို့ ရှမ်းပြည်ဘက်က အဝင်ပုံမှန်ရှိနေပြီး ဒေသတွင်းနှင့် နယ်ဈေးများမှ အဆွဲများ ဆက်တိုက်ရှိနေတာကြောင့် အရောင်းအဝယ်ဖြစ်ကာ ချင်းဈေးမပြောင်းဘဲ ပုံမှန်ဈေးဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ယခုတစ်ပတ် (ချင်း)ဈေးတွေကတော့ ချင်းစိုတစ်ပိဿာ (ပွဲရုံဈေး) ကျပ် ၂၅၀၀-၂၆၀၀ ဖြစ်ပြီး ဒေသတွင်း လက်လီဈေးကွက်များတွင် ချင်းတစ်ပိဿာ ကျပ် ၃၆၀၀ ဈေးဖြင့် ရောင်းချလျက်ရှိနေသည်။ပြည်မြို့မဈေးကြီးတွင် ခားလှီး(ချင်း) တစ်ပိဿာ ကျပ် ၃၅၀၀ ဖြင့် ရောင်းချနေကြောင်းတွေ့ရသည်။

**နီနီဝင်း (ပြည်)**

# ချင်းတန်ချိန် ၈၀၀ ကျော် ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်

ဩဂုတ် ၄ ရက်မှ ၁၀ရက်သီတင်းပတ်အတွင်းချင်း ၈၈၁ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ၈၅၇ တန်နှင့် အိန္ဒိယနိုင်ငံသို့ ၂၄ တန် တင်ပို့ခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ချင်း ၆၀၈ တန်တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၇၃ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းစိုနှင့် ချင်းခြောက်တင်ပို့ခဲ့ရာ ချင်းစိုက တစ်တန်ကို ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၈၅-၂၀၀ ရရှိခဲ့ပြီး ချင်းတစ်တန်က အမေရိကန်ဒေါ်လာ ၈၉၅ ဒေါ်လာရရှိခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၉၀၁၈၀ ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

**သီတာဝင်း(DOT)**

နနွင်း

# နနွင်းတင်ပို့မှုလျော့

ဩဂုတ် ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း နနွင်း ၇၅ တန်ကို တင်ပို့ခဲ့သည်။ ယခုတစ်ပတ် အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့သည်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၁၅၀ တင်ပို့ခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၇၅ တန်တင်ပို့မှုလျော့နည်းခဲ့ကြောင်း သိရသည်။ နနွင်းတစ်တန်အမေရိကန်ဒေါ်လာ ၉၁၀ ရရှိခဲ့သည်။ ယခုတစ်ပတ် နနွင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၈၂၅၀ဒေါ်လာ ဝင်ငွေရရှိခဲ့ကြောင်းသိရသည်။

**သီတာဝင်း(DOT)**

# ပုံမှန်အရောင်းအဝယ်ဖြစ်နေသည့် ရှမ်းနနွင်း

ယခုတစ်ပတ် ရှမ်းနနွင်းကလည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက်များက အတော်များများဆင်းပြီး ဝယ်ယူခဲ့ခြင်းကြောင့် ဈေးကွက်အတွင်း ပစ္စည်းပြတ်သလောက် ဖြစ်နေသည်။ ဟိုပုံးဈေးကွက်၌လည်း နနွင်းလက်ကျန်က နည်းသွားပြီး အရောင်းအဝယ် ပုံမှန်ဖြစ်နေကာ တစ်ပိဿာကို အကြမ်းစက ကျပ် ၁၀၀၀ နှင့် အချောစက ကျပ် ၁၅၅၀ ဈေးရှိနေသည်။

အောင်ပန်းဈေးကွက်၌လည်း ပြည်ပဝယ်လက်မရှိသော်လည်း ပြည်တွင်းသုံးဝယ်လက်များကြောင့် ပုံမှန်အရောင်းအဝယ်ဖြစ်နေသည်။ မုံရွာ၊ စစ်တွေနှင့် ရန်ကုန်ဝယ်လက်များက အဓိကဝယ်ယူနေခြင်းကြောင့် တစ်ပတ်အတွင်း ပိဿာချိန်လေးသောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် အောင်ပန်းဈေးကွက်၌ နနွင်းတစ်ပိဿာပေါက်ဈေးသည် ရိုးရိုးနနွင်းဆိုလျှင် ကျပ် ၁၀၀၀ နှင့် ဆင်တောင်နနွင်းဆိုလျှင် ကျပ် ၁၈၀၀ ဈေးရှိကြောင်း သိရသည်။

**ဇေခိုင် (တောင်ကြီး)**

မန်ကျည်း



# မန်ကျည်းတန်ချိန် ၄၀၀ ကျော်တင်ပို့

ဩဂုတ် ၄ ရက်မှ ၁၀ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၄၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့သည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၇၅ တန်၊ မလေးရှားနိုင်ငံသို့ ၁၂၅ တန်နှင့် စင်ကာပူနိုင်ငံသို့ ၄၇ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ယခုတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အများဆုံးတင်ပို့ခဲ့သည်။ ယခုတစ်ပတ် မန်ကျည်းစေ့နှင့် မန်ကျည်းသီး(အစေ့လွတ်)တို့ တင်ပို့ခဲ့ကြောင်း သိရသည်။

မန်ကျည်းစေ့က တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅-၁၁၀ ရရှိခဲ့ပြီး မန်ကျည်းသီး(အစေ့လွတ်)က တစ်တန်လျှင်အမေရိကန်ဒေါ်လာ၅၇၀ ရရှိခဲ့ ကြောင်း သိရသည်။ ယခင်သီတင်းပတ်က မန်ကျည်း ၂၂၅ တန် တင်ပို့ခဲ့ခြင်း ကြောင့် ယခုတစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် ၂၂၂ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။ယခုတစ်ပတ်မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၂၇၉၀ ဒေါ်လာ ဝင်ငွေရရှိခဲ့သည်။

**သီတာဝင်း (DOT)**

# အရောင်းအဝယ်အေးနေသည့် ပြည်မန်ကျည်းမှည့်

ပြည်ခရိုင်ဒေသတွင်းနှင့် နယ်များတွင် မိုးများဆက်တိုက်ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မိုးအရွာများခြင်းကြောင့် အရောင်းအဝယ်များလည်း သိသိသာသာအေးလာသဖြင့် ပြည်မန်ကျည်းမှည့်ပွဲရုံများတွင် ယခုရက်ပိုင်း အရောင်းအဝယ်သိပ်မဖြစ်ဘူးဟု ပွဲရုံပိုင်ရှင်တစ်ဦးကဆိုသည်။

ရန်ကုန်၊ ရခိုင်မှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့ရာတွင်လည်း မုန်တိုင်းများရှိခြင်းကြောင့် အဝယ်နည်းနေသည်။ မန်ကျည်းမှည့်ဈေးမှာ လက်လီသမား အနည်းငယ်ကလိုသလောက်ပိဿာ ၁၀ လောက်သာ တစ်ဦးလျှင် အဝယ်ရှိကြပြီး ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးအတိုင်းသာဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ် မန်ကျည်းမှည့်တစ်ပိဿာ (ပွဲရုံ)ဈေး ကျပ် ၂၁၀၀ ဖြစ်သည်။ မန်ကျည်းသီးစိမ်း တစ်ပိဿာ ကျပ် ၄၀၀၀ ဈေးတို့ဖြင့် ဈေးကွက်တွင် ရောင်းချနေသည်။

**နီနီဝင်း (ပြည်)**

# ကြံ၊ သကြားဈေးကွက် ပြန်ကောင်းလာရေး အတိုင်းအတာတစ်ခုအထိ စောင့်ဆိုင်းရဦးမည်

[စိန်သံ]



ယခု ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကုန်ပိုင်းအထိ ကမ္ဘာ့သကြား လိုအပ်ချက်မှာ တန်ချိန် ၂ ဒသမ ၅ သန်းအထိပင်ရှိလာနိုင်ကြောင်း အာဆီယံသကြားလုပ်ငန်းပူးပေါင်းအဖွဲ့က ခန့်မှန်း သုံးသပ်ထားသည်။ ၂၀၁၉ ခုနှစ်၏ နှစ်ဦးပိုင်းမှ စတင်ပြီး မြန်မာနိုင်ငံ အပါအဝင် အာဆီယံနိုင်ငံများ၏ သကြားဈေးနှုန်းမှာ ကျဆင်းလာခဲ့ရသည်။

ထိုကဲ့သို့ သကြားဈေးများ ကျဆင်းလာမှုကြောင့် အာဆီယံ သကြားလုပ်ငန်း ပူးပေါင်းအဖွဲ့သည် ၂၀၁၉ ခုနှစ် ဇွန်လက ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့သေးသည်။ အဆိုပါ အစည်းအဝေးမှ ကမ္ဘာ့သကြား လိုအပ်ချက်နှင့်ပတ်သက်ပြီး ခန့်မှန်းချက်တစ်ရပ် ထုတ်ပြန်ခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံ Mitr Phol သကြားကော်ပိုရေးရှင်းမှ ဈေးကွက်သုတေသီတစ်ဦးက ၂၀၁၉ ခုနှစ်မှစတင်၍ သကြားကို အဓိကထုတ်လုပ်သည့် နိုင်ငံများအနေဖြင့် သကြားအထွက် နည်းပါးလာခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် သကြားလိုအပ်ချက် မြင့်တက်လာရခြင်းဖြစ်ကြောင်း သုံးသပ်ပြောဆိုထားသည်။ အဆိုပါသုတေသီ၏ ပြောဆိုသုံးသပ်မှုမှာ မှန်သင့်သလောက် မှန်သည်ဟု ဆိုနိုင်သော်လည်း အလုံးစုံမှန်ကန်မှုတော့ ရှိမည်မဟုတ်သည်ကို တကယ့်လက်တွေ့ဘဝတွင် မြင်တွေ့နေရသည်။

ကမ္ဘာပေါ်တွင် သကြားထုတ်လုပ်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်သည့် ဘရာဇီးနိုင်ငံမှာပင် အကြောင်းအမျိုးမျိုးကြောင့် သကြားထုတ်လုပ်မှုများ လျော့ကျခဲ့ရသည်။ အထူးသဖြင့် ထိုသို့ဖြစ်ရခြင်းမှာ သဘာဝဘေးဒဏ်ကြောင့်ဟု သတင်းများတွင် ဖော်ပြချက်အရ သိရသည်။

မြန်မာနိုင်ငံသည်လည်း အရှေ့တောင်အာရှတွင် သကြားအများအပြား ထုတ်လုပ်တင်ပို့နေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာ့သကြားကို အာဆီယံဒေသတွင်းနိုင်ငံများကိုသာမက ကမ္ဘာ့ဈေးကွက်သို့လည်း ကျယ်ကျယ်ပြန့်ပြန့် တင်ပို့နိုင်ရန် သက်ဆိုင်ရာ အစိုးရပိုင်းကလည်း အားပေးကူညီမှုများရှိနေသည်။

တစ်ရက်လျှင် တန်ချိန် ၅၀၀ ထုတ်လုပ်နိုင်သည့် သကြားစက်ရုံများကို မြန်မာနိုင်ငံတွင် မြင်တွေ့လာရပြီဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် တစ်ရက်လျှင် တန်ချိန် ၅၀၀ ထုတ်လုပ်နိုင်သည့် သကြားစက်ရုံကြီး တည်ဆောက်နိုင်ခဲ့ပြီလည်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံတွင် သကြားထုတ်လုပ်သည့် စက်ရုံခုနစ်ရုံခန့်အထိပင် ရှိလာပြီဖြစ်ကြောင်း သိရသည်။

ကြံတောင်သူကြီးများမှလည်း သကြားစက်ငယ်များကို တည်ထောင်လုပ်ကိုင်လာသလို ပြည်တွင်းလုပ်ငန်းရှင်များပိုင် ကုမ္ပဏီများကလည်း တစ်ရက်လျှင် တန်ချိန် ၅၀၀ကျ သကြားစက်များကို တည်ထောင် လုပ်ကိုင်လာကြသည်။ ထို့အပြင် နိုင်ငံခြားကုမ္ပဏီများသည်လည်း ကြံလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံပြီး သကြားစက်များကို လာရောက်တည်ထောင်နိုင်ကြောင်း ကြံနှင့်သကြား ထုတ်လုပ်ရောင်းချသူများအသင်းမှ သိရသည်။

လက်ရှိအချိန်တွင် မြန်မာ့ကြံတောင်သူများ အနေဖြင့် ကြံများကို တွင်တွင်ကျယ်ကျယ် စိုက်ပျိုးထုတ်လုပ်နေကြသော်လည်း ဈေးကွက်ပျောက်သည့် အနေအထားဖြင့် ရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသည့် သကြားမှာ ပြည်တွင်းစားသုံးမှုအတွက် ဖူလုံနေသည်သာမကဘဲ ပြည်ပသို့လည်း တင်ပို့နေသည်။ သို့သော် လတ်တလောကာလတွင် သကြားတင်ပို့မှုမှာ အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရသည်။ သကြားတင်ပို့မှု ကျဆင်းနေခြင်းကြောင့် တစ်ဖက်တွင် ကြံတောင်သူများကို ထိခိုက်မှုရှိလာသည်။

၂၀၁၈ ခုနှစ်စက်တင်ဘာလဆန်းပိုင်းကလည်း တရုတ်ကုန်သည်များ အဝယ်မလိုက်ခြင်းကြောင့် မြန်မာ့သကြား တင်ပို့မှုမှာ ငါးလကျော်ကြာသည်အထိ ရပ်ဆိုင်းထားခဲ့ရဖူးသည်။ တရုတ်နိုင်ငံနယ်စပ်တွင် အဖမ်းအဆီးများ ပြုလုပ်ပါက ပြည်တွင်းသကြားဈေးကွက်ကို ထိခိုက်လေ့ရှိသည်။ နှစ်စဉ်နှစ်တိုင်းလည်း ကာလအပိုင်းအခြားအလိုက် သကြားဈေးကွက်ကို ထိခိုက်လေ့ရှိသည်ကို တွေ့နေရသည်။ အထူးသဖြင့် ၂၀၁၈ ခုနှစ်တွင် မြန်မာ့သကြားဈေးကွက်မှာ အထိခိုက်ဆုံးနှစ် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံမှသကြားများ တင်သွင်းနေခြင်းကို တရုတ်နိုင်ငံက မူဆယ်နယ်စပ်တွင် ပိတ်ပင်ဖမ်းဆီးနေ၍ သကြားအိတ် သိန်း ၃၀ ပိတ်မိနေပြီး ပျက်စီးခြင်းများလည်းရှိလာသောကြောင့် သကြားစက်ရုံပိုင်ရှင်များနှင့် ကုန်သည်များ အခက်အခဲဖြစ်နေ၍ အစိုးရအကူအညီ လိုအပ်နေကြောင်း မူဆယ်ကုန်စည်ဒိုင်ဒုဥက္ကဋ္ဌ ဦးမင်းသိန်းက ဩဂုတ် ၁၁ရက်တွင် ပြောထားသည်။

‘ပိတ်မိနေတဲ့အထဲမှာ တချို့ကုန်တွေက တော့ ပို့နေကြသေးတယ်။ သကြားကတော့လုံးဝ ပို့လို့မရဘူး။ ပြန်သယ်လို့လဲမရဘဲ ဒီမှာပဲ အကုန်သောင်တင်နေတာ။ ပိတ်မိနေတဲ့သကြား တန်ချိန်အနေနဲ့ဆို တစ်သိန်းခွဲလောက်ရှိတယ်။အိတ်ရေအနေနဲ့ဆို အိတ်ရေသိန်း ၃၀ လောက်ရှိတယ်။အခုလိုမျိုး သကြားတွေ ပိတ်မိနေတော့ ပြည်တွင်းကစက်ရုံတွေ ကုန်သည်တွေလည်း အဆင်မပြေဖြစ်နေတာ။ အစိုးရအနေနဲ့လည်း တရုတ်အာဏာပိုင်တွေနဲ့ညှိနှိုင်းပြီး ကူညီပေးမှဖြစ်မှာ။ တရုတ်အစိုးရအနေနဲ့ တရုတ်ကုန်သည်တွေကို တရားဝင်ပါမစ်ထုတ်ပေးမှသာ သကြားပြဿနာ အဆင်ပြေမှာ’ ဟု မူဆယ်ကုန်စည်ဒိုင်ဒုဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။

လက်ရှိအချိန်တွင် ပြည်တွင်းမှ ထုတ်လုပ်သည့် သကြားတန်ချိန် အများအပြားမှာ မူဆယ်နယ်စပ်ရှိ ဂိုဒေါင်များတွင် စုပြုံနေပြီး ကာလကြာရှည်လာခြင်းကြောင့် ပျက်စီးဆုံးရှုံးခြင်းများလည်း ရှိနေပြီး ရေရှည်သိုလှောင်ထားရန်မှာ အခက်အခဲရှိနေ၍ နိုင်ငံတကာမှ အခြားဝယ်လက်များနှင့် ချိတ်ဆက်ရမိရန် အစိုးရ၏ အကူအညီ လိုအပ်နေကြောင်း သကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှသိရသည်။

လတ်တလောကာလတွင် အဘက်ဘက်က အခက်အခဲများ ရှိနေခြင်းကြောင့် မြန်မာ့ကြံများ ဈေးကောင်းရရှိရေးနှင့် ထွက်ရှိလာသည့်၊ သိုလှောင်ထားသည့် သကြားများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် အစိုးရပိုင်းမှ တာဝန်ရှိသူများကလည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ပေါင်းစပ် ညှိနှိုင်းပြီး ဆောင်ရွက်နေပြီဖြစ်သည်။ သို့အတွက်ကြောင့် မြန်မာ့ ကြံ၊ သကြားဈေးကွက် ပြန်ကောင်းလာရေးနှင့် မြန်မာ့ကြံတောင်သူများနှင့် သကြားစက်ပိုင်ရှင်များ၏ အလိုဆန္ဒ ပြည့်ဝရန်အတွက်ကိုမူ အချိန်ကာလ အတိုင်းအတာ တစ်ခုအထိတော့ စောင့်ဆိုင်းရဦးမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

♦



**စာမျက်နှာ (၃) မဲခေါင်-ဂျပန် ချစ်ကြည်ရေးနှစ်-၂၀၁၉ အခမ်းအနားကျင်းပ . . . မှအဆက်**

ဆုရရှိခဲ့သော ကျောင်းသားလူငယ်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ မဲခေါင်ဒေသမှ လူငယ်စွန့်ဦးတီထွင်သူများ၏ အောင်မြင်သောစီမံကိန်းများ တင်ပြဆွေးနွေးခြင်း၊ မဲခေါင်ဒေသမှ အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်များအကြား လုပ်ငန်းခွင်များ၏ အနာဂတ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၏ အခွင့်အလမ်းများအား မြန်မာ့ရှုထောင့်က လည်းကောင်း၊ ဒေသတွင်းရှုထောင့်ကလည်းကောင်း ဆွေးနွေးခြင်းနှင့် မဲခေါင်နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့၏ ရိုးရာယဉ်ကျေးမှု အကအလှများနှင့် ဖျော်ဖြေတင်ဆက်ခြင်းများ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ အဖွင့်အမှာစကားပြောကြားပြီးနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတို့မှ နိုင်ငံတကာပြိုင်ပွဲများတွင် ဆုရခဲ့သည့် လူငယ်အဖွဲ့လေးဖွဲ့အား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။ ဆုပေးပွဲအပြီးတွင် ဆုရလူငယ်ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခြင်း၊ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီးများက တက္ကသိုလ်အသီးသီးမှ ဆုရလူငယ်များ၊ စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့များနှင့် ကုမ္ပဏီများမှခင်းကျင်းပြသထားသည့် တီထွင်ဆန်းသစ်မှုလက်ရာများ/ စီမံကိန်းများနှင့် ထုတ်ကုန်သစ်များကို လှည့်လည်ကြည့်ရှုခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပပ

# ယခုတစ်ပတ် ဒီဇယ်၊ဓာတ်ဆီတန်ချိန် ၉၀၀၀၀ နီးပါးဝင်

ဩဂုတ်၄ ရက်မှ၁၀ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ၁၅၀၁၉၈၇၇ တန်ဖိုးရှိ ဓာတ်ဆီ ၂၈၇၈၃ ဒသမ ၄၉ တန်နှင့် အမေရိကန်ဒေါ်လာ ၃၄၈၁၅၉၅၀ တန်ဖိုးရှိ ဒီဇယ် ၆၀၄၀၅ ဒသမ ၈၆ တန်၊ စုစုပေါင်း ၈၉၁၈၉ ဒသမ ၃၅ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။

ယခုတစ်ပတ် အောက်တိန်း(92)၊ အောက်တိန်း(95 )နှင့် အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့သည်။ ယခင်သီတင်းပတ်က ဒီဇယ်၄၉၁၅၂ ဒသမ ၆၆ တန်တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် ၁၀၉၅၃ ဒသမ ၂၀ တန်၊ ယခင် သီတင်းပတ်က တင်သွင်းခဲ့သည့် ဓာတ်ဆီ ၂၈၃၇၁ ဒသမ ၇၆ တန်နှင့်နှိုင်းယှဉ်လျှင် ၄၁၁ ဒသမ ၇၃ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုတစ်ပတ် ဒီဇယ်ရော ဓာတ်ဆီပါ အဝင်ပိုခဲ့သည်။ **သီတာဝင်း(DOT)**

# စံပြငါးဈေး ငါး၊ ပုစွန်အဝင်နှင့်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် စံပြငါးဈေးတွင် ဩဂုတ် ၁ ရက်မှ ၁၄ ရက်အထိ ငါးမျိုးစုံပိဿာချိန် ၂၂၃၉၃၉၇ နှင့် ပုစွန်ပိဿာချိန် ၁၁၂၅၃ ဝင်ရောက်ခဲ့သည်။

ငါးအဝင်နှင့်ဈေးနှုန်းများမှာ ငါးခူ၊ ငါးကျည်း တစ်ပိဿာ ကျပ် ၆၅၀၀-၁၂၀၀၀ ဈေးနှင့် အဝင် ၁၅၅၇ ပိဿာ၊ ငါးရံ့တစ်ပိဿာကျပ် ၆၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၁၇၀ ပိဿာ၊ ငါးရှဉ့်တစ်ပိဿာ ကျပ် ၆၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၂၇၉ ပိဿာ၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၃၀၀၀-၄၀၀၀ ဈေးနှင့် အဝင် ၆၇၈၃၈၈ ပိဿာ၊ ငါးကြင်းတစ်ပိဿာ ကျပ် ၄၀၀၀-၆၅၀၀ ဈေးနှင့် အဝင် ၅၄၅၁၇၀ ပိဿာ၊ ငါးခေါင်းပွတစ်ပိဿာ ကျပ်(၂၅၀၀-၃၈၀၀) ဈေးနှင့် အဝင် ၁၄၁၇၆၀ ပိဿာ၊ ငါးသလောက် တစ်ပိဿာ ကျပ် ၈၀၀၀-၁၃၀၀၀ ဈေးနှင့် အဝင် ၁၁၁၀ ပိဿာ၊ ငါးတန်တစ်ပိဿာကျပ် ၃၀၀၀-၆၀၀၀ဈေးနှင့် အဝင် ၄၄၃၁၇၀ ပိဿာ၊ ကကတစ်တစ်ပိဿာကျပ် ၇၀၀၀-၁၀၀၀၀ ဈေးနှင့် အဝင် ၁၂၀၉ ပိဿာ၊ ကသပေါင်းတစ်ပိဿာကျပ် ၈၀၀၀-၁၃၀၀၀ဈေးနှင့် အဝင် ၈၅၄ ပိဿာ၊ ငါးမျိုးစုံ တစ်ပိဿာ ကျပ် ၃၀၀၀-၈၅၀၀ ဈေးနှင့် အဝင် ၄၂၃၇၃၀ ပိဿာ၊ ပုစွန်ကြော့တစ်ပိဿာ ကျပ် ၄၀၀၀-၅၀၀၀ ဈေးနှင့် အဝင် ၈၀၈၅ ပိဿာ၊ ပုစွန်စပ်တုပ်တစ်ပိဿာ ကျပ် ၁၅၀၀၀-၂၀၀၀၀ ဈေးနှင့် အဝင် ၁၆၀၃ ပိဿာ၊ ပုစွန်တုပ်ကြီးတစ်ပိဿာ ကျပ် ၂၅၀၀၀-၂၇၀၀၀ဈေးနှင့် အဝင် ၁၅၆၅ ပိဿာဝင်ရောက်ခဲ့သည်။

လက်လီဈေးများဖြစ်သော ပုဇွန်တောင်ဈေးနှင့် သယ်န်းကျွန်းစံပြဈေးတို့တွင် ငါးကြင်းတစ်ပိဿာ ကျပ် ၈၀၀၀-၉၀၀၀၊ ငါးမြစ်ချင်းတစ်ပိဿာ ကျပ် ၅၀၀၀-၅၅၀၀၊ ပုစွန်ကြော့တစ်ပိဿာ ကျပ် ၁၂၀၀၀-၁၃၀၀၀ ရောင်းချလျက်ရှိပြီး ယခင်လထက် ငါးတစ်ပိဿာလျှင်ကျပ် ၅၀၀-၁၀၀၀ ခန့်ဈေးကျခဲ့ကြောင်း စုံစမ်းသိရှိရသည်။ **ခင်မာဌေး(ရန်ကုန်)**



## Energy NYMEX 16-8-2019

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 55.24 | 0.77 | 1.41 |
| Brent Crude Futr (USD/bbl) | 58.89 | 0.66 | 1.13 |
| Gasoline Rbob Fut (Cent/gal) | 165.19 | 1.55 | 0.95 |
| Natural Gas Futr (USD/MMBtu) | 2.21 | -0.02 | -0.81 |
| Heating Oil Futr (Cent/gal) | 182.48 | 1.41 | 0.78 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 12-August | - | - | - | - | - |
| 13-August | 17.38 | 2246.98 | 1740.06 | 5704.61 | 861.00 |
| 14-August | 16.94 | 2274.31 | 1747.11 | 5738.11 | 847.00 |
| 15-August | 17.15 | 2250.28 | 1732.78 | 5703.51 | 841.00 |
| 16-August | 17.19 | 2240.58 | 1740.72 | 5686.10 | 834.00 |

# ပြည်တွင်းငွေလဲနှုန်း အနည်းငယ်မြင့်တက်ခဲ့သည့် ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ဩဂုတ်လဒုတိယပတ်အတွင်း အနည်းငယ်မြင့်တက်ခဲ့ကြောင်း ပြည်တွင်းငွေလဲဈေးကွက်မှစုံစမ်းသိရှိရသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ရည်ညွှန်းငွေလဲနှုန်းကို ယခင်တစ်ပတ်ကအမေရိကန်တစ်ဒေါ်လာလျှင်၁၅၀၈ကျပ်မှ ယခုရက်သတ္တပတ်တွင် ၁၅၂၁ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာမှာ ဝယ်လိုအားရှိသော်လည်း ရောင်းလိုအားနည်းခဲ့၍အရောင်းအဝယ်နည်းခဲ့ကြောင်း၊ ယခုရက်ပိုင်းအတွင်း ပို့ကုန်ရငွေတန်ဖိုးလည်းမြင့်တက်လာခဲ့ကြောင်း၊ နိုင်ငံတကာဈေးကွက်တွင်လည်း ကုန်သွယ်ရေးတင်းမာမှုအကျိုးဆက်အဖြစ် အမေရိကန်စတော့ရှယ်ယာများဈေးထိုးကျချိန်တွင် တရုတ်ဘက်က အခွန်တိုးမြှင့်ကောက်ခံမည်ဟုဆိုလာရာ အမေရိကန်စတော့ရှယ်ယာဈေးများ ကျဆင်းခဲ့ကြောင်း၊ ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်တွင် ရွှေဈေးအဆမတန် မြင့်တက်နေခြင်းမှာလည်းဒေါ်လာဈေးကို အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်မှုရှိကြောင်းပြည်တွင်းငွေကြေးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် ဩဂုတ် ၁၂ရက်ကအမေရိကန်တစ်ဒေါ်လာရောင်းဈေး ၁၅၁၄ကျပ်၊ ဝယ်ဈေး ၁၅၁၀ကျပ်မှ ဩဂုတ်၁၄ရက်တွင် အမေရိကန် တစ်ဒေါ်လာရောင်းဈေး ၁၅၁၃ ကျပ်၊ ဝယ်ဈေး ၁၅၀၉ကျပ်သို့ ရောက်ရှိလာခဲ့ပြီး ဩဂုတ် ၁၆ရက်တွင် အမေရိ ကန်တစ်ဒေါ်လာရောင်းဈေး၁၅၁၈ကျပ်၊ ဝယ်ဈေး ၁၅၁၃ကျပ်ဖြင့်ဈေးပိတ်ခဲ့ကြောင်း သိရသည်။ **သန်းထိုက်အောင်**

# အမြင့်ဈေးဖြင့်သာ ငြိမ်သက်နေခဲ့သည့် ပြည်တွင်းရွှေ

ပြည်တွင်းရွှေဈေးနှုန်းသည်ဩဂုတ်ဒုတိယပတ်တွင်လည်းဈေးမြင့်တက်ခဲ့ပြီး အရောင်းအဝယ်နည်းပါးနေကြောင်းသိရသည်။ ယခင်ရက်သတ္တပတ်က အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၇၀၀၀ရှိခဲ့ရာမှ ယခုရက်သတ္တပတ်တွင် ကျပ် ၁၂၂၉၀၀၀သို့ မြင့်တက်ခဲ့ခြင်းဖြစ်သည်။

“ဒီတစ်ပတ်ထဲ ထူးခြားတာက မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်အသင်းကနေ ရွှေကို လက်ငင်းငွေချေစနစ်နဲ့ပဲ ရောင်းကြဝယ်ကြဖို့ နှုတ်နဲ့ရောင်းတာဝယ်တာ မလုပ်ဖို့နဲ့ဈေးကိုလည်းမြှင့်ပြီး မရောင်းဖို့ဆိုပြီး ဆုံးဖြတ်လိုက်တာပါ။ ဒါကိုလည်း ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ ရွှေလုပ်ငန်းရှင်အသင်းတွေဆီ အသိပေးအကြောင်းကြားထားတယ်လို့သိရတယ်။ အဓိကကတော့ နိုင်ငံတကာရွှေဈေးက ပြန်မကျသေးလို့ပါ။ ကုန်သွယ်ရေးပဋိပက္ခ၊ မြောက်ကိုရီးယားအရေးတင်းမာမှု ဒီလိုကိစ္စတွေက စီးပွားရေးလောကကို သက်ရောက်မှုကြီးစေပါတယ်။ ပြည် တွင်းဈေးကွက်မှာတော့ အဝယ်လိုက် နေပေမယ့်အရောင်းနည်းနေသေးတယ်။ မိုးတွင်းလည်းဖြစ်နေတော့ ရွှေအထွက် နည်းတယ်လေ”ဟုပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ဆိုသည်။

ပြည်တွင်းရွှေဈေးကွက်တွင် ဩဂုတ် ၁၂ရက်ကအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၁၃၀၀၀ရှိခဲ့ရာမှ ဩဂုတ် ၁၄ ရက်တွင်အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁၂၂၁၀၀၀သို့မြင့်တက်ခဲ့ပြီး ဩဂုတ် ၁၆ရက်တွင် ကျပ် ၁၂၂၉၀၀၀ သို့ မြင့်တက်ခဲ့ကြောင်းသိရသည်။ ကမ္ဘာ့ရွှေဈေးကွက်မှာလည်းတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ၁၅၀၀ကျော်ရှိခဲ့ပြီး ဩဂုတ်၁၂ရက်က ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၅ဒေါ်လာရှိခဲ့ရာမှဩဂုတ်၁၄ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၀၇ဒေါ်လာသို့မြင့်တက်ခဲ့သလို ဩဂုတ် ၁၆ ရက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၅၁၃ဒေါ်လာထိ ဆက်လက်မြင့်တက်ခဲ့သည်။ **သန်းထိုက်အောင်**

# စီးပွားရေးလုပ်ငန်းဆိုင်ရာ ဟောပြောပွဲပြုလုပ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ကုန်သွယ်မှုသင်တန်းကျောင်း၊ International Basic Course (Weekend Programme)(Batch-5) Business Talk အခမ်းအနားကို ဩဂုတ် ၁၁ ရက်တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးပညာရှင် ဒေါက်တာမောင်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပါမောက္ခဒေါက်တာအောင်ထွန်းသက်က “Developing The Leader in You” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

ဒေါက်တာအောင်ထွန်းသက်က ၂၁ ရာစုတွင် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင် တီထွင်ကြံဆနိုင်သည့် အတွေးအခေါ်၊ အရာရာကို ယုတ္တိကျကျ စဉ်းစားတွေးခေါ်နိုင်သည့် အတွေးအခေါ်၊ လူအများနှင့် ဆက်သွယ်ဆက်ဆံနိုင်သည့် အရည်အသွေး၊ ပူးပေါင်းဆောင်ရွက်ခြင်းစသည့် အရည်အချင်းများ လိုအပ်ကြောင်း၊ လေ့လာသင်ယူမှုများကို ဘဝတစ်လျှောက်လုံး လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းတို့အပြင် ခေါင်းဆောင်မှုနှင့်သက်ဆိုင်သည့် အရည်အချင်းများအပေါ် ဆွေးနွေးခဲ့ရာ တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာဒယ်ကိုကုမ္ပဏီ၊ နန်းထက်မြန်မာရိုးရာမုန့်မျိုးစုံ၊MESI သင်တန်းကျောင်းနှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းများက ပါမောက္ခဒေါက်တာအောင်ထွန်းသက်အား အမှတ်တရ ဂါရဝပြုလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **သန်းထိုက်အောင်**

## Currency Exchange Rate

August 16, 2019
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.47 |
| BDT | Bangladesh Taka | 84.77 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 7.04 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.84 |
| I NR | India Rupees | 71.51 |
| I DR | Indonesia Rupiahs | 14131.88 |
| JPY | Japan Yen | 106.14 |
| MYR | Malaysia | 4.18 |
| PKR | Pakistan Rupees | 159.58 |
| PHP | Philippines Pesos | 52.44 |
| RUB | Russia Rubles | 66.05 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1210.45 |
| LKR | Sri Lanka Rupe | 177.07 |
| THB | Thailand Baht | 30.88 |
| GBP | United Kingdom Pounds | 0.83 |
| VND | VietnamDon | 23213.58 |

*Source:xe.com*

## World Gold Price

August- 2019 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 12 | - | - | - |
| 13 | 1525 | 1524 | 1524 |
| 14 | 1502 | 1500 | 1500 |
| 15 | 1516 | 1516 | 1514 |
| 16 | 1523 | 1522 | 1521 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 12-8- 2019 | - | - |
| 13-8- 2019 | 1230.00 | 1230.00 |
| 14-8- 2019 | 1218.00 | 1218.00 |
| 15-8- 2019 | 1231.00 | 1229.00 |
| 16-8- 2019 | 1234.00 | 1234.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဩဂုတ်လ ၂၀၁၉ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 12 | 7.06 | 30.85 | 84.44 | 71.24 |
| 13 | 7.06 | 30.81 | 84.38 | 71.21 |
| 14 | 7.03 | 30.83 | 84.86 | 71.11 |
| 15 | 7.02 | 30.87 | 84.74 | 71.30 |
| 16 | 7.03 | 30.88 | 84.77 | 71.31 |

## ဘီလပ်မြေ

# ယခင်တစ်ပတ်ထက် ဘီလပ်မြေ တန်ချိန် ၂၄၈၀၀ ကျော် ပင်လယ်ရေကြောင်းမှ တင်သွင်းမှုပို

ဩဂုတ် ၄ ရက်မှ ၁၀ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁၃၃၈၀၂၁ တန်ဖိုးရှိ ဘီလပ်မြေ ၂၆၆၁၆ ဒသမ ၈၄၆ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် ထိုင်းနိုင်ငံမှ ၁၉၇ ဒသမ ၈၇၅ တန်နှင့် အင်ဒိုနီးရှားနိုင်ငံမှ ၂၆၄၁၈ ဒသမ ၉၇၁တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခင်သီတင်းပတ်က ဘီလပ်မြေ ၁၈၀၀ ကျော်အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၂၄၈၀၀ ကျော် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။

ဩဂုတ် ၃ ရက်မှ ၉ ရက်အတွင်း နယ်စပ်လမ်းမှ ဘီလပ်မြေအဝင်မှာ တန်ချိန် ၂၉၃၀ ကျော်ရှိခဲ့ပြီး ယခင်သီတင်းပတ်ကဘီလပ်မြေအဝင်မှာတန်ချိန် ၁၀၃၆၀ကျော်ရှိခဲ့ခြင်းကြောင့်ယခုတစ်ပတ်မှာတန်ချိန်၇၄၂၀ကျော်အဝင်လျော့ခဲ့သည်။ထို့ကြောင့် ယခုတစ်ပတ်ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့သည်။

# ဘီလပ်မြေဈေးကွက် အရောင်းပုံမှန်ရှိ

**တောင်ကြီးဘီလပ်မြေဈေးကွက်၌** မိုးတွင်းကာလဖြစ်သောကြောင့် အရောင်းအဝယ်ပါးကြောင်း သိရသည်။ ယခုတစ်ပတ် စိန်(ထိုင်း)နှင့် ကျားခေါင်း ဘီလပ်မြေက ဆက်ပြီးပစ္စည်းပြတ်နေပြီး အပါချီဘီလပ်မြေနှင့် ကြံ့ဘီလပ်မြေက ကျပ် ၁၀၀၊ ကမ္ဘောဇ ဘီလပ်မြေက ကျပ် ၂၀၀ ဈေးကျကာ ကျန်ဘီလပ်မြေများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ စိန်(ထိုင်း) ကျပ် ၈၁၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ် ၅၄၀၀၊ ကမ္ဘောဇ ကျပ် ၅၂၀၀၊ ကြံ့ကျပ် ၅၄၀၀၊ ကျားခေါင်း ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရသည်။

**မန္တလေးဘီလပ်မြေဈေးကွက်၌** ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ် အေသုံးလုံးက ကျပ် ၂၀၀ ဈေးကျပြီး ကျန်ဘီလပ်မြေများက ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အေသုံးလုံး ကျပ် ၅၃၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၄၀၀၊ အယ်လ်ဖာ ကျပ် ၅၃၀၀၊ ခရောင်း (၅၂၅) ကျပ် ၅၆၀၀ ဖြင့်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

**မကွေးဘီလပ်မြေဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခုတစ်ပတ် အပါချီနှင့်ကြံ့ဘီလပ်မြေများက ကျပ် ၁၀၀ ဈေးကျပြီး ကျန်ဘီလပ်မြေများကဈေးငြိမ်နေကြောင်း အိမ်ဆောက်ပစ္စည်းဆိုင်မှ ဝန်ထမ်းတစ်ဦးကပြောသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ အပါချီ ကျပ် ၅၅၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ ကြံ့ကျပ် ၅၅၀၀၊ ကမ္ဘောဇ ကျပ် ၄၃၀၀၊ ဘလူးဒိုင်းမွန်းကျပ် ၅၆၀၀၊ အယ်လ်ဖာ ကျပ် ၆၂၀၀ နှင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရှိရသည်။

**မော်လမြိုင်ဘီလပ်မြေဈေးကွက်၌** မိုးပါးသွားသော်လည်း အရောင်းအဝယ်အေးပြီး ဈေးငြိမ်နေကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ကြံ့တစ်ကောင် (အပြာ)ကျပ် ၅၇၅၀၊ ဆင်မြန်မာ ကျပ် ၆၀၀၀၊ ကြံ့နှစ်ကောင် (နီ)ကျပ် ၅၇၅၀၊ကြံ့နှစ်ကောင်(စိမ်း) ကျပ် ၆၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း စုံစမ်းသိရှိရသည်။

**သီတာဝင်း(DOT) စုစည်းသည်**

## စာတ်မြေသြဇာ

# ယခုတစ်ပတ် မြေသြဇာတန်ချိန် ၈၀၀၀ကျော်ဝင်

ဩဂုတ် ၄ ရက်မှ ၁၀ ရက်သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂၂၃၂၉၃၇ တန်ဖိုးရှိမြေသြဇာ ၈၃၂၇ ဒသမ ၂၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် တရုတ်နိုင်ငံမှ ၁၈၆၈ တန်၊ ဂျာမနီနိုင်ငံမှ ၁၃၁၄ တန်၊ မလေးရှားမှ တန်ချိန် ၃၅၀၊ ရုရှားနိုင်ငံမှ ၉၇၁ ဒသမ ၈၈ တန်၊ ဆော်ဒီအာရေဗျ နိုင်ငံမှ ၂၀၀၈ ဒသမ ၄၂ တန်၊ ထိုင်းနိုင်ငံမှ ၁၆၁၄ ဒသမ ၉၄ တန်နှင့် ဗီယက်နမ် နိုင်ငံမှ တန်ချိန် ၂၀၀ တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ် ဆော်ဒီအာရေဗျ နိုင်ငံမှ အများဆုံးတင်သွင်းခဲ့ပြီး တရုတ်နိုင်ငံမှ ဒုတိယအများဆုံးတင်သွင်းခဲ့သည်။

တင်သွင်းခဲ့သည့်အမျိုးအစားများမှာ စူပါဖော့စဖိတ်၊ ယူရီးယား၊ ကွန်ပေါင်း (၁၃း၅း၇)(ရွှေပျား)၊ ပိုတက်၊ ကွန်ပေါင်း(၁၅း၁၅း၁၅)၊ ကွန်ပေါင်း(၁၅း၁၀း၁၅)၊ ယူရီးယား(၄၆%)တို့ဖြစ်သည်။ ယခင်သီတင်းပတ်က မြေသြဇာတန်ချိန် ၁၂၄၇၀ ကျော် အဝင်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၄၁၄၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့ကြောင်းသိရသည်။

# မန္တလေးမြေသြဇာဈေးကွက် အရောင်းအေး

ဩဂုတ် ၃ ရက်မှ ၉ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာ အဝင်မှာ တန် ၁၄၂၇၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၁၅၁၃၀ ကျော်ရှိခဲ့ခြင်းကြောင့် ယခုတစ်ပတ်မှာ တန်ချိန် ၈၅၀ ကျော်အဝင်လျော့ခဲ့ကြောင်း သိရသည်။ ပြည်တွင်းဈေးကွက်များဖြစ်သည့် မကွေးနှင့် တောင်ကြီးတို့၌ အရောင်းပုံမှန်ရှိပြီး မော်လမြိုင်နှင့်မန္တလေးတို့၌ အရောင်းအေးကြောင်း သိရသည်။

**တောင်ကြီးဈေးကွက်၌** အရောင်းအဝယ်ပုံမှန်ရှိကြောင်းသိရသည်။ ယခုတစ်ပတ် ပန်းဖူးက ကျပ် ၁၀၀၀၊ တီစူပါ(၁၅)ပတ်လည်၊ တီစူပါ(၁၀း၁၀း၅) နှင့်ခာတ်ဆားက ကျပ်၅၀၀ဈေးမြင့်ပြီး ပိုတက်(တရုတ်)က ကျပ် ၅၀၀ ဈေးကကာ ကျန်မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ယခုတစ်ပတ်မှာလည်းဈေးကွက်ထဲ ယူရီးယား (ရွှေတောင်-တရုတ်)က ပစ္စည်းပြတ်နေသေးကြောင်း သိရသည်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၈၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၈၅၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၅၃၀၀၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၄၀၅၀၀၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၉၀၀၀၊ ခာတ်ဆား (တရုတ်) ကျပ်၁၈၀၀၀၊ ပိုတက်(တရုတ်) ကျပ် ၂၉၀၀၀၊ ယူရီးယား (ယူအေအီး) ကျပ် ၂၉၀၀၀၊ မြွားကမ္ဘာကျပ် ၁၈၇၀၀၊ ပုလဲ-မြင်းပျံ ကျပ် ၂၉၅၀၀၊ ရွက်ဖျန်းကျပ် ၃၀၀၀၊ ဆိုင်ကလုန်း ကျပ် ၃၀၀၀၊ ဆိုက်ပါကျပ် ၆၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရသည်။

**မကွေးဈေးကွက်၌** ယခုတစ်ပတ်မှာ အရောင်းအဝယ်ပုံမှန်ရှိကြောင်း သိရသည်။ ယခင်တစ်ပတ်ကဈေးအတက်အကျဖြစ်ခဲ့သော်လည်းယခု တစ်ပတ် ဈေးငြိမ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ မြွားကမ္ဘာ-တရုတ်(၁၂း၁၃)ကျပ် ၁၈၇၀၀၊ ဆင် ၁၀း၁၀း၅ ကျပ် ၁၈၅၀၀၊ သီးစုံ(ဝါစိမ်းပြာ)ကျပ် ၁၈၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၄၀၃၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၇၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ကျပ် ၂၈၂၀၀၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ကျပ် ၂၈၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၂၀၅၀၀၊ မြွားကမ္ဘာ (၁၅း၇း၈) ကျပ် ၂၁၈၀၀၊ တီစူပါက ကျပ် ၂၅၃၀၀၊ ဇာမနီကျပ် ၂၀၅၀၀၊ တောင်သူမ ကျပ် ၁၈၅၀၀၊ တက်တိုးကျပ် ၂၃၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

**မန္တလေးဈေးကွက်၌** မြေသြဇာအရောင်းအဝယ်ပါးပြီး ယခင်တစ်ပတ် ဈေးအတိုင်း အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေသည့်ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်)ကျပ် ၂၇၀၀၀၊ ယူရီးယား(ပန်းဖူး-တရုတ်) ကျပ် ၂၇၀၀၀၊ သံကွင်း (၄၆%-တရုတ်) ကျပ် ၂၃၂၀၀၊ မြွားသီးစုံ ကျပ် ၁၇၆၀၀၊ ပန်းသီးစုံ ကျပ် ၁၇၆၀၀၊ အာမို ၁၀း၁၀း၅ ကျပ်၁၉၀၀၀၊ အာမို၁၅း၁၅း၁၅ ကျပ် ၄၀၀၀၀၊ ပိုတက် ကျပ် ၂၉၀၀၀ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

## နှံ့ဆီ/နှံ့မှုန့်

# ယခုတစ်ပတ် နှံ့ဆီတန်ချိန် ၅၆၀ကျော်နှင့် နှံ့မှုန့်တန်ချိန် ၂၃၀ကျော်ဝင်

ဩဂုတ် ၄ ရက်မှ ၁၀ ရက်အတွင်း အမေရိကန်ဒေါ်လာ ၆၄၃၈၆၅ တန်ဖိုးရှိနှံ့ဆီ ၅၆၁ ဒသမ ၇၈ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့သည်။ ယခုတစ်ပတ် မလေးရှားနိုင်ငံမှ ၁၂၄ ဒသမ ၀၂ တန်နှင့်စင်ကာပူနိုင်ငံမှ ၄၃၇ ဒသမ ၇၆ တင်သွင်းခဲ့ကြောင်းသိရသည်။ တင်သွင်းခဲ့သည့် တံဆိပ်များမှာ အိုကေ၊ ဒွန်းနှင့် Hawk တို့ဖြစ်သည်။ယခင်သီတင်းပတ်က နှံ့ဆီတန်ချိန် ၄၈၂ ဒသမ ၇၉၅ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ်တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၇၈ ဒသမ၉၈၅ တန် ပိုမိုတင်သွင်းခဲ့ကြောင်းသိရသည်။

အမေရိကန်ဒေါ်လာ ၆၁၉၁၆၄ တန်ဖိုးရှိနှံ့မှုန့် ၂၃၄ ဒသမ ၅၆၁ တန်ကို တင်သွင်းခဲ့သည်။ ယခုတစ်ပတ် နယူးဇီလန်နိုင်ငံမှ ၁၁၀ ဒသမ ၃၆၂ တန်၊ ပိုလန်နိုင်ငံမှ ၁၁၅ တန်နှင့် အိုင်ယာလန်နိုင်ငံမှ ၉ ဒသမ ၂၀ တန် တင်သွင်းခဲ့ကြောင်းသိရသည်။ ယခုတစ်ပတ်ပိုလန်နိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည်။ ယခင် သီတင်းပတ်က နှံ့မှုန့် ၂၂၃ ဒသမ ၉၇၅ တန် တင်သွင်းခဲ့ခြင်းကြောင့် ယခုတစ်ပတ် တင်သွင်းမှုနှင့် နှိုင်းယှဉ်လျှင် ၁၀ ဒသမ ၅၈၆ တန် ပိုမိုတင်သွင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ယခုတစ်ပတ် နှံ့ဆီရောနှံ့မှုန့်ပါ တင်သွင်းမှုပိုခဲ့သည်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘီလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၈ မှ ၉/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၇ မှ ၂/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၇၅.၈၀ | ၆၂.၉၀ | (+) | ၁၂.၉၀ |
| ၂။ | လွယ်ဂျယ် | - | - | | - |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီ | ၆၀.၀၀ | - | (+) | ၆၀.၀၀ |
| ၅။ | တာချီလိတ် | ၁၀၀၀.၀၀ | ၄၅၅၀.၀၀ | (-) | ၃၅၅၀.၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | - | - | | - |
| ၈။ | မြိတ် | ၁၈၀၀.၀၀ | ၅၇၅၀.၀၀ | (-) | ၃၉၅၀.၀၀ |
| | စုစုပေါင်း | ၂၉၃၅.၈၀ | ၁၀၃၆၂.၉၀ | (+) | ၇၄၂၇.၁၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃/၈ မှ ၉/၈ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၇ မှ ၂/၈ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၃၇၈၇.၀၀ | ၃၇၀၁.၅၀ | (+) | ၈၅.၅၀ |
| ၂။ | လွယ်ဂျယ် | ၁၅၆.၈၀ | ၄၆၈.၀၀ | (-) | ၃၁၁.၂၀ |
| ၃။ | ချင်းရွှေဟော် | ၈၁၆၁.၅၀ | ၇၃၄၅.၃၅ | (+) | ၈၁၆.၁၅ |
| ၄။ | ကန်ပိုက်တီ | ၁၂၇၁.၀၀ | ၁၆၂၀.၀၀ | (-) | ၃၄၉.၀၀ |
| ၅။ | မြဝတီ | - | - | | - |
| ၆။ | ကော့သောင်း | - | - | | - |
| ၇။ | မြိတ် | - | - | | - |
| ၈။ | ရိဒ် | ၉၀၀.၀၀ | ၂၀၀၀.၀၀ | (-) | ၁၁၀၀.၀၀ |
| ၉။ | တမူး | - | - | | - |
| | စုစုပေါင်း | ၁၄၂၇၆.၃၀ | ၁၅၁၃၄.၈၅ | (-) | ၈၅၈.၅၅ |

ခင်မိုးသူ

# ဟသ်ာတမြို့တွင် ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ မြို့တော်ခန်းမတွင် ဩဂုတ် ၉ရက် နံနက် ၉နာရီက ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည်။ ဆွေးနွေးပွဲတွင် ဟသ်ာတမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်သတင်းအချက်အလက်များကို ဆွေးနွေးသည်။

ဆက်လက်၍ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ဧရာဝတီတိုင်းတာဝန်ခံ ဦးနေဝင်းစိုးက ပဲပုပ်သီးနှံ၏ ပြည်ပဈေးကွက်အလားအလာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ခရိုင်ဦးစီးမှူး ဦးရွှေဖြူက ပဲတီစိမ်းတန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် (EU) ဈေးကွက်အခြေအနေခေါင်းစဉ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာအောင်က မြန်မာနိုင်ငံနှင့် ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ရိုးမဘဏ်မှ ဦးကျော်နိုင်ဦးက စိုက်ပျိုးမွေးမြူရေးဆိုင်ရာချေးငွေအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး ဆန်းသစ်တီထွင်မှုများနှင့် အကျိုးအမြတ်ရရှိနိုင်သော ပြည်တွင်းပဲပုပ်ဈေးကွက် ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက် စကားဝိုင်းအမေးအဖြေ ဆွေးနွေးခြင်းကို USAID မှ Programmer Officer ဦးသက်ထွန်းအောင်၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်နီလာအောင်၊ မြန်မာနိုင်ငံ ပဲပုပ်တောင်သူအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇော်အေး၊ စိမ်းလန်းဝေ တောင်သူဝန်ဆောင်မှုကွန်ရက်မှ မန်နေဂျာ ဒေါ်စောရွှေ၊ ဟသ်ာတကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးမြင့်သိန်းဦးနှင့် ရိုးမဘဏ်မှ တာဝန်ရှိသူ ဦးကျော်နိုင်ဦးတို့ပါဝင်ဆွေးနွေးခဲ့ကြသည်။ စကားဝိုင်းဆွေးနွေးပွဲအပြီးတွင် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော တောင်သူများက ပဲပုပ်စိုက်ပျိုး ထုတ်လုပ်ရာတွင် တွေ့ရတတ်သော အခက်အခဲများကို အစုအဖွဲ့အလိုက် ဆွေးနွေးအဖြေရှာခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး ဦးစိုးအောင်က အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ပြီး အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူမြို့နယ်များမှတောင်သူ၅၀၀ ခန့်တက်ရောက်ခဲ့ပြီး ညနေ ၄နာရီခွဲတွင် အလုပ်ရုံဆွေးနွေးပွဲပြီးမြောက်ခဲ့ကြောင်းသိရှိရသည်။ **မောင်မောင်မြတ်ခိုင်(ဟသ်ာတခရိုင်)**

# မြေဆီလွှာပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ မြေစစ်ဆေးမှုများ အခမဲ့ပြုလုပ်ပေးမည်

မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ တောင်သူလယ်သမားများအနေဖြင့် မိမိမြေကို စစ်ဆေးလိုပါက မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အခမဲ့စမ်းသပ်စစ်ဆေးပေးမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ပြောသည်။ ဩဂုတ် ၁၂ ရက်က ကုန်သည်စက်မှုအသင်းချုပ်ရှိ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းရုံး၌ ပြုလုပ်သည့်အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

"တောင်သူတွေက မြေဩဇာပက်တယ်။ မြေဆီလွှာတွေဆုံးရှုံးပြီး ပျက်စီးနေတဲ့အနေအထားရှိတယ်။ ဒါတွေကို ဘယ်လိုပြုပြင်မလဲ။ မြေဆီလွှာက အရေးကြီးတယ်။ မြေဆီလွှာပြုပြင်ဖို့ ကိုယ့်ရဲ့မြေအနေအထားသိဖို့လိုတယ်။ ကိုယ့်ရဲ့ မြေအနေအထားနဲ့ စိုက်မယ့်သီးနှံ ဘယ်လိုလိုက်လျောညီထွေဖြစ်ဖို့လိုတယ်ဆိုတာ သိဖို့လိုတယ်။ ဒါကြောင့် တောင်သူတွေကို အကူအညီပေးပါတယ်"ဟု ၎င်းက ပြောသည်။

မိမိလယ်ယာမြေ အခြေအနေကိုသိရှိလိုသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းရုံးသို့ မြေနမူနာများကို ပေးပို့၍ အခမဲ့စစ်ဆေးနိုင်သည်ဟု ဆိုသည်။ ယင်းသို့လယ်သမားများထံမှ ပေးပို့လာသော မြေနမူနာများကို ကြို့ကုန်းရှိ စိုက်ပျိုးရေးဦးစီးဌာနသို့ ပေးပို့စစ်ဆေးလျက်ရှိပြီး မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ အသင်းဝင်များမှသာမက အသင်းဝင်မဟုတ်သော တောင်သူလယ်သမားများကိုပါ စစ်ဆေးနိုင်ရန် လက်ခံပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။

"အထူးသဖြင့် လယ်တစ်ဧကမှာရှိတဲ့မြေကို လေးထောင့်ကန့်လန့်ဆွဲပြီးတော့ ကျွန်တော်တို့ကို မြေနမူနာပေးရင် ကျွန်တော်တို့ကစမ်းသပ်ပြီး သူ့ရဲ့မြေအနေအထားကို ပြန်ပြောင်းပြီး ဘယ်လိုပြုပြင်၊ ဘယ်လိုစိုက်ရင်ရမလဲဆိုတာကို ကူညီပေးနေပါတယ်။ မြေဆီလွှာစစ်ဆေးပေးတယ်ဆိုတာက အသင်းဝင်မှ မဟုတ်ပါဘူး။ မည်သူမဆို တောင်သူလယ်သမားဖြစ်ရင် ပြီးရောစစ်ဆေးလို့ရပါတယ်။ သူ့ရဲ့မြေ ဘယ်ဒေသမှာရှိတယ်။ ဒေတာအချက်အလက်နဲ့မြေကြီးနမူနာကို ဘယ်သူပဲလာပေးပေး၊ လာပေးတဲ့သူကို စစ်ဆေးပေးပါတယ်"ဟု၎င်းက ပြောသည်။

လက်ရှိတွင် ကြို့ကုန်းရှိ စိုက်ပျိုးရေး ဦးစီးဌာနကို ယင်းမြေများကို ပို့ဆောင်၍ အဖြေရရှိပါက အကြောင်းပြန်ပေးပြီး စမ်းသပ်ခများကိုလည်း အသင်းကကျခံပေးကာ မြေလာပေးသည့် ကုန်ကျစရိတ်သာ တောင်သူများဘက်က ကုန်ကျခံရသည်ဟုဆိုသည်။ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းအနေဖြင့် လက်ရှိတွင် ဧရာဝတီတိုင်းဒေသကြီး ကော့မှူး၊ ကွမ်းခြံကုန်းစသည့်ဒေသများရှိ တောင်သူလယ်သမားများ၏ မြေနမူနာများကို စစ်ဆေးပေးလျက်ရှိပြီး ယင်းသို့စစ်ဆေးရာတွင် နိုက်ထရိုဂျင်လွန်ကဲမှုကြောင့် ပျက်စီးမှု ဖြစ်ပေါ်နေသည့် မြေအမျိုးအစားများကို တွေ့ရှိရကြောင်း သိရသည်။ **ပန်းဆု**

# ကလေးမြို့ အမှတ်- (၃)အခြေခံပညာအလယ်တန်းကျောင်း၌ စားသုံးသူအသိပညာပေးဟောပြော

ကလေးမြို့ အောင်မြေမာန်ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ဩဂုတ်၁၆ရက်တွင် ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအသိပညာပေးဟောပြောပွဲပြုလုပ်ပြီး ကလေးခရိုင် စားသုံးသူရေးရာဦးစီးဌာန အကြီးတန်းစာရေးဒေါ်သိမ့်သိမ့်ထွန်းက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ၊ စားသုံးသူကာကွယ်ပေးရေးဥပဒေအရ လိမ်လည်လှည့်ဖြားမှုအကြောင်းသိကောင်းစရာများ၊ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ စားသောက်နိုင်ရေးအတွက် အစားအသောက်နှင့်ပတ်သက်၍ မည်ကဲ့သို့ရွေးချယ်ဝယ်ယူစားသောက်ရမည်ဆိုသည့်အကြောင်းသိကောင်းစရာများ ဟောပြောဆွေးနွေးခဲ့သည်။ **ဇင်မိုးဝါ(ကလေးမြို့)**

## ပြည်တွင်းဆီဈေးနှုန်းများ (၁၆-၈-၂၀၁၉)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၇၂၀၀ | ၇၅၀၀ | △ | ၇၅၀၀ | ၇၅၀၀ | □ | ၁၇၀၀ | ၁၈၀၀ | △ |
| ရန်ကုန် | ၇၀၀၀ | ၇၀၀၀ | □ | ၈၅၀၀ | ၈၅၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မန္တလေး | ၇၀၀၀ | ၇၈၀၀ | △ | ၇၂၀၀ | ၇၂၀၀ | □ | ၁၆၀၀ | ၁၈၀၀ | △ |
| ပဲခူး | ၆၄၀၀ | ၆၄၀၀ | □ | ၆၄၀၀ | ၆၄၀၀ | □ | ၁၇၀၀ | ၁၇၀၀ | □ |
| မကွေး | ၇၂၀၀ | ၆၅၀၀ | ▽ | ၇၅၀၀ | ၇၅၀၀ | □ | ၁၆၅၀ | ၁၆၀၀ | ▽ |
| မုံရွာ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| စစ်တွေ | ၇၀၀၀ | ၇၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၂၂၀၀ | ၂၂၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၆-၈-၂၀၁၉ US$/Ton

| အမျိုးအစား | ဩဂုတ်ပထမပတ် | ဩဂုတ်ဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၄၉၇.၅၀ | ၅၁၅.၀၀ | △ |
| RBD P.Olein | ၅၁၀.၅၀ | ၅၂၆.၀၀ | △ |
| RBD P.Stearin | ၄၈၇.၅၀ | ၅၀၇.၅၀ | △ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၆-၈-၂၀၁၉) ရက်

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၄၂၅.၂၉ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၅၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၁၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၁၅ |
| ဆီကန်သို့လှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၈၁.၈၀ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၂.၈၈ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၇.၄၄ |
| ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | | ၁၅၇၁.၀၅၂ |

မှတ်ချက်။
၁။ အထက်ပါတွက်ချက်မှုမှာ ၁၆-၈-၂၀၁၉ နေ့ (CIF ဈေး Cloud Point 8 °C Max 575 ဒေါ်လာနှင့် USD ဈေး ၁၅၁၇ ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။
၂။ ၁၆-၈-၂၀၁၉ နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။
၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။
၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၅၁၇ကျပ်ဖြင့် တွက်ချက်ထားပါသည်။
၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။
၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# စစ်ကိုင်းဒေသထွက်ကုန် အင်ကြင်းကျောက်

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်အတွင်း ကမ္ဘာ့ဈေးကွက်၌ နာမည်ရပြီးဖြစ်သော သဘာဝ တန်ဖိုးနည်းကျောက် ကိုးမျိုးထွက်ရှိပြီး အင်ကြင်းကျောက်၊ ထန်းကျောက်ဖြင့် ပြုလုပ်ထားသည့် လက်မှုအနုပညာပစ္စည်းများသည် အသက်ရှည်ခြင်း၊ လာဘ်လာဘကောင်းခြင်း၊ ကိုယ်ခံစွမ်းအားကောင်းခြင်း စသည့်အယူအဆများကြောင့် ဈေးကွက်တွင် လူကြိုက်များပြီး အရောင်းသွက်လျက်ရှိကြောင်း သိရသည်။ အင်ကြင်းကျောက်သည် ရှေးကာလသစ်ပင်ကြီးများ လဲပြိုကျပြီး နွံမြေ (သို့မဟုတ်)ဆီနှင်းထုထဲပိတ်လှောင်မိပြီး နှစ်သန်းပေါင်းများစွာ ပြင်ပလေနှင့်ထိတွေ့မှု မရှိသည့် အခြေအနေမှ ကျောက်သားအဖြစ် ပြောင်းလဲသွားခြင်းဖြစ်သည်။ မည်သည့်အပင်မျိုးမဆို နှစ်ကာလကြာမြင့်၍ ကျောက်ဖြစ်သွားလျှင် အင်ကြင်းကျောက်ဟုယူဆကြကြောင်း သိရသည်။ အင်ကြင်းကျောက်ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၇ နိုင်ငံတွင် တွေ့နိုင်သည်။ မုံရွာမြို့တွင် အင်ကြင်းကျောက် ထုတ်လုပ်ရောင်းချသည့်လုပ်ငန်းရှင် နှစ်ဦးရှိသည်။ KSM တွင်းထွက်ကျောက်အချောထည် ထုတ်လုပ်ရေးလုပ်ငန်းသည် မုံရွာစက်မှုဇုန်တွင်ထုတ်လုပ်ပြီး Online မှတစ်ဆင့် ရောင်းချလျက်ရှိသည်။ မိသားစုတစ်နိုင်တစ်ပိုင် လုပ်ငန်းဖြစ်ပြီး လုပ်သားနှစ်ဦးဖြင့် လည်ပတ်ကာ အမှာများလျှင် စစ်ကိုင်းမြို့ရှိ ကျောက်အချောထည်လုပ်ငန်းသို့ ကုန်ကြမ်းပေးကာ အရေအတွက်ဖြင့် ထုတ်လုပ်ခိုင်းရကြောင်း သိရသည်။ အင်ကြင်းကျောက်ဖြင့် ထုတ်လုပ်သည့် ပစ္စည်းအမျိုးအစားပေါင်း ၅၀ ကျော်ကို ထုတ်လုပ်ပြီး အင်ကြင်းကျောက်အပြင် ထန်းကျောက်၊ ကျောက်စိမ်း၊ တခြားတန်ဖိုးနည်းကျောက်ဖြစ်သည့် မဟူရာ၊ အလင်းမှုန်စလင်းကျောက်၊ အလင်းပိတ်သလင်းကျောက်များနှင့်တွဲဖက်၍ ဆွဲကြိုး၊ လက်ကောက်၊ လက်ပတ်၊ ဆွဲသီးများနှင့် အိမ်တွင်းအလှဆင် ပစ္စည်းများကို တန်ဖိုးနည်းကျောက်များဖြင့် Value Added ထုတ်လုပ်ရောင်းချနေပါသည်။ အင်ကြင်းကျောက်ကိုကနီ၊ အရာတော်၊ ပုလဲ၊ ယင်းမာပင်၊ ဘုတလင်၊ မင်းကင်း၊ ကလေးဝနှင့် ကန့်ဘလူတို့မှ ဝယ်ယူကြောင်းသိရသည်။

တစ်နေ့ထုတ်လုပ်မှုမှာ ဆွဲသီး ၅၀၀ မှ ၁၀၀၀ ကြား၊ ပုတီးလုံးများထုတ်လျှင် ထုတ်သလောက်ရရှိပြီး အမျိုးအစားမျိုးစုံကို အမှာများပါက များသလိုထုတ်လုပ်လျက်ရှိသည်။ စစ်ကိုင်းမြို့သို့ ကုန်ကြမ်းပေး၍ကုန်ချောယူစနစ်ဖြင့်ထုတ်လုပ်သော ရေနွေးကရား၊ ကော်ဖီခွက်၊ ဆေးလိပ်ခွက်နှင့် ဆင်ရုပ်များမှာ တစ်ပတ်လျှင် အရေအတွက်အလိုက် ကျပ် ၁၀ သိန်းဖိုးမှ သိန်း ၃၀ကြားရှိသည်။ ဝင်ငွေအားဖြင့် ပုံမှန်မရှိသော်လည်း လက်ကားသမားများရှိပြီး ကျပ် ၄၀ သိန်းမှ ၅၀ သိန်းကြား လစဉ်မှာယူပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးမှလည်း လစဉ်အမှာရှိကြောင်းသိရသည်။လက်လီရောင်းအားမှာ ခန့် မှန်းလို့မရဘဲ တစ်နေ့တည်း ကျပ် ၁၅ သိန်းဖိုး ဝယ်ယူသူများလည်းရှိပြီး ၎င်းတို့လုပ်ငန်းမှာ အရင်းအနှီးများလျှင် များသလောက် ထုတ်လုပ်မှုတိုး၍လုပ်နိုင်ကြောင်း သိရသည်။ အင်ကြင်းကျောက် အရောင်းအသွေးများမှာ မီးခိုးရောင်၊ အညိုရောင်၊ အနီရောင်၊ ခရမ်းရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်နှင့် မြင့်မားသော သစ်ပင်ကြီးမှဖြစ်သည့် အရောင်မှာ အရောင်ပိုရင့်ကြောင်းလည်း သိရသည်။ အင်ကြင်းကျောက်ကို မည်သည့်ရာသီခွင်တွင် မွေးဖွားသူဖြစ်ပါစေ ဆောင်ထားသင့်ကြောင်း၊ အင်ကြင်းကျောက်ကို ရေဖြင့် သန့်စင်ပြီး နေရောင်ခြည်အောက်တွင် မိနစ် ၃၀ ခန့်ထားခြင်းဖြင့် စွမ်းအင်ပြည့်နိုင်ကြောင်းလည်း သိရှိရသည်။ KSM တွင်းထွက်ကျောက်အချောထည်လုပ်ငန်း ထုတ်လုပ်ရေးလုပ်ငန်းမှ ထုတ်လုပ်သည့်ပစ္စည်းများသည် မြန်မာမှု မြန်မာ့ဟန်ကို ပြသရာရောက်ပြီး ဒေသတွင်းထွက်ရှိသည့်ကျောက်လည်းဖြစ်သည့်အပြင် နိုင်ငံခြားသားများ အကြိုက်တွေ့သည့် ပစ္စည်းများဖြစ်ကြောင်းလည်း သိရသည်။

**နှင်းပန်းဖြူ**
**ဇေယျာကုန်သွယ်မှုဗဟိုဌာန**

# ဩဂုတ်လ တတိယပတ်အတွင်း ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းများ

ဩဂုတ်လ တတိယပတ်အတွင်း မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်ခဲ့သည့် ပဲမျိုးစုံဈေးကွက်နှင့် ဈေးနှုန်းမှာ ကုလားပဲသီးနှံမှာ နေ့စဉ်တင်းပေါင်း ၅၀၀ခန့် အရောင်းအဝယ်ဖြစ်ပြီး ပေါက်ဈေးနှုန်းမှာ ကုလားပဲ ဖြူလုံးကြီး တစ်တင်း ကျပ် ၂၇၀၀၀၊ ထိုင်ဝမ်တစ်တင်း ကျပ် ၂၇၃၀၀ ၊ 929 တစ်တင်း ကျပ် ၂၇၃၀၀၊ V3V7 ကျပ် ၂၆၀၀၀ နှုန်းပေါက်ပြီး ယခင်တစ်ပတ်ပေါက်ဈေးနှုန်းထက် ဈေးပြန် မြင့်လာကြောင်း သိရသည်။

ဂျုံသီးနှံအရောင်းအဝယ်ဖြစ်မှုမှာ နေ့စဉ် တင်းပေါင်း ၂၀၀ခန့်၊ ဂျုံဖြူသန့်တစ်တင်း ပေါက်ဈေးနှုန်းမှာ ကျပ် ၁၇၀၀၀ မှ ၁၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ပဲစင်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းသီးနှံများမှာ ပြည်ပဝယ်လက်ရှိသော်လည်း ကုန်သည်များလှောင်ထားသည့် လက်ကျန်ပဲများဖြင့်သာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ ပဲစင်းငုံတစ်တင်း ကျပ် ၂၉၅၀၀၊ မတ်ပဲတစ်တင်း ကျပ် ၂၂၀၀၀ မှ ၂၅၀၀၀ နှုန်း ပေါက်လျက်ရှိပြီး ယခင်တစ်ပတ် ပေါက်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ဈေးလျော့နည်းလျက်ရှိသည်ကို တွေ့ရသည်။ ပဲတီစိမ်းသီးနှံ ယခုတစ်ပတ်ပေါက်ဈေးနှုန်းမှာ တစ်တင်း ကျပ် ၃၀၀၀၀ မှ ၃၂၀၀၀ အထိ ပေါက်လျက်ရှိပြီး နေ့စဉ်တင်း ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်အတွင်း ပဲကြီးတစ်တင်းပေါက်ဈေးနှုန်းမှာ ကျပ် ၃၅၀၀၀မှ ၂၇၇၀၀၊ နေ့စဉ်တင်း ၂၀၀ခန့်၊ ပဲနီလုံးရိုးရိုး တစ်တင်း ကျပ် ၁၉၀၀၀ နှုန်းနဲ့ တင်း ၁၅၀ခန့်၊ ပဲနီလုံးကျားတစ်တင်း ကျပ် ၁၈၇၀၀၊ တင်း ၁၀၀ခန့်၊ ပဲပုပ်တစ်တင်း ကျပ် ၂၀၀၀၀ ပေါက်ဈေးဖြင့် တင်းပေါင်း ၂၀၀ ခန့်၊ CP ပြောင်း တစ်တင်း ကျပ် ၇၅၀၀ နှုန်းဖြင့် တင်းပေါင်း ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**ကြည်ကြည်နွယ်**



# ဝယ်လိုအားနည်း၍ ဈေးကျနေသည့် မတ်ပဲ

ရန်ကုန်မြို့ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မတ်ပဲ FAQ /RC(2019) ၏ အရောင်းအဝယ်ဖြစ်မှု အခြေအနေမှာ ယခုတစ်ပတ်အတွင်း ရောင်းချသူများက အရောင်းနည်း၍ ဝယ်လိုအားနည်းပြီး ဈေးကျနေကြောင်းသိရသည်။

ဩဂုတ် ၁၅ ရက် မတ်ပဲ FAQ /RC(2019) တစ်တန်ဈေး ကျပ် ၇၇၀၀၀၀ ဖြစ်ပြီး ယခင်နေ့ထက် ကျပ် ၁၀၀၀ ဈေးကျလာကြောင်း၊ ဩဂုတ် ၁၅ ရက် အရောင်းအဝယ်ဖြစ်မှုမှာ မတ်ပဲ FAQ/RC(2019) တစ်တန်လျှင် ကျပ်သိန်း ၇ ဒသမ ၇ ဖြင့် ကွန်တိန်နာငါးလုံး၊ ကွန်တိန်နာတစ်လုံးလျှင်တန်ချိန် ၂၄ တန်ဖြင့် စုစုပေါင်းတန်ချိန် ၁၂၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ရွှေဝါထွန်း(မြင့်တင်၊ပြည်တွင်း-ရန်ကုန်)**

# ဒေသထွက် ဝဥသီးနှံ ဈေးဆက်ကောင်းနိုင်

ကရင်ပြည်နယ်သည် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး၊ ရော်ဘာ၊ သီးနှံအမျိုးမျိုး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့်အပြင် ဆေးဖက်ဝင်သီးနှံတွင် ပါဝင်သည့် ဝဥသီးနှံကို စိုက်ပျိုးလျက်ရှိသည်။ စိုက်ပျိုးပြီး တစ်နှစ် သို့မဟုတ် နှစ်နှစ်တွင် ဥများကို တူးဖော်နိုင်ခြင်း၊ ပြည်ပဈေးကွက်ဝင် ဖြစ်ခြင်းနှင့်အညီ ဆေးဖက်ဝင် သီးနှံတစ်မျိုးဖြစ်သည့်အတွက် အကျိုးအမြတ်ကို မျှော်ကိုးပြီး စိုက်ပျိုးလျက်ရှိရာ တစ်နှစ်ထက်တစ်နှစ် ဈေးပိုရလာပြီး အရောင်းအဝယ်လည်း သွက်ခဲ့ကြောင်း သိရသည်။

ဝဥသီးနှံကို မိုးဦးမေလတွင်စတင်စိုက်ပျိုးပြီး မိုးအကုန် ဆောင်းရာသီ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင် မြေပေါ်ပင်ပိုင်းညှိုးခြောက်သွားချိန်မှာ တူးဖော်ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ဝဥသီးနှံသည် ပြည်ပဝယ်လိုအားရှိပြီး နိုင်ငံခြားဝင် ငွေရရှိနိုင်သော သီးနှံဖြစ်သည့်အတွက် ဝဥဝယ်လိုအားမှာလည်း တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပြီး ဈေးကောင်းလည်းရရှိလာကြောင်း ကရင်ပြည်နယ် မြဝတီခရိုင်တွင် ဝဥအဝါရောင်မျိုးအား ဝယ်လက်တွေက အဓိကဝယ်ယူလျက်ရှိပြီး ၂၀၁၇ နှစ်က ဝဥ အစို တစ်ပိဿာလျှင် ကျပ် ၂၅၀ မှ ၄၀၀၊ ဝဥအခြောက် တစ်ပိဿာလျှင် ကျပ် ၄၀၀ မှ ၆၀၀ အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သော်လည်း ၂၀၁၈ ခုနှစ်ထွက် ဝဥအခြောက် တစ်ပိဿာကို ကျပ် ၈၀၀ ဖြင့် စတင်ဈေးဖွင့်ခဲ့ပြီး ဈေးပိတ် ချိန်တွင် ဝဥအစို တစ်ပိဿာ ကျပ် ၁၉၅၀၊ ဝဥအခြောက် တစ်ပိဿာကို ကျပ် ၁၃၂၀ ဈေးအထိ ဈေးကောင်းရပြီး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ဝဥသီးနှံကို နိုင်ငံတကာတွင် ခေါက်ဆွဲမှုန့်၊ ဂျယ်လီ၊ အသားတု၊ ပူတင်း၊ ကော်ဖီ၊ သကြားလုံးများ ပုံစံအမျိုးမျိုးနှင့် စားသောက်ကြကြောင်း ကျန်းမာရေးအတွက်လည်း အထောက်အကူပြုသည့်အပြင် တိုင်းရင်းဆေးနှင့် ခေတ်မီဆေးဝါးအဖြစ် ထုတ်လုပ်သုံးစွဲနေကြောင်း သိရသည်။

ဈေးကွက်၌ ဝဥသီးနှံ ထွက်ချိန်တွင် အဝယ်ဒိုင်ခွဲငယ်လေးများ ဖွင့်ပြီး အရည်အသွေးအပေါ် မူတည်ကာ ဈေးပေးအဝယ်ရှိခဲ့ကြောင်း၊ ယခု ဝဥသီးနှံထွက်ရှိမည့်ကာလတွင်လည်း နိုပွန်ဖောင်ဒေးရှင်းမှ အရည်အသွေးအလိုက် ဈေးပေး ဝယ်ယူမည်ဖြစ်ကြောင်း သိရသည့်အတွက် ဝဥသီးနှံဈေးဆက်လက်မြင့်တက်ပြီး အရောင်းအဝယ်လည်း သွက်လာနိုင်ကြောင်း ဈေးကွက်အတွင်းမှသိရှိရသည်။

**ခင်မောင်မောင်အုန်း(ဖွဲ့ကပင်)**

**စာမျက်နှာ (၃) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် . . . မှအဆက်**

ချမှတ်နိုင်ရန်နှင့် ကဏ္ဍအလိုက် အဖွဲ့ခွဲများမှ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးကို အထောက်အကူပြုမည့် ဦးစားပေးရွေးချယ်ထားသည့် စီမံကိန်းအဆိုပြုလွှာများ ဖော်ထုတ်ပြီး ဖွံ့ဖြိုးမှုအကူအညီများ ရယူဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ခြင်းသည် နိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်အခါတွင် စိန်ခေါ်မှုများစွာကိုကြုံတွေ့နေရသော်လည်း ဖွံ့ဖြိုးတိုးတက်ရန် ကြုံတွေ့နေရသော အခက်အခဲများဟု မှတ်ယူ၍ နိုင်ငံတကာမှ ဖွံ့ဖြိုးမှုအကူအညီများ၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့်အတူ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်ပါက မိမိတို့၏လုပ်ငန်းစဉ်များ အောင်မြင်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(International Labour Organization-ILO) မှ Liaison Officer, Mr. Donglin Li က နှုတ်ခွန်းဆက်စကားပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကုန်သွယ်ရေးကဏ္ဍ၊ စက်မှုကုန်ချောထုတ်လုပ်မှုကဏ္ဍ၊ ခရီးသွားလုပ်ငန်း ကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍ အစရှိသည့် ဦးစားပေးကဏ္ဍအလိုက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေး တင်ပြခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဦးစားပေးကဏ္ဍအလိုက် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (International Labour Organization)မှ တာဝန်ရှိသူများ၊ INGO များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြခဲ့ကြောင်း သတင်းရရှိသည်။

**MOC(IR)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုတစ်ပတ်အတွင်း စပါး/ဆန်စျေး အခြေအနေ

ယခုတစ်ပတ်တွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ စပါး/ဆန်စျေးများအနေဖြင့်အကျမရှိဘဲ အတက်ဘက်သို့ဦးတည်နေပြီး ဆန်စျေးများမှာ အနည်းငယ်သာပြောင်းလဲပြီး စပါးစျေးများ အဝယ်လိုက်သဖြင့် စျေးခေါ်ကာတက်လျက်ရှိသည်။ ရွှေဘိုခရိုင်တွင်စျေးနှုန်းများ အပြောင်းအလဲများပြီး ကလေးခရိုင်တွင် ဧရာမင်းတစ်မျိုးသာ စျေးနှုန်းပြောင်းကာ ကသာခရိုင်တွင် စပါး/ ဆန်စျေးများ စျေးငြိမ်နေသည်။ ရွှေဘိုခရိုင်ရှိ ယခုတစ်ပတ်ရွှေဘိုပေါ်ဆန်း စပါးစျေးမှာတင်း ၁၀၀ လျှင် ကျပ် ၁၅၂၀၀၀၀၊ ဆန်တစ်အိတ်လျှင် ကျပ် ၄၇၀၀၀ ထိရှိပြီး ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် စပါးစျေးမှာတင်း ၁၀၀ လျှင် ကျပ် ၁၀၀၀၀ နှင့် ဆန်စျေးမှာလည်း တစ်အိတ်လျှင် ကျပ် ၁၀၀၀ ခန့် မြင့်တက်ခဲ့သည်။

ရွှေဘိုဧရာမင်းစပါးစျေးမှာ တင်း ၁၀၀ လျှင် ကျပ် ၁၀၈၀၀၀၊ ဧရာမင်းဆန်တစ်အိတ်လျှင် ကျပ် ၄၂၅၀၀ နှင့် အသွယ်စပါးတင်း ၁၀၀ လျှင်ကျပ် ၇၅၀၀၀၀၊ အသွယ်ဆန်တစ်အိတ်လျှင် ကျပ် ၂၉၀၀၀ ထိရှိကာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက ဧရာမင်းနှင့် အသွယ်စပါးစျေးမှာတင်း ၁၀၀ လျှင်ကျပ် ၁၀၀၀၀နှင့် ဆန်တစ်အိတ် ကျပ် ၅၀၀ ခန့်မြင့်တက်ခဲ့သည်။ ရွှေဘိုရှိနွေစပါးအသစ်ဖြစ်သော ၇၄၇ အနေဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက စပါးစျေးမှာ တင်း ၁၀၀ လျှင် ကျပ် ၃၀၀၀၀ ခန့် မြင့်တက်ခဲ့ပြီး ဆန်စျေးမှာ စျေးငြိမ်နေသည်။

စျေးနှုန်းများအနေဖြင့် နွေ ၇၄၇ စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၀၀၀ နှင့် ဆန်တစ်အိတ်ကျပ် ၁၇၀၀၀ ရှိသည်။ နွေစပါးသစ်အသွယ်များလည်း စျေးကွက်အတွင်း စပါး တင်း ၁၀၀ လျှင် ကျပ် ၅၄၀၀၀၀ နှင့် ဆန်တစ်အိတ် ကျပ် ၂၁၅၀၀ ဖြင့် စတင်ဝင်ရောက်ခဲ့သည်။ ရေဦးစပါး/ဆန်စျေးသည် ပေါ်ဆန်းနှင့် ဧရာမင်းတို့ ယခင်တစ်ပတ်တိုင်း စျေးငြိမ်နေပြီး နွေအသွယ် တစ်မျိုးသာစျေးနှုန်းပြောင်းလဲခဲ့သည်။ စျေးနှုန်းများအနေဖြင့် ရေဦးပေါ်ဆန်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၄၀၀၀၀၀၊ ဆန်တစ်အိတ်ကျပ် ၄၆၅၀၀ နှင့်ရေဦးဧရာမင်း စပါးတင်း ၁၀၀ လျှင် ကျပ် ၁၀၃၀၀၀၀၊ ဆန်တစ်အိတ် ကျပ် ၃၇၅၀၀ တို့ဖြစ်ပြီး ယခင်တစ်ပတ်အတိုင်း စျေးငြိမ်နေသည်။

ကလေးခရိုင်ရှိ စပါး/ဆန်စျေးအနေဖြင့် ဧည့်မထနှင့် ငစိန်တို့စျေးငြိမ်ကာ ဧရာမင်းတစ်မျိုးသာ စပါးစျေးပြောင်းလဲခဲ့သည်။ ဧရာမင်းစပါးစျေးမှာ ယခင်တစ်ပတ်ကတင်း ၁၀၀ လျှင်ကျပ် ၉၄၀၀၀၀ ရှိရာမှ ယခုတစ်ပတ်တွင်ကျပ် ၁၀၀၀၀၀၀ ထိရှိလာပြီး ဆန်စျေးမှာ ယခင်တစ်ပတ်အတိုင်း တစ်အိတ်လျှင်ကျပ် ၃၂၀၀၀ ဖြင့် မပြောင်းလဲဘဲ စျေးငြိမ်နေသည်။ ဧည့်မထစပါး/ ဆန်စျေးမှာ ယခင်တစ်ပတ်အတိုင်း စပါးတင်း ၁၀၀ လျှင် ကျပ် ၇၅၀၀၀၀၊ ဆန်တစ်အိတ်လျှင်ကျပ် ၂၃၅၀၀ နှင့် ငစိန်စပါး/ဆန်စျေးမှာ ယခင်တစ်ပတ်အတိုင်း စပါးတင်း ၁၀၀ လျှင်ကျပ် ၇၃၅၀၀၀၊ ဆန်တစ်အိတ် လျှင်ကျပ် ၂၂၀၀၀ ဖြစ်ပြီး အရောင်းအဝယ်အေးနေသည်။

**ကျော်ဇင်ဝင်း (ဧယျာကုန်သွယ်မှုဗဟိုဌာန)**

# သီရိမင်္ဂလာစျေးရှိ သစ်သီးဝလံစျေးနှုန်း အခြေအနေ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာစျေးတွင် ဩဂုတ် ၇ရက်မှ ၁၃ရက် အတွင်းဖြစ်ပေါ် ခဲ့သော သစ်သီးဝလံစျေးနှုန်းအခြေအနေများမှာ ဖျာပုံနှင့် ကျိုက်လတ်မှသံပရာသီးအကြီး တစ်လုံး ကျပ် ၄၀၊ အလတ်မှာ ၃၅ ကျပ်၊ အသေးမှာ ၂၅ ကျပ်နှင့် (မြန်မာ) မာလကာအကြီးတစ်လုံး ကျပ် ၁၀၀၊ အလတ်တစ်လုံး ကျပ် ၅၀၊ အသေးတစ်လုံး ၂၅ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ တိုက်ကြီးနှင့် ရွှေဘိုမှ(ကီလို) မာလကာ အကြီးတစ်လုံး ကျပ်၂၅၀၊ အလတ် ကျပ် ၁၅၀၊ အသေးမှာကျပ် ၅၀နှင့် သီပေါပျားနာနတ်မှာ အကြီးတစ်လုံး ကျပ် ၇၀၀၊ အလတ် ကျပ် ၅၀၀ နှင့်အသေးမှာ ကျပ် ၄၀၀ ရှိကြောင်း သိရသည်။ ဝမ်းတွင်းမှဖရဲ (၂၁၁) အကြီးတစ်လုံး ကျပ်၁၈၀၀၊ အလတ် ကျပ် ၁၃၀၀၊ အသေးမှာကျပ် ၁၀၀၀ နှင့် (၈၅၅) ဖရဲမှာ အကြီးတစ်လုံး ကျပ် ၃၅၀၀၊ အလတ်ကျပ် ၂၅၀၀၊ အသေးမှာကျပ် ၁၅၀၀ အသီးသီးရှိသည်။ မော်လမြိုင်ဒူးရင်းအကြီးတစ်လုံးကျပ် ၃၅၀၀၊ အလတ်ကျပ် ၂၅၀၀ နှင့် အသေး ကျပ် ၁၅၀၀ ရှိပြီး မော်လမြိုင်ကျွဲကော(ပန်းရောင်း) အကြီးတစ်လုံး ကျပ် ၂၀၀၀၊ အလတ်မှာကျပ် ၁၂၀၀ နှင့်အသေးမှာကျပ် ၈၀၀ စျေးပေါက်သည်။

ရပ်စောက်နှင့် ပင်ပစ်မှ သရက်(ရင်ကွဲ) အကြီးအလုံး ၆၀ ပါ သေတ္တာတစ်လုံးလျှင်ကျပ် ၁၅၀၀၀၊ အလတ်အရွယ် အလုံး ၈၀ ပါ သေတ္တာတစ်လုံးမှာ ကျပ် ၁၂၀၀၀ နှင့်အလုံး ၁၀၀ ပါ သေတ္တာတစ်လုံးမှာ ကျပ် ၉၀၀၀၊ ပြင်ဦးလွင်မှ နဂါးမောက် ၁၈ လုံးပါ ဂျပ်ဖာတစ်ဖာလျှင်ကျပ် ၁၃၀၀၀၊ ၂၂ လုံးပါ တစ်ဖာလျှင် ကျပ် ၁၀၀၀၀၊ အလုံး ၂၄ ပါတစ်ဖါလျှင် ကျပ် ၈၀၀၀ ရှိပြီး ဖျာပုံငှက်ပျောသီးမှာ အကြီးတစ်လုံးကျပ် ၃၀၊ အလတ်မှာ ၂၅ ကျပ်၊ အသေးမှာ ကျပ် ၂၀ နှင့်တိုက်ကြီးနှင့်မြောင်းတကာမှ ပီလောပီနံမှာ အလုံးကြီးတစ်ပိဿာ ကျပ် ၈၀၀၊ အလတ်မှာ ကျပ်၆၀၀၊ အသေးမှာကျပ် ၄၀၀ အသီးသီးစျေးရှိကြောင်း သိရှိသည်။

**West DOCA(Ygn)**

# စျေးမကွာတော့သည့် ပဲတီစိမ်း၊ ပဲနောက်

မကွေးတိုင်းဒေသကြီးအတွင်း ကုန်စည်ဒိုင်များနှင့် ပွဲရုံများတွင် ပဲမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ဇူလိုင်လပထမပတ်တွင်ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၃၂၅၀၀၊ ပဲနောက်တစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြစ်ပေါ် ခဲ့သည်။

ဩဂုတ် ၁၃ ရက်တွင် ပဲတီ စိမ်းတစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ ပဲနောက် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲတီစိမ်းနှင့် ပဲနောက် တစ်တင်းလျှင် ကျပ် ၁၀၀၀ စျေးကွာ၍ အရောင်းအဝယ် ဖြစ်ခဲ့သည်။ အရည်အသွေးကောင်းမွန်သည့် ပဲနောက်များ ဝင်ရောက်လာပြီး အဝယ်လိုက်၍ ယခုကဲ့သို့ စျေးပြန်လည် မြင့်တက်လာခြင်းဖြစ်သည်။ အရည်အသွေးကြောင့် စျေးအပြောင်းအလဲ၊ အတက်အကျရှိနိုင်သော်လည်း စျေးအတက်ဘက်သို့ဦးတည်လျက် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဇူလိုင်လက ပဲနောက်တစ်တင်းလျှင် ကျပ် ၂၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေရာမှ ယခု ဩဂုတ်လတွင် ပဲနောက် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဇူလိုင်လထက် ကျပ် ၂၅၀၀ ပိုမိုရရှိကြောင်း ကုန်သည်များထံမှသိရှိရသည်။

**လှမိုးခိုင် (ဖန်ခါးမြေကုန်သွယ်မှုဗဟိုဌာန)**

# မန္တလေး ကြက်သွန်နီစျေးနှုန်း စျေးကွက် အခြေအနေ

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် မြင်းခြံခရိုင်တို့တွင် တစ်ပတ်အတွင်း ကြက်သွန်နီစျေးကွက်အခြေအနေမှာ တောင်ပြုံးပွဲတော်ကာလဖြစ်သောကြောင့် အရောင်းအဝယ်အေးနေကြောင်း သိရသည်။

မန္တလေးစျေးကွက်တွင် ယခုတစ်ပတ် ကြက်သွန်နီ တစ်ပိဿာ လက်ကားစျေးနှုန်းများမှာ ထိပ်စ ကျပ် ၉၀၀၊ အလတ်စကျပ် ၈၀၀၊ အနိမ့်စကျပ် ၇၀၀၊ လက်လီစျေးနှုန်းများမှာ ထိပ်စကျပ် ၁၂၀၀၊ အလတ်စကျပ် ၁၀၀၀၊ အနိမ့်စ ကျပ် ၈၀၀ ဖြင့်နေ့စဉ် ကုန်ချိန်ပိဿာ ၂၅၀၀၀ မှ ၄၅၀၀၀ ကြားဝင်ရောက်မှုရှိနေကြောင်းသိရသည်။

မန္တလေးတိုင်းအတွင်း အရည်အသွေးကောင်း ကြက်သွန်နီထွက်ရှိသည့် ကျောက်ဆည်စျေးကွက်တွင် လက်ကားစျေးမှာ တစ်ပိဿာလျှင် အမြင့်စ ကျပ် ၉၀၀၊ အလတ်စကျပ် ၇၀၀၊ အနိမ့်စကျပ် ၅၀၀၊ လက်လီစျေးနှုန်း တစ်ပိဿာလျှင် ထိပ်စကျပ် ၁၀၀၀၊ အလတ်စကျပ် ၈၀၀၊ အနိမ့်စကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ ယခုတစ်ပတ်တွင် မန္တလေးနှင့် ကျောက်ဆည် ကြက်သွန်နီစျေးနှုန်းမှာ ယခင်တစ်ပတ်စျေးနှင့် ပြောင်းလဲမှုမရှိဘဲ ပုံမှန်ဖြစ်နေကြောင်းသိရသည်။

မြင်းခြံကုန်စည်ဒိုင်စျေးကွက်သို့ မြင်းခြံ၊ တောင်သာနှင့် အနီးတစ်ဝိုက်မှ ကြက်သွန်နီ အများအပြား စိုက်ပျိုးသည့် ရွာများမှ နေ့စဉ်ကုန်ချိန်ပိဿာ ၃၅၀၀၀ မှ ၆၇၀၀၀ ပိဿာထိ ဝင်ရောက်မှုရှိပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကုန်ချိန်အဝင်များလာကြောင်း၊ ယခင်တစ်ပတ်က လက်ကားစျေးတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၅၀ ရှိခဲ့ပြီး ယခုတစ်ပတ် လက်ကားစျေးတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၇၅ ကျပ် ပေါက်စျေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ မြင်းခြံကြက်သွန်နီစျေးနှုန်းမှာ ယခင်တစ်ပတ်စျေးထက် အောက်စကစျေးငြိမ်နေပြီး ထိပ်စက ၂၅ ကျပ်ခန့်တက်၍ အရောင်းအဝယ်အေးနေကြောင်း သိရသည်။

**ချောစုဝင်း**

# မူဆယ်မှ တရုတ်နိုင်ငံသို့ တင်ပို့သော ကြက်သွန်နီ စျေးနှုန်းများ

မူဆယ်မှတရုတ်သို့ ကြက်သွန်နီများ နေ့စဉ်တင်ပို့လျက်ရှိပြီး ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အထိ ၁၈၉၇ တန်တင်ပို့ခဲ့ကာ ဩဂုတ် ၇ ရက်မှ ၁၃ ရက်ထိ ၁၈၆၄ ဒသမ ၇၅ တန်တင်ပို့ခဲ့သဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် တင်ပို့မှုလျော့နည်းခဲ့သည်။ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အတွင်း ကြက်သွန်နီ တစ်တန်လျှင် ကျပ် ၄၀၀၀၀၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သလို ဇူလိုင် ၇ ရက်မှ ၁၃ ရက်အတွင်းတွင်လည်း တစ်တန်လျှင် ကျပ် ၄၀၀၀၀၀ ဝန်းကျင်ဖြင့်သာ အရောင်းအဝယ်ဖြစ်နေသည်။

ငွေစျေးမှာ တစ်ယွမ်လျှင် ၂၁၅ ကျပ်ဝန်းကျင်ဖြင့် ဩဂုတ်လ တွင် ငွေစျေးအတက်အကျမရှိသလို ကြက်သွန်နီစျေးမှာလည်း ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၆ ရက်အတွင်း တစ်ပိဿာလျှင် ကျပ် ၆၄၀ ဝန်းကျင်၊ ဩဂုတ် ၇ ရက်မှ ၁၃ ရက်အတွင်း ကျပ် ၆၄၀ ဖြစ်သဖြင့် ကြက်သွန်နီစျေးတည်ငြိမ်နေပြီး တစ်ပိဿာလျှင် တရုတ်ငွေ ၂ ဒသမ ၉ ယွမ်ရရှိကြောင်း ပဲ၊ပြောင်း၊ နှမ်းကုန်စည်ဒိုင်နှင့်ပွဲရုံများမှသိရသည်။

**ထွန်းမင်းထွန်း(မောဝ်ရွှေလီကုန်သွယ်မှုဗဟိုဌာန)**

# ပဲတီစိမ်း(ရွှေဝါ)စျေးငြိမ်နေပြီး ပဲတီစိမ်းအညာ စျေးအနည်းငယ်မြင့်တက်

မန္တလေးတိုင်းဒေသကြီးတွင် ပဲတီစိမ်းကို မိုးကြိုမိုးနှင့် ဆောင်းသီးနှံအဖြစ်စိုက်ပျိုးပြီး မတ်လနှင့် ဧပြီလ တို့တွင် စိုက်ပျိုးခဲ့ရာ ဇွန်လတွင် စျေးကွက်သို့ဝင်ရောက်ခဲ့ပြီး လတ်တလောတွင် မိုးရွာသွန်းမှုများပြီး တရုတ်ဝယ်လက်နှင့် ရေလမ်းကြောင်းမှ တင်ပို့မှုအေးနေခြင်းကြောင့် ပဲတီစိမ်းစျေးငြိမ်နေကြောင်း သိရသည်။

မန္တလေးကုန်စည်ဒိုင်စျေးကွက်တွင် ယခုတစ်ပတ် ပဲတီစိမ်းတစ်တင်း ပေါက်စျေးနှုန်းမှာ ပဲတီစိမ်း ခရမ်းရွှေဝါကျပ် ၃၇၆၀၀ မှ ၃၈၃၀၀၊ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ဒေသများတွင် စိုက်ပျိုးသည့် ပဲတီရွှေဝါ (လမ်း)ကျပ် ၃၆၀၀၀ မှ ၃၇၃၀၀၊ ပဲတီစိမ်း (အညာ) ကျပ် ၃၁၆၀၀ မှ ၃၃၃၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ် ကာလတူပေါက်စျေးနှုန်းမှာ ပဲတီစိမ်း ခရမ်းရွှေဝါ ကျပ် ၃၇၆၀၀ မှ ၃၈၃၀၀၊ ပဲတီရွှေဝါ (လမ်း) ကျပ် ၃၆၀၀၀ မှ ၃၈၃၀၀ ၊ ပဲတီစိမ်း (အညာ)ကျပ် ၃၁၆၀၀ မှ ၃၂၀၀၀၊ ယခင်တစ်ပတ် ကာလတူပေါက်စျေးနှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းရွှေဝါမှာ စျေးငြိမ်နေပြီး ပဲတီစိမ်း(အညာ)မှာတစ်တင်းလျှင်ကျပ် ၁၃၀၀ ခန့်မြင့်တက်လာခဲ့သည်။

**မြင့်မြင့်လှိုင်**

# စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ သကြား၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့်ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

ကမ္ဘာ့လောင်စာဆီဈေးကွက် အခြေအနေအား လေ့လာကြည့်ရာတွင် ဓာတ်ဆီဈေးနှုန်းသည် ၂၀၁၉ခုနှစ် ဩဂုတ် ၁၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၆ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် Fiji နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၉ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ကာတာ၊ ဘာဘေဒို၊ အီဂျစ်၊ ကူဝိတ်၊ တူရကီ၊ ချီလီ၊ ကင်ညာနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၅၃ နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်းမရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ထိုင်ဝမ်၊ တရုတ်၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဂျပန်၊ ပြင်သစ်၊ ရုရှား၊ နော်ဝေ၊ ပေါ်တူဂီ၊ ဘရာဇီး၊ စပိန်၊ အီတလီ၊ ဟန်ဂေရီ၊ ကနေဒါ၊ ဒိန်းမတ်နှင့် ဂျာမနီစသည့် နိုင်ငံပေါင်း ၄၃ နိုင်ငံသာရှိ၍ ယခင်တစ်ပတ်ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၈ ဒသမ ၅၀ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်း အနေ ဖြင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံ တွင် ၁ ဒသမ ၅၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် ၂ ဒသမ ၂၀ ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ၂ ဒသမ ၆၀ ရာခိုင်နှုန်းဖြင့်ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ဒီဇယ်ဆီဈေးနှုန်းသည် ၂၀၁၉ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံအနက် ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း ၁၇ နိုင်ငံရှိပြီး ဈေးနှုန်းမြင့်တက်မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ပါကစ္စတန်နိုင်ငံတွင် ယခင်တစ်ပတ်ဈေးနှုန်းထက် ၄ ဒသမ ၅၀ ရာခိုင်နှုန်းဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာ၊ လာအို၊ မလေးရှား၊ ဖိလစ်ပိုင်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ တောင်အာဖရိကာ၊ ဆွစ်ဇာလန်၊ ဘာဘေဒို၊ အီဂျစ်၊ ကင်ညာ၊ ကူဝိတ်၊ ပီရူး၊ ပေါ်တူဂီ၊ ကာတာနှင့် တူရကီ စသည့်နိုင်ငံများ အပါအဝင် ၄၉ နိုင်ငံတွင် ယခင်တစ်ပတ် များအတိုင်း ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဒီဇယ်ဈေးနှုန်းတည်ငြိမ် ခဲ့ကြောင်း တွေ့ရှိရသည်။

ဒီဇယ်ဈေးနှုန်းကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ တရုတ်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ ဂျာမနီ၊ အီတလီ၊ ကနေဒါနှင့် ဒိန်းမတ် စသည့် နိုင်ငံ ၄၆ နိုင်ငံရှိပြီး ယခင်တစ်ပတ် ဈေးနှုန်းထက် သုည ဒသမ ၁၀ ရာခိုင်နှုန်းမှ ၅ ဒသမ ၁၀ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ကြောင်း တွေ့ရှိရ သည်။

အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်း အနေဖြင့် ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်လျှင် ကမ္ဘောဒီးယားနိုင်ငံတွင် ၂ ဒသမ ၁၀ ရာခိုင်နှုန်းနှင့် ဗီယက်နမ်နိုင်ငံတွင် သုည ဒသမ ၂၀ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး စင်ကာပူနိုင်ငံတွင် ၁ ဒသမ ၁၀ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားနိုင်ငံတွင် ၂ ဒသမ ၄၀ ရာခိုင်နှုန်းနှင့် ထိုင်းနိုင်ငံတွင် ၃ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ အာဆီယံနိုင်ငံများ၏ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၂ ရက်တွင်ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ်တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၅၉ | ၀.၆၀ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၆၉ | ၀.၈၅ |
| ၃ | ထိုင်း | လီတာ | ၁.၁၄ | ၀.၈၃ |

## ဆန်ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆန်ဈေးကွက်ကို လေ့လာကြည့်ပါက ၂၀၁၉ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် International Rice Market Website ၌ ဖော်ပြချက်အရ ပါကစ္စတန်ဆန်ဈေးနှုန်းများမှာ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၇ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၈ ဖြင့် လည်းကောင်း၊ ထိုင်းဆန်ဈေးနှုန်းများမှာ ၁၀၀ % ဘီဂရိတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၁၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၀၃ ဖြင့်လည်းကောင်း၊ ဧည့်မထ ၂၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၉၀ ဖြင့် လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၃၀ ဒေါ်လာဖြင့်လည်းကောင်း ရှိခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးကွက်တွင် ဧည့်မထ ၅ မှတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၄၀ ဖြင့် လည်းကောင်း၊ ဧည့်မထ ၂၅ မှတ်ဆန် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၂၀ ဖြင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံတွင် ဧည့်မထ ၂၅ မှတ် ဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၆၀ ဖြင့်လည်းကောင်း၊ ပေါင်းဆန်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၇၅ ဖြင့်လည်းကောင်း အသီးသီးရှိသည်ကို လေ့လာတွေ့ရှိရသည်။ ယခင်တစ်ပတ်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ထိုင်းနှင့်ပါကစ္စတန်နိုင်ငံတို့တွင် ဆန် အမျိုးအစားများ အားလုံးဈေးမြင့်တက်ခဲ့ပြီး ဗီယက်နမ်နှင့် အိန္ဒိယနိုင်ငံတွင် ဆန်ဈေးများ အနည်းငယ်ဈေးကျဆင်းခဲ့သည်ကို လေ့လာသိရှိရသည်။

ဆန်ဈေးကွက်နှင့် စပ်လျဉ်းသည့် ပြည်ပသတင်းများအနေဖြင့် ဗီယက်နမ်နိုင်ငံ၏ အဓိက ဆန်ဝယ်လက်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံတွင် ပြည်တွင်းတောင်သူများကို ထောက်ပံ့နိုင်ရန် ကောက်ရိတ်သိမ်းကာလဖြစ်သည့် စက်တင်ဘာလအတွင်း ပြည်ပမှ ဆန်တင်သွင်းမှုကို ပိတ်ပင်သွားမည်ဆိုသည့်သတင်းများကြောင့် ဆန်တင်သွင်းမှု လျှော့ချလာမည်ကို စိုးရိမ်သည့်အတွက် ယခုတစ်ပတ်အတွင်း ဗီယက်နမ်ဆန်ပို့ကုန်ဈေးများ ကျဆင်းလာခဲ့ပြီး ထိုင်းနိုင်ငံတွင် မိုးခေါင်မှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးမှုတို့ကြောင့် အာရှနိုင်ငံများ၏ ဆန်ရောင်းလိုအားကို ကျဆင်းစေနိုင်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံတွင် ဆန်ပြည်ပဝယ်လိုအား ကျဆင်းနေသော်လည်း နိုင်ငံ၏နေရာများစွာတွင် မိုးခေါင်မှုအခြေအနေနှင့် ကြုံတွေ့နေရသည့်အတွက် ထိုင်းငါးမှတ်ဆန်၏ ဗန်ကောက် FOB ဈေးသည် ယခင်တစ်ပတ်က တစ်တန်လျှင်၃၉၀-၃၉၅ ဒေါ်လာတွင် ရပ်တည်ခဲ့ရာမှ ယခုတစ်ပတ်တွင် ၃၉၇-၄၀၃ ဒေါ်လာသို့ မြင့်တက်လာခဲ့ကြောင်း သိရှိရသည်။ မိုးခေါင်မှုကြောင့် ဆန်ရောင်းလိုအားလျော့ကျလာနိုင်ပြီး ထိုင်းဆန်ဈေး မြင့်တက်နေခြင်းနှင့် ဘတ်ငွေတန်ဖိုး မြင့်တက်နေခြင်းကြောင့် လတ်တလောတွင် ဆန်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ခြင်း မရှိသေးကြောင်း ဗန်ကောက်မြို့အခြေစိုက် ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်ကို သိရှိရသည်။ ကမ္ဘာ့ဆန်တင်ပို့မှု ဒုတိယအများဆုံးဖြစ်သည့် ထိုင်းနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဆန်တင်ပို့မှု နှစ်အလိုက် ၁၉ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ထိုင်းဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ထုတ်ပြန်ချက်အရသိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လည်း ဆိုးရွားသော ရာသီဥတုနှင့် ကြုံတွေ့နေရပြီး စပါးစိုက်ခင်း ဟက်တာ တစ်သိန်းကျော်ခန့် ရေကြီးနစ်မြုပ်နေကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ကနဦးဆန်းစစ်ချက်အရ သိရှိရသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် မေလမှစ၍ ပြည်ပသို့ ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သော်လည်း ဆန်အရောင်းစာချုပ်ချုပ်ဆိုနိုင်ခြင်း မရှိသေးသည့်အတွက် တောင်သူများ ဆန်ဈေးကောင်းရရှိရေး အခက်တွေ့နေချိန်တွင် ရေကြီးမှုနှင့်လည်း ကြုံတွေ့နေရကြောင်း ကုန်သည်များကပြောကြားကြသည်ကို သိရှိရသည်။ အစိုးရက တောင်သူများ စိုက်စရိတ်လျှော့ချနိုင်ရန် ဓာတ်မြေဩဇာဈေးများလျှော့ချခြင်းနှင့် ခေတ်မီစက်ကိရိယာများ ပံ့ပိုးခြင်းတို့ပြုလုပ်ပေးမည်ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ် ဗဟိုဘဏ်ကလည်း ရေဘေးသင့်တောင်သူများထံမှ ကြွေးမြီဟောင်းများကို တောင်းခံခြင်းမပြုရန်နှင့် ချေးငွေသစ်များချပေးရန် အာဏာပိုင်များကို ညွှန်ကြားထားကြောင်း သိရှိရသည်။

ပြည်တွင်းဆန်စပါးဈေးကွက်နှင့် ပတ်သက်သည့် သတင်းများအနေဖြင့် လက်ရှိကာလဖြစ်သည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အောက်တိုဘာ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ ၁၀ လတာကာလအတွင်း ပြည်ပသို့ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁ ဒသမ ၉၆ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး တန်ဖိုး အမေရိကန် ဒေါ်လာ ၅၉၃ သန်းကျော်ရရှိကာ ယခင်နှစ်ကာလတူထက် တင်ပို့မှုတန်ချိန် ၈ သိန်းကျော် တန်ဖိုး အမေရိကန်ဒေါ်လာ ၃၅၄ သန်းကျော် လျော့နည်းခဲ့ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့ရာ၌ ပင်လယ်



ရေကြောင်းကုန်သွယ်မှုမှ အဓိကအားဖြင့် ဥရောပသမဂ္ဂ (အီးယူ) နှင့် အာဖရိကဈေးကွက်များသို့ တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံသို့ မူဆယ်နယ်စပ်မှတစ်ဆင့် အဓိကတင်ပို့နေကြောင်း သိရှိရသည်။ လက်ရှိဘဏ္ဍာနှစ်၌ အဓိကဆန်တင်ပို့မှု ဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂ(အီးယူ)တို့မှ ဆန်ဝယ်ယူမှုကျဆင်းလာခဲ့သဖြင့် ယခင်နှစ်များထက် ဆန်တင်ပို့မှု လျော့ကျခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရသည်။

မြန်မာ့ဆန်စပါးကဏ္ဍတွင် နယ်စပ်မှ အရောင်းအဝယ် အလွန်နည်းနေခြင်းနှင့် ပြည်ပတင်ပို့မှု ကျဆင်းနေခြင်းတို့ကြောင့် ယခုအခြေအနေသည် ပုဂ္ဂလိကသက်သက်အနေဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း သိရှိရသည်။ ယခင်က တရုတ်နိုင်ငံသို့ တရားဝင် ဆန်တင်ပို့နိုင်သည့်ကုမ္ပဏီ ၁၁ ခုသာရှိခဲ့ပြီး လက်ရှိတွင် ကုမ္ပဏီ ၄၀ ကျော်ကို ထပ်မံရွေးချယ်နိုင်ခဲ့သဖြင့် အဆိုပါကုမ္ပဏီစာရင်းများကို တရုတ်နိုင်ငံသို့ပေးပို့ပြီးပါကတရုတ်နိုင်ငံနှင့် ဆန်တင်ပို့မှု ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာ-တရုတ် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ပြင်ပ ငွေလဲနှုန်း တစ်ယွမ်လျှင် ၂၁၅ ကျပ်နှုန်းရှိပြီး ဧည့်မထ ဆန် ၂၅ မှတ် ဆန်တစ်အိတ်လျှင် ၁၉၁၃၅ ကျပ်မှ ၁၉၃၅၀ ကျပ်အထိ ပေါက်ဈေးရှိကြောင်း သိရှိရသည်။ မြန်မာ-ထိုင်း နယ်စပ်ဒေသဖြစ်သော မြဝတီမြို့တွင် ဩဂုတ် ၁၅ ရက်တွင် ဖြစ်ပေါ်နေ သော ဈေးနှုန်းများအရ ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၄၉ ကျပ်နှုန်း ပေါက်ဈေးရှိကြောင်း သိရှိရသည်။

**စာမျက်နှာ ၁၆ သို့**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

ကေသွယ်(တန့်ဆည်မြေ)

| | | | | |
|---|---|---|---|---|
| ၄ | ဗီယက်နမ် | လီတာ | ၀.၉၁ | ၀.၇၄ |
| ၅ | စင်္ကာပူ | လီတာ | ၁.၅၄ | ၁.၂၇ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၀.၉၇ | ၀.၇၈ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၀.၉၆ | ၀.၈၅ |
| ၉ | လာအို | လီတာ | ၁.၂၅ | ၁.၀၀ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၂၀၁၉ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်းမှာ ဓာတ်ဆီ တစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁ နှင့် ဒီဇယ်ဆီတစ်လီတာတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁ ရှိပြီး စက်သုံးဆီဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၅၉ ဒေါ်လာနှုန်းဖြင့် ၂၀ နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း တစ်လီတာ သုည ဒသမ ၆၀ ဒေါ်လာနှုန်းဖြင့် ၂၃ နိုင်ငံမြောက်တွင်ရှိနေကြောင်း တွေ့ရှိရသည်။

ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း အနည်းဆုံး/အများဆုံး နိုင်ငံများစာရင်းကို တစ်လီတာဈေးနှုန်းများဖြင့် တစ်ဖက်ပါအတိုင်း ဖော်ပြအပ်ပါသည်။

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၂.၂၀ |
| ၂ | ဆူဒန် | လီတာ | ၀.၁၄ | Monaco | လီတာ | ၁.၉၃ |
| ၃ | အယ်ဂျီရီးယား | လီတာ | ၀.၃၅ | ဘာဘေဒို | လီတာ | ၁.၉၂ |
| ၄ | ကူဝိတ် | လီတာ | ၀.၃၅ | Iceland | လီတာ | ၁.၉၁ |
| ၅ | အီရန် | လီတာ | ၀.၃၆ | နော်ဝေ | လီတာ | ၁.၉၀ |

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | Cuba | လီတာ | ၀.၀၈ | Monaco | လီတာ | ၁.၈၄ |
| ၂ | အီရန် | လီတာ | ၀.၀၉ | ဟောင်ကောင် | လီတာ | ၁.၈၃ |
| ၃ | ဆူဒန် | လီတာ | ၀.၀၉ | Iceland | လီတာ | ၁.၈၃ |
| ၄ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၃ | ဆွစ်ဇာလန် | လီတာ | ၁.၇၄ |
| ၅ | အယ်ဂျီးရီးယား | လီတာ | ၀.၁၉ | နော်ဝေ | လီတာ | ၁.၇၄ |

မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်သော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံများ၏ စက်သုံးဆီ တစ်လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၀၁ | ၀.၉၀ |
| ၂ | ဂျပန် | လီတာ | ၁.၃၃ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၀၅ | ၀.၉၅ |

Oil-Price.Net Website ၌ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

တန်ဖိုး- အမေရိကန်ဒေါ်လာ

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၉.၈.၂၀၁၉ | စည် | ၅၂.၅၄ |
| ၂ | ၁၃.၈.၂၀၁၉ | စည် | ၅၇.၁၀ |
| ၃ | ၁၄.၈.၂၀၁၉ | စည် | ၅၅.၂၃ |
| ၄ | ၁၅.၈.၂၀၁၉ | စည် | ၅၄.၄၇ |

source : http://www.oil-price.net/

၂၀၁၉ ခုနှစ် ဇွန် ၁၇ ရက်မှ ဩဂုတ် ၁၂ ရက်အထိ အပတ်စဉ် ဓာတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




စာမျက်နှာ ၁၆ သို့

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

ဩဂုတ် ၉ ရက်တွင် ပြည်တွင်းရွှေဈေးကွက်အတွင်း ညနေပိုင်း ဈေးပိတ်ချိန်၌ အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၁၂၁၇၀၀၀ ရှိခဲ့ရာမှ ဩဂုတ် ၁၃ ရက်တွင် မြန်မာ့ရွှေဈေးသည်ကျပ် ၁၂၃၇၀၀၀ သို့ စံချိန်တင်မြင့်တက်လာခဲ့သည်။ သို့ရာတွင် ဩဂုတ် ၁၄ ရက်တွင် အနည်းငယ် ပြန်လည်ကျဆင်းလာကာ ကျပ် ၁၂၂၁၀၀၀ ဖြစ်ပေါ်ခဲ့ပြီး ဩဂုတ် ၁၆ ရက် မနက်ပိုင်း အဖွင့်ဈေးကွက်တွင် ကျပ် ၁၂၃၄၀၀၀ သို့ ပြန်လည်မြင့်တက်လာခဲ့သည်ကို ဈေးကွက်အတွင်းမှ သိရှိရသည်။

ကမ္ဘာ့ရွှေဈေးမှာလည်း ဩဂုတ် ၉ ရက်တွင် ရွှေတစ်အောင်စလျှင်အမေရိကန်ဒေါ်လာ ၁၅၀၄ ဒေါ်လာဖြင့် အရောင်းအဝယ်ပြု လုပ်ခဲ့ရာမှ ဩဂုတ် ၁၃ ရက်တွင် တစ်အောင်စလျှင် ၁၅၃၁ ဒေါ်လာသို့ မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။ ဩဂုတ် ၁၄ ရက်တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၅၀၇ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့သော်လည်း ဩဂုတ်လ ၁၆ ရက် မနက်ပိုင်း အဖွင့်ဈေးကွက်တွင် တစ်အောင်စလျှင် ၁၅၁၉ ဒေါ်လာသို့ပြန်လည် မြင့်တက်ခဲ့သည်ကို တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက်မှ ဩဂုတ် ၁၆ ရက်အတွင်း ကမ္ဘာ့ရွှေဈေးနှင့် မြန်မာ့ရွှေဈေးအခြေအနေတို့ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | နေ့စွဲ | ရွှေဈေးနှုန်း | |
|---|---|---|---|
| | | အခေါက်ရွှေ ၁ ကျပ်သားဈေးနှုန်း | (ဒေါ်လာ/ အောင်စ) |
| ၁ | ၁.၈.၂၀၁၉ | ၁၁၄၁၅၀၀ | ၁၄၀၇ |
| ၂ | ၂.၈.၂၀၁၉ | ၁၁၅၀၅၀၀ | ၁၄၃၇ |
| ၃ | ၃.၈.၂၀၁၉ | ၁၁၅၄၅၀၀ | ၁၄၄၁ |
| ၄ | ၄.၈.၂၀၁၉ | ၁၁၅၃၅၀၀ | ၁၄၄၁ |
| ၅ | ၅.၈.၂၀၁၉ | ၁၁၆၈၀၀၀ | ၁၄၅၇ |
| ၆ | ၆.၈.၂၀၁၉ | ၁၁၇၅၀၀၀ | ၁၄၆၄ |
| ၇ | ၇.၈.၂၀၁၉ | ၁၂၀၃၀၀၀ | ၁၄၈၉ |
| ၈ | ၉.၈.၂၀၁၉ | ၁၂၁၇၀၀၀ | ၁၅၀၄ |
| ၉ | ၁၀.၈.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၄၉၇ |
| ၁၀ | ၁၁.၈.၂၀၁၉ | ၁၂၁၂၀၀၀ | ၁၄၉၇ |

စာမျက်နှာ ၁၆ သို့

## သကြား ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ယခုတစ်ပတ်အတွင်း ကမ္ဘာ့သကြားဈေးနှုန်းများအနေဖြင့် International Sugar Organization (ISO) ၏ website ဖြစ်သော www.isosugar.org တွင် ဖော်ပြချက်များအရ နေ့စဉ်ဖြစ်ပေါ်နေသည့် ကမ္ဘာ့သကြားဈေးနှုန်းများကို လေ့လာတွေ့ရှိရသည်။ အဆိုပါ website တွင် ဖော်ပြချက်များအရ သကြားဖြူ (White Sugar) တစ်တန်လျှင် ၁-၈-၂၀၁၉ ရက်တွင် အမေရိကန်ဒေါ်လာ ၃၃၀ ဒသမ ၁၀ ဒေါ်လာ ပေါက်ဈေးရှိခဲ့ရာမှ အတက်အကျ အပြောင်းအလဲများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး ၁၄-၈-၂၀၁၉ ရက်တွင် သကြားဖြူ (White Sugar) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၁၉ ဒသမ ၂၅ ဖြစ်ပေါ်ခဲ့သည်ကို အောက်ပါအတိုင်း တွေ့ရှိရသည်-

| Date | ISA Daily Price | 15 Day Average | White Sugar Price Index | |
|---|---|---|---|---|
| 14–Aug–19 | 12.35 cts/lb | 12.58 cts/lb | 319.25 $/T | 14.48 cts/lb |
| 13–Aug–19 | 12.47 cts/lb | 12.61 cts/lb | 321.90 $/T | 14.60 cts/lb |
| 12–Aug–19 | 12.35 cts/lb | 12.62 cts/lb | 318.90 $/T | 14.47 cts/lb |
| 9–Aug–19 | 12.64 cts/lb | 12.62 cts/lb | 323.60 $/T | 14.68 cts/lb |
| 8–Aug–19 | 12.23 cts/lb | 12.60 cts/lb | 315.25 $/T | 14.30 cts/lb |
| 7–Aug–19 | 12.15 cts/lb | 12.60 cts/lb | 313.10 $/T | 14.20 cts/lb |
| 6–Aug–19 | 12.47 cts/lb | 12.63 cts/lb | 321.30 $/T | 14.57 cts/lb |
| 5–Aug–19 | 12.56 cts/lb | 12.65 cts/lb | 322.75 $/T | 14.64 cts/lb |
| 2–Aug–19 | 12.74 cts/lb | 12.66 cts/lb | 327.95 $/T | 14.88 cts/lb |
| 1–Aug–19 | 12.85 cts/lb | 12.68 cts/lb | 330.10 $/T | 14.97 cts/lb |

Source: www.isosugar.org

သကြားဈေးကွက်နှင့် ပတ်သက်သည့် ပြည်တွင်းသတင်းများအနေဖြင့် သကြားဈေး နှုန်းမှာ ၁၀ နှစ်အတွင်း အနိမ့်ဆုံးဈေးနှုန်းသို့ ကျဆင်းလာခဲ့ကြောင်း မြန်မာနိုင်ငံ သကြား နှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းထံမှ သိရှိရသည်။ ယခင်နှစ် အစပိုင်းတွင် သကြားဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀ အထက်တွင် ရှိခဲ့သော် လည်း၊ လက်ရှိတွင် ပြည်တွင်းသကြား ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၉၆၀ သို့ ကျဆင်းလာကြောင်း သိရှိရသည်။ သကြားဈေးနှုန်းကျဆင်းလာသည့်အတွက် ကြံစိုက်တောင်သူများ တွက်ခြေမကိုက်ခြင်းကြောင့် ကြံစိုက်ပျိုးသည့် တောင်သူအရေအတွက် လျော့ကျလာနိုင်ကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောကြား ခဲ့သည်ကို သိရှိရသည်။

လက်ရှိအချိန် ပြည်တွင်းသကြားဈေး ကျဆင်းလာသည့်အပြင် ပြီးခဲ့ သည့် ၂၀၁၈ ခုနှစ်မှစပြီး တရုတ်နိုင်ငံမှ သကြားဝယ်ယူမှု မရှိခြင်းကြောင့် ပြည်တွင်း၌ သကြားတန်ချိန် အများအပြား ကျန်ရှိနေကြောင်း၊ ထိုကဲ့သို့ ပြည်တွင်း၌ သကြားလက်ကျန်များရှိနေခြင်းကြောင့် သကြားစက်ရုံများမှ ကြံဈေးနှုန်းကို လျှော့ချဝယ်ယူလာသည့်အတွက် ကြံစိုက်တောင်သူများအနေဖြင့် တွက်ခြေမကိုက်ခြင်း ဖြစ်ကြောင်း ကန့်ဘလူ မြို့မှ ကြံစိုက်တောင်သူ ဦးစိုးမြင့်က ပြောကြားခဲ့သည်ကို သိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ဒုတိယပတ်အတွင်း တရုတ်နိုင်ငံတွင် ဖြစ်ပေါ် နေသော သကြားဈေးနှုန်းမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၇၇၇ ဖြစ်ပေါ်ခဲ့ပြီး အမေရိကန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှဒေါ်လာ ၂၂၉၊ ပါကစ္စတန်နိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၄၆-၄၅၆၊

စာမျက်နှာ ၁၆ သို့

## စာမျက်နှာ (၁၄) ဆန်ပြည်တွင်းဈေးနှုန်းနှင့် . . . မှအဆက်

ဘုရင့်နောင် ကုန်စည်ဒိုင်မှရရှိသော အချက်အလက်များ အရ ဆန်ဈေးနှုန်းများကို လေ့လာရာတွင် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အတွင်း ဖြစ်ပေါ်နေသော ဈေးနှုန်းစာရင်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| စဉ် | အမျိုးအစား | ရာခိုင်နှုန်း | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၉.၈.၂၀၁၉ | ၁၃.၈.၂၀၁၉ | ၁၄.၈.၂၀၁၉ | ၁၅.၈.၂၀၁၉ |
| ၁ | ရက်(၉၀) | 90(Raw) | ၂၁၅၀၀ | ၂၁၃၀၀ | ၂၁၃၀၀ | ၂၁၃၀၀ |
| ၂ | ရက်(၉၀) | 80(Raw) | ၂၀၈၀၀ | ၂၀၆၀၀ | ၂၀၆၀၀ | ၂၀၅၀၀ |
| ၃ | သီးထပ် | 90(Raw) | ၂၀၃၀၀ | ၂၀၂၀၀ | ၂၀၂၀၀ | ၂၀၂၀၀ |
| ၄ | သီးထပ် | 80(Raw) | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ | ၁၉၇၀၀ |
| ၅ | ဧည့်မထ | 70(Raw) | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ | ၁၈၇၀၀ |
| ၆ | ဧည့်မထ | 65(Raw) | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ | ၁၈၄၀၀ |
| ၇ | ကရင်မ | 90(Raw) | ၂၀၂၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ |
| ၈ | ကရင်မ | 80(Raw) | ၂၀၀၀၀ | ၁၉၈၀၀ | ၁၉၈၀၀ | ၁၉၈၀၀ |

တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော ဧည့်မထဆန်ဈေးနှုန်းများကို လေ့လာကြည့်ပါက မုံရွာမြို့နှင့် ဟားခါးမြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၁၀၀၊ လွိုင်ကော်မြို့တို့တွင် ဧည့်မထဆန် တစ်ပြည်လျှင် ကျပ် ၂၀၀၀ ဖြင့် အမြင့်ဆုံးဈေးနှုန်းများဖြစ်ပေါ်ခဲ့ပြီး စစ်တွေမြို့နှင့် မြိတ်မြို့တို့တွင် ဧည့်မထဆန်တစ်ပြည်လျှင် ကျပ် ၁၁၀၀၊ မော်လမြိုင်မြို့တွင် ကျပ် ၁၀၀၀ ဖြင့် အနိမ့်ဆုံး ဈေးနှုန်းများဖြစ်ခဲ့ သည်ကို တွေ့ရှိရသည်။

Trading Economics Website ၌ ဖော်ပြချက်အရ ယခုတစ်ပတ်တွင် ကမ္ဘာ့ဆန်ဈေးနှုန်းမှာ ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက သုည ဒသမ ၅၃ ရာခိုင်နှုန်း ဈေးကျဆင်းခဲ့ကြောင်း သိရှိရသည်။ ၂၀၁၉ ခုနှစ် ဩဂုတ်ဒုတိယပတ်အတွင်း နိုင်ငံတကာ ဆန်ဈေးနှုန်းများတွင် အတက်အကျ ပြောင်းလဲမှုများ ရှိသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ဆန်ဈေးနှုန်းများ အတက်အကျ ပြောင်းလဲမှုများ ဖြစ်ပေါ်နေသည်ကို လေ့လာသုံးသပ်တင်ပြအပ်သည်။

## စာမျက်နှာ (၁၅) သကြား ပြည်တွင်းဈေးနှုန်း. . . မှအဆက်

အိန္ဒိယနိုင်ငံတွင် တစ်တန်လျှင် ပျမ်းမျှအမေရိကန် ဒေါ်လာ ၄၇၀-၅၈၉ ဖြစ်ပြီး ယခင်တစ်ပတ်နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများတွင် သကြားဈေးအနည်းငယ်မြင့်တက်လာခဲ့ပြီး အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံများတွင် သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ကြောင်း သိရှိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ တစ်ဖက်နိုင်ငံဒေသ ပေါက်ဈေးမှာ တစ်တန်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၆၃၃ ဖြစ်ကြောင်း လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ်လဒုတိယပတ်အတွင်း မြန်မာ-တရုတ်နယ်စပ် မူဆယ်ဒေသ၌ သကြားတစ်တန်လျှင် ပျမ်းမျှဈေးမှာ အမေရိကန်ဒေါ်လာ ၆၃၃ ရှိပြီး တရုတ်နိုင်ငံတွင် သကြားတစ်တန်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၇၇ ပေါက် ဈေးရှိသောကြောင့် တစ်တန်ပေါ်တွင် အမေရိကန်ဒေါ်လာ ၁၄၄ ဒေါ်လာ ဈေးနှုန်းကွာဟချက်ရှိသည်။ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့ တွင် သကြားတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၁ ဝန်းကျင်ရှိပြီး ထိုင်းနိုင်ငံ မဲဆောက်မြို့၌ တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၂၅ ဝန်းကျင်ခန့်ရှိကြောင်း လေ့လာသိရှိရသည်။ ထို့ပြင် ရက်သတ္တပတ်အတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော သကြားပေါက်ဈေးများကိုလေ့လာရာတွင် ဟားခါးမြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၉၀၀ နှင့် ရန်ကုန်မြို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၈၀၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး တောင်ကြီး၊ ပျဉ်းမနား၊ ဘားအံ၊ မော်လမြိုင်နှင့် မန္တလေးမြို့တို့တွင် သကြားတစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

Trading Economics Website တွင် ဖော်ပြချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ကမ္ဘာ့သကြားဈေးနှုန်းသည် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ၁ ဒသမ ၇၅ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

## စာမျက်နှာ (၁၅) စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်). . . မှအဆက်

မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဒီဇယ်တစ်ဂါလန်လျှင် ၅၁၇၅ ကျပ်၊ ဟားခါးမြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၄၅၈၀ နှင့် ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၅၁၀ ဖြင့် အမြင့်ဆုံးဖြစ်ပေါ်နေပြီး ရန်ကုန်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၇၀၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၄၀၀၀၊ ပုသိမ်မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၅၀၊ ဒီဇယ်တစ်ဂါလန်လျှင်ကျပ် ၄၀၀၀နှင့် ပဲခူး မြို့တွင် ဓာတ်ဆီတစ်ဂါလန်လျှင် ကျပ် ၃၆၁၀၊ ဒီဇယ်တစ်ဂါလန်လျှင် ၄၁၄၅ ကျပ်ဖြင့် အနည်းဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် Yangon Denko စက်သုံးဆီ ဆိုင်၏ ရောင်းဈေးများအရ ဒီဇယ်တစ်လီတာလျှင်ကျပ် ၈၉၀၊ ပရီမီယမ်ဒီဇယ်တစ်လီတာလျှင်ကျပ် ၉၀၀၊ အောက်တိန်း-92 တစ်လီတာလျှင် ၇၉၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၈၈၅ ကျပ်ရှိခဲ့ကြောင်းလေ့လာသိရှိရသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီဈေးနှုန်းများမှာ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းအတက်အကျ အနည်းငယ်ဖြစ်ပေါ်နေကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

## စာမျက်နှာ (၁၅) ရွှေနှင့် အမေရိကန်ဒေါ်လာ . . . မှအဆက်

| | | | |
|---|---|---|---|
| ၁၁ | ၁၂.၈.၂၀၁၉ | ၁၂၁၃၀၀၀ | ၁၅၀၅ |
| ၁၂ | ၁၃.၈.၂၀၁၉ | ၁၂၃၇၀၀၀ | ၁၅၃၁ |
| ၁၃ | ၁၄.၈.၂၀၁၉ | ၁၂၂၁၀၀၀ | ၁၅၀၇ |
| ၁၄ | ၁၆.၈.၂၀၁၉ | ၁၂၃၄၀၀၀ | ၁၅၁၉ |

ource: estimate of world's exchange rate and gold price page

ရွှေဈေးကွက်နှင့်စပ်လျဉ်း၍ လေ့လာကြည့်ပါက ၂၀၁၆ ခုနှစ်မှစ၍ ၂၀၁၉ ခုနှစ်အထိ ပြည်တွင်း ရွှေဈေးနှုန်းများမှာ စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင် ဈေးနှုန်းများအနေဖြင့် အခေါက်ရွှေ တစ်ကျပ်သားလျှင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် ကျပ် ၁၀၃၇၀၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျပ် ၁၀၈၇၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ကျပ် ၁၁၅၀၀၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀ အသီးသီး ဖြစ်ပေါ်ခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ကမ္ဘာ့ရွှေဈေးနှုန်းကို ပြန်ကြည့်ပါက ၂၀၁၇ ခုနှစ် ဧပြီမှစ၍ တစ်လအတွင်း ရွှေဈေးနှုန်းမှာ အတက်အကျ မြန်ဆန်ခဲ့ပြီး အမြင့်ဆုံးနှင့် အနိမ့်ဆုံးနှုန်းသည် ဒေါ်လာ ၃၀ ခန့်မှ ဒေါ်လာ ၇၀ ခန့်အထိ ကွာခြားခဲ့သည်ကို တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်တွင် လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့် အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်း များမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်းတွင် ရွှေတစ်အောင်စလျှင် ၁၂၇၈-၁၃၂၁ ဒေါ်လာ၊ ဖေဖော်ဝါရီလတွင် ၁၃၀၆- ၁၃၄၅ ဒေါ်လာ၊ မတ်လတွင် ၁၂၈၆- ၁၃၁၈ ဒေါ်လာ၊ ဧပြီလတွင် ၁၂၇၂-၁၃၀၄ ဒေါ်လာ၊ မေလတွင် ၁၂၇၁-၁၂၉၈ ဒေါ်လာ၊ ဇွန်လတွင် ၁၃၀၅-၁၄၁၄ ဒေါ်လာ၊ ဇူလိုင်လတွင် ၁၃၉၃-၁၄၃၉ ဒေါ်လာ ဝန်းကျင်ဖြစ်ပေါ်ခဲ့ပြီး ကွာဟချက်ဒေါ်လာ ၃၀ ဝန်းကျင်မှ ဒေါ်လာ ၁၀၀ ကျော်အထိ ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ website တွင် Econo- mic Indicator (%) ဖော်ပြချက်များအရ GDP Growth ၆ ဒသမ ၅၀ရာခိုင်နှုန်း၊ Annual Rate of Inflation ၇ ဒသမ ၈၂ ရာခိုင်နှုန်း ၊ Year on Year Inflation ၉ ဒသမ ၅၇ ရာခိုင်နှုန်းရှိသည်ကို လေ့လာသိရှိရသည်။

၂၀၁၉ ခုနှစ် ဩဂုတ် ၉ ရက်မှ ၁၅ ရက်အထိ ရက်အလိုက်ဖြစ်ပေါ် ပြောင်းလဲခဲ့သော အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသော နိုင်ငံတကာ ငွေ လဲလှယ်နှုန်းများကို အထက်ပါဇယားဖြင့် ဖော်ပြအပ်ပါသည်။

**တစ်ပတ်အတွင်း အမေရိကန် တစ်ဒေါ်လာ နှင့်ညီမျှသော နိုင်ငံတကာ ငွေလဲနှုန်းဇယား**

| စဉ် | နိုင်ငံတကာ ငွေကြေးများ | | ၂-၈-၁၉ | ၅-၈-၁၉ | ၆-၈-၁၉ | ၇-၈-၁၉ | ၈-၈-၁၉ | တစ်ပတ်အတွင်း ငွေလဲလှယ်နှုန်း အတက်/အကျ (%) | |
|---|---|---|---|---|---|---|---|---|---|
| ၁ | Myanmar | kyat | ၁၅၁၂.၅ | ၁၅၁၂.၃ | ၁၅၁၁.၀ | ၁၅၀၉.၈ | ၁၅၀၈.၄ | -၀.၂၇ | ⬇ |
| ၂ | Thai Baht | THB | ၃၀.၇၇၅ | ၃၀.၈၁၅ | ၃၀.၇၅၅ | ၃၀.၈၂၅ | ၃၀.၇၅၅ | -၀.၀၆ | ⬇ |
| ၃ | Singapore Dollar | SGD | ၁.၃၇၇ | ၁.၃၈၂ | ၁.၃၈၁ | ၁.၃၈၃ | ၁.၃၈၂ | ၀.၃၆ | ⬆ |
| ၄ | Malaysian Ringgit | MYR | ၄.၁၅၆ | ၄.၁၇၈ | ၄.၁၉၀ | ၄.၁၈၆ | ၄.၁၈၂ | ၀.၆၃ | ⬆ |
| ၅ | Indonesian Rupiah | IDR | ၁၄၁၈၁ | ၁၄၂၆၇ | ၁၄၂၈၀ | ၁၄၂၂၅ | ၁၄၂၀၇ | ၀.၁၉ | ⬆ |
| ၆ | Chinese Yuan | CNY | ၆.၉၄၃ | ၇.၀၃၅ | ၇.၀၃၅ | ၇.၀၄၃ | ၇.၀၄၄ | ၁.၄၅ | ⬆ |
| ၇ | Indian Rupee | INR | ၆၉.၅၅၆ | ၇၀.၄၆၇ | ၇၀.၇၅၆ | ၇၀.၈၀၆ | ၇၀.၆၇၄ | ၁.၆၁ | ⬆ |
| ၈ | Japanese Yen | JPY | ၁၀၆.၉၂၈ | ၁၀၅.၉၈၅ | ၁၀၆.၄၂၃ | ၁၀၆.၂၂၇ | ၁၀၆.၁၃၆ | -၀.၇၄ | ⬇ |
| ၉ | Australian Dollar | AUD | ၁.၄၇၃ | ၁.၄၇၉ | ၁.၄၇၃ | ၁.၄၈၆ | ၁.၄၇၅ | ၀.၁၄ | ⬆ |
| ၁၀ | Euro | EUR | ၀.၉၀၁ | ၀.၈၉၇ | ၀.၈၉၃ | ၀.၈၉၄ | ၀.၈၉၂ | -၁.၀၀ | ⬇ |
| ၁၁ | Pound Sterling | GBP | ၀.၈၂၅ | ၀.၈၂၄ | ၀.၈၂၁ | ၀.၈၂၃ | ၀.၈၂၃ | -၀.၂၄ | ⬇ |

Source– Central Bank of Myanmar

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၀၈ ကျပ်ရှိ ခဲ့ရာမှ ဩဂုတ် ၁၅ ရက်တွင် ၁၅၁၆ ဒသမ ၆၀ ကျပ်ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပြီး အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းမှာ တစ်ပတ်အတွင်း သုည ဒသမ ၅၇ ရာခိုင်နှုန်း ပြန်လည်မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ နေ့အလိုက် ဖြစ်ပေါ်ပြောင်းလဲခဲ့သော အမေရိကန်ဒေါ်လာဖြင့် ကျပ်ငွေလဲလှယ်နှုန်းတန်ဖိုးများအား တစ်ဖက်ပါဂရပ်ဖြင့် ဖော်ပြအပ်ပါသည်။

ပြည်တွင်းရှိ ပြင်ပဒေါ်လာငွေကြေးဈေးကွက်ကို လေ့လာရာတွင် ဩဂုတ် ၉ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၄ ကျပ်၊ ဩဂုတ် ၁၃ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၂ ကျပ်၊ ဩဂုတ် ၁၄ ရက်တွင် တစ် ဒေါ်လာလျှင် ၁၅၁၄ ကျပ်၊ ဩဂုတ် ၁၅ ရက်တွင် တစ်ဒေါ်လာလျှင် ၁၅၁၆ ကျပ် အသီးသီးပေါက်ဈေးများ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာသိရှိရသည်။



# တရုတ်နိုင်ငံ၏ တင်သွင်းစားသောက်ကုန်များ ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှုများ

တရုတ်နိုင်ငံအနေဖြင့် အစားအသောက်များတင်သွင်းမှုအပေါ် မတင်သွင်းမီ၊ တင်သွင်းစဉ်အချိန်နှင့် တင်သွင်းပြီးနောက် လုပ်ငန်းစဉ်တစ်လျှောက် ဆောင်ရွက်ရမည့် အစားအသောက် ဘေးကင်းလုံခြုံစိတ်ချစေရေး ကြီးကြပ်ခြင်းနှင့် စီမံခန့်ခွဲမှုစနစ်တို့ကို နိုင်ငံတကာ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း လုပ်ငန်းရပ်များ သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပါသည် -

### စားသောက်ကုန်များ မတင်သွင်းမီ ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ

**(၁) ကုန်တင်ပို့သည့်နိုင်ငံ အစိုးရအဖွဲ့များမှ ဆောင်ရွက်ရမည့် အချက်များ**

- တရုတ်နိုင်ငံသို့ စားသောက်ကုန်များတင်ပို့နေသော ဒေသများ သို့မဟုတ် နိုင်ငံများအတွက် အစားအသောက် ဘေးကင်း လုံခြုံမှုအုပ်ချုပ်ရေးစနစ်အတွက် စာရင်းစစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း ဆောင်ရွက်ပေးရန်၊
- တရုတ်နိုင်ငံသို့ တင်ပို့နေသော စားသောက်ကုန်များအတွက် တရားဝင်ထောက်ခံချက်များ ဆောင်ရွက်ပေးရန်၊
- တင်သွင်းသော တိရစ္ဆာန်နှင့် အပင်ပင်ရင်းစားသောက်ကုန်များအတွက် ရောဂါပိုးမွှားကင်းစင်ကြောင်း စစ်ဆေးအတည်ပြု ချက် ထုတ်ပေးသည့် စနစ် ဆောင်ရွက်ပေးရန်။

**(၂) ထုတ်လုပ်သူနှင့် တင်ပို့သူတို့မှ ဆောင်ရွက်ရမည့် အချက်များ**

- ပင်လယ်ရေကြောင်း ကုန်တင်ပို့သူများနှင့် တရုတ်နိုင်ငံသို့ တင်ပို့နေသော စားသောက်ကုန် ထုတ်လုပ်မှုလုပ်ငန်းအတွက် မှတ်တမ်းထားရှိ၍ စီမံခန့်ခွဲသည့်စနစ်
- တရုတ်သို့စားသောက်ကုန် တင်ပို့နေသော ပင်လယ်ရေကြောင်း တင်ပို့သူ များအတွက် မှတ်တမ်းထားရှိ၍ စီမံခန့်ခွဲသည့်စနစ်
- တရုတ်သို့စားသောက်ကုန်တင်သွင်းနေသော တင်သွင်းသူများအတွက် မှတ်တမ်းထားရှိ၍ စီမံခန့်ခွဲသည့်စနစ်
- တရုတ်နိုင်ငံသို့တင်ပို့သည့် စားသောက်ကုန်များအတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများအပေါ် ကုန်တင်သွင်းသူများမှ စိစစ်ဆောင်ရွက်ခြင်းစနစ်

**(၃) ထုတ်လုပ်သူများနှင့် တင်ပို့/တင်သွင်းသူများ ဆောင်ရွက်ရမည့် အချက်များ ဆောင်ရွက်စေရေး တွန်းအားပေးရန်**

- တရုတ်နိုင်ငံသို့ တင်ပို့သော စားသောက်ကုန်များအတွက် တင်ပို့ခြင်း မဆောင်ရွက်မီ ကြိုတင်စစ်ဆေးမှုစနစ်
- တင်သွင်းသည့် စားသောက်ကုန်များအတွက် တင်သွင်းသူ လုပ်ငန်းရှင်များအပေါ် စည်းကမ်းလိုက်နာသည့် တင်သွင်းသူဖြစ်ကြောင်း မှတ်တမ်းတင် အသိအမှတ်ပြုခြင်းစနစ်

**(၄) စာရင်းစစ်ဆေးခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်**

- စားသောက်ကုန် ဘေးကင်းလုံခြုံမှုဥပဒေအရ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့် နိုင်ငံများအနေဖြင့် လုံခြုံစိတ်ချစွာ စားသောက်နိုင်သည့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ရေး အတွက် စီမံခန့်ခွဲသည့် စနစ်တစ်ရပ်တည်ထောင်ထားရှိရမည်။ ၎င်းစနစ်အရ အကဲဖြတ်မှုရလဒ်များအပေါ် မူတည်၍ တရုတ်နိုင်ငံသို့တင်သွင်းသော စားသောက်ကုန်များအပေါ် လိုအပ်သည့် စစ်ဆေးခြင်းနှင့် ရောဂါပိုးမွှားကင်းစင်ကြောင်းထောက်ခံချက် တောင်းခံခြင်းများ ဆောင်ရွက်မည်။
- အစားအစာ ဘေးကင်းမှုဥပဒေနှင့် တိရစ္ဆာန်နှင့်အပင် ရောဂါကာကွယ်တားဆီးမှု ဥပဒေတို့အရ အောက်ပါထုတ်ကုန်များ ပြည်ပမှ တရုတ်နိုင်ငံသို့မတင်သွင်းမီ စစ်ဆေးမှုနှင့် အကဲဖြတ်ခြင်းများ ပြုလုပ်ရန်လိုအပ်ပါသည် -
  - (က) အသား၊ ဟင်းသီးဟင်းရွက်များ၊ အသီးအနှံများနှင့် အခြားအန္တရာယ်မြင့် စားသောက်ကုန်များ၊
  - (ခ) စားသောက်ကုန်လုံခြုံစိတ်ချရမှုအတွက် အမျိုးသားရေးစံနှုန်းမရှိသော စားသောက်ကုန်များ၊ ပထမအကြိမ်တင်သွင်းသော ဖြည့်စွက်အစားအစာအသစ် အမျိုးမျိုး၊ အစားအစာနှင့် ဆက်နွယ်သော ထုတ်ကုန်အမျိုးအစားအသစ်များ၊
  - (ဂ) ပထမအကြိမ်တင်သွင်းသည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့်ဆိုင်သော စားသောက်ကုန်များ။

[ကျော်ကျော်သက်]

**(၅) ရောဂါကာကွယ်တားဆီးစစ်ဆေးမှုအတည်ပြုချက်**

- တိရစ္ဆာန်နှင့် အပင် ဝင်ထွက်မှုအတွက် ရောဂါကာကွယ်တားဆီးရေးဥပဒေအရ စိုက်ပျိုးရေးဆိုင်ရာ မျိုးရိုးဗီဇပြုပြင်ထားသော ဇီဝရုပ်ဘေးကင်းလုံခြုံမှုဆိုင်ရာ စီမံခန့်ခွဲမှုနည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်သည်။ ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ ပဲတောင့်ရှည်အမျိုးမျိုး၊ အပင်ထွက်ကုန်များနှင့် ရေထွက်ကုန်များ၊ လတ်ဆတ်သောဥများ၊ နို့များနှင့် အသားများ၊ တိရစ္ဆာန်ထွက်ထုတ်ကုန်များကဲ့သို့သော ရောဂါပိုးမွှားကူးစက်နိုင်သည့် အစားအစာ များအတွက် ရောဂါကာကွယ်တားဆီးနိုင်ရေး စစ်ဆေးအတည်ပြုသည့်စနစ် ဆောင်ရွက်ရန်။

**(၆) လုပ်ငန်းစဉ်**

- သက်ဆိုင်ရာနိုင်ငံ အစိုးရမှစတင်၍ တင်ပို့ရောင်းချလိုသည့် ကုန်စည်ကို GACC ၏ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဌာနသို့ လျှောက်ထားရမည်။
- ကုန်စည်ပေါ်မူတည်၍ သက်ဆိုင်ရာဌာနများသို့ဆက်လက်လျှောက်ထားရမည်။
- သစ်သီးစိမ်းများအတွက် ဆိုလျှင် Department of Animal and Plant Qurantine သို့လျှောက်ထားရပါမည်။
- DAPQ မှ ဆန်းစစ်လေ့လာမှုများပြုလုပ်ပါမည်။ (ကနဦးပိုးမွှားနှင့် ကူးစက်ရောဂါ အန္တရာယ်ဆန်းစစ်လေ့လာမှုကို မြန်မာ့စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်ပေးပို့ရပါမည်။ ၎င်းအပြင် ဤကုန်စည်အသစ် တင်သွင်းခြင်းကြောင့် တရုတ်နိုင်ငံ စိုက်ပျိုးထုတ်လုပ်သူများအပေါ် လည်းကောင်း၊ စားသုံးသူများအပေါ် လည်းကောင်း ကျရောက်နိုင်သည့် အန္တရာယ်များကိုလည်း ဆန်းစစ်လေ့လာမည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ စိုက်ခင်းများသို့လည်းကောင်း၊ ထုပ်ပိုးစက်ရုံများ၊ ဆိပ်ကမ်းလေဆိပ်ကုန်သွယ်ပေါက်များရှိ သိုလှောင်ရုံများအထိ လည်းကောင်း လာရောက်လေ့လာဆန်းစစ်မည်။)
- စစ်ဆေးမှုအောင်မြင်ပါက နှစ်နိုင်ငံ အစိုးရအချင်းချင်း တင်သွင်း/တင်ပို့ရာ၌ အန္တရာယ်လျော့နည်းရေး အတွက် ရိတ်သိမ်းချိန်လွန်နည်းပညာ ထုပ်ပိုးမှုထိန်းသိမ်းကိုင်တွယ်ပို့ဆောင်မှုဆိုင်ရာ သဘောတူညီချက်များ လက်မှတ်ရေးထိုးရပါမည်။
- GACC ၏ ပို့ကုန်သွင်းကုန် ခွင့်ပြုမိန့်စာရင်းတွင် ထည့်သွင်းပြီး စတင်တင်ပို့ခွင့်ရရှိမည်ဖြစ်ပါသည်။

### စားသောက်ကုန်များတင်သွင်းမှုဆောင်ရွက်စဉ် ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ

**(၁) ထုတ်လုပ်သူနှင့် တင်ပို့/တင်သွင်းသူတို့မှ ဆောင်ရွက်ရမည့် အချက်များ**

- တရုတ်နိုင်ငံသို့ တင်သွင်းသော စားသောက်ကုန်များအတွက် ရောဂါပိုးမွှားကင်းစင်ကြောင်း စစ်ဆေးတွေ့ရှိချက်ဖော်ပြခြင်း၊
- တရုတ်နိုင်ငံသို့ တင်ပို့သော စားသောက်ကုန်များအတွက် ကိုက်ညီမှုရှိသော အသိအမှတ်ပြုလက်မှတ် ထုတ်ပေးမှုစနစ်ဆောင်ရွက်ခြင်း။

**(၂) ရောဂါကာကွယ်တားဆီးမှုနှင့် စစ်ဆေးမှုဌာန၏ ကြီးကြပ်ဆောင်ရွက်မှု လုပ်ငန်းတာဝန်များ**

- တရုတ်နိုင်ငံသို့တင်ပို့သော စားသောက်ကုန်များအတွက် ရောဂါကာကွယ်တားဆီးမှုဆိုင်ရာ စီမံခန့်ခွဲမှုစနစ်နှင့် ဆိပ်ကမ်းစစ်ဆေးမှုစနစ်
- တရုတ်နိုင်ငံသို့ တင်ပို့သော စားသောက်ကုန်အတွက် ဘေးကင်းလုံခြုံမှု အန္တရာယ် စောင့်ကြည့်စစ်ဆေးခြင်းစနစ်
- တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့မှုအတွက် ရောဂါကာကွယ်တားဆီးမှု အန္တရာယ်စစ်ဆေးခြင်း သတိပေးချက်နှင့် မြန်ဆန်သောတုံ့ပြန်မှုစနစ်
- တရုတ်နိုင်ငံသို့တင်ပို့သော စားသောက်ကုန်များအတွက် ရောဂါဝင်ရောက်မှု ကာကွယ်တားဆီးရန်အတွက် ကုန်ချဆိပ်ကမ်းများသတ်မှတ်ခြင်းစနစ်

**(၃) ထုတ်လုပ်သူများနှင့် တင်ပို့တင်သွင်းသူများ ဆောင်ရွက်ရမည့် အချက်များ ဆောင်ရွက်စေရေး တွန်းအားပေးရန်**

- အသိအမှတ်ပြုလက်မှတ်ရ အဖွဲ့အစည်းများ၊ Third Party စစ်ဆေးရေးအဖွဲ့များ အရည်အသွေးစစ်ဆေးသည့်စနစ် ဆောင်ရွက် ခြင်း။

**(၄) လုပ်ငန်းစဉ်**

- တင်ပို့/တင်သွင်းသည့် ကုမ္ပဏီသည် GACC တွင်မှတ်ပုံတင်၍ စည်းမျဉ်းများ လိုက်နာမည်ဖြစ်ကြောင်း ကတိပြုရမည်။ (ယခင် AQSIQ ဆိုပါက online ဖြင့် အလွယ်တကူ မှတ်ပုံတင်နိုင်သည်။)
- The SMRA မှ ကိုင်တွယ်မည့် အရည်အသွေးနှင့် စံချိန်စံညွှန်းလက်မှတ်များ လျှောက်ထားသင့် လျှောက်ထားရယူရမည်။
- သက်ဆိုင်ရာပြည်နယ် အကောက်ခွန်ဌာနနှင့် ဆက်ဆံရမည်။ (ကုန်နမူနာ ဓာတ်ခွဲဆန်းစစ်ခြင်း၊ ထုပ်ပိုးမှုစစ်ခြင်း အောင်မြင်ရပါမည်။)

### စားသောက်ကုန်များတင်သွင်းပြီးနောက် ဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ

**(၁) ကုန်တင်ပို့သည့်နိုင်ငံအစိုးရ၏ အဓိကလုပ်ငန်း တာဝန်များ**

- တရုတ်နိုင်ငံသို့တင်ပို့နေသော အစားအစာထုတ်လုပ်မှုလုပ်ငန်းများနှင့် တိုင်းဒေသများ သို့မဟုတ် နိုင်ငံများအတွက် အစားအစာဘေးကင်း လုံခြုံစီမံခန့်ခွဲမှုအတွက် နောက်ကြောင်းပြန် စစ်ဆေးမှုစနစ်ဆောင်ရွက်ရန်။

**(၂) ထုတ်လုပ်သူများနှင့် တင်ပို့/တင်သွင်းသူများ၏ အဓိက လုပ်ငန်းတာဝန်များ**

- တရုတ်နိုင်ငံသို့ တင်ပို့နေသော စားသောက်ကုန်များအတွက် တရုတ်နိုင်ငံတွင်းသို့ တင်သွင်းခြင်းနှင့် ရောင်းချခြင်းများအား မှတ်တမ်းထားရှိရန်။
- တရုတ်နိုင်ငံသို့တင်ပို့ခဲ့သည့် စားသောက်ကုန် ပစ္စည်းများအား မှတ်တမ်းထားရှိရန်။

**(၃) ရောဂါကာကွယ်တားဆီးမှုနှင့် စစ်ဆေးမှုဌာန၏ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များ**

- တရုတ်နိုင်ငံသို့တင်ပို့ခဲ့သည့် စားသောက်ကုန် ပစ္စည်းများအတွက် တင်ပို့သူ၊ တင်သွင်းသူနှင့် စားသောက်ကုန် ထုတ်လုပ်မှု လုပ်ငန်းများအတွက် အပြစ်ပေးမှုမှတ်တမ်းထားရှိရန်၊
- တရုတ်နိုင်ငံသို့စားသောက်ကုန်တင်ပို့သော တင်ပို့သူများ သို့မဟုတ် ကိုယ်စားလှယ်များအား တွေ့ဆုံမေးမြန်းမှုများ ဆောင်ရွက်ရန်။

(အချုပ်ပြောရလျှင် မိမိကုန်ပစ္စည်းကြောင့် တရုတ်ပြည် စားသုံးသူများ ဘေးအန္တရာယ်ဖြစ်ပါက နောက်ကြောင်းပြန် ခြေရာခံဆန်းစစ်၍ တင်ပို့သူ ကုမ္ပဏီကို လည်းကောင်း၊ အစိုးရကိုလည်းကောင်း တရုတ်ပြည် Food Safety ဥပဒေ ၃ ခုနှင့်ရင်ဆိုင်မည်။)

■

# မြန်မာနိုင်ငံသားများဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့အစည်းတို့ သဘောတူလက်မှတ်ရေးထိုး

မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ကမ္ဘာ့ဘဏ်၏ အဖွဲ့ဝင်ဖြစ်သော အပြည်ပြည်ဆိုင်ရာငွေကြေးအဖွဲ့အစည်း (IFC) တို့မှ လာမည့်နှစ်အနည်းငယ်အတွင်း ဘဏ်၏ လုပ်ကိုင်ဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်နိုင်စေရေးအတွက် အကြံပေးအတိုင်ပင်ခံ ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဩဂုတ် ၁၄ ရက်တွင် နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ် ရေးထိုးကြသည်။

ဤသဘောတူညီချက်၌ မြန်မာနိုင်ငံသားများဘဏ်၏ လုပ်ငန်းရည်ရွယ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြု၍ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အား ပြီးမြောက်စေရန်အတွက် IFC သည် မြန်မာနိုင်ငံသားများဘဏ်နှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။




လုပ်ငန်းဆောင်ရွက်ချက်မှာ နှစ်နှစ်ကြာမြင့်မည်ဖြစ်ပြီး Corporate၊ SME နှင့် Retail Banking များတွင် Customer များ တန်ဖိုးထားရွေးချယ်စေရေး ရှေးရှုထားသည့် အားကောင်းသော အချက်များပါဝင်သည့် မဟာဗျူဟာ အစီအစဉ်အား ပြန်လည်မွမ်းမံခြင်း၊ ဝန်ဆောင်မှုအစီအစဉ်များနှင့် ပုံစံများအား အသင့်လျော်ဆုံး ထားရှိပေးခြင်း၊ ဘဏ်ခွဲများနှင့် ကွန်ရက်များအား တိုးချဲ့ခြင်း၊ သင့်လျော်သော ဒစ်ဂျစ်တယ်သုံးဝန်ဆောင်မှုများ ဖန်တီးခြင်း၊ အဆင်ပြေချောမွေ့သော စီမံခန့်ခွဲမှုများဖြင့် လုပ်ငန်းမြှင့်တင် အကောင်အထည်ဖော်မှုများအား အလေးထား ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် ဆုံးရှုံးနိုင်ခြေအား စီမံခန့်ခွဲနိုင်မှု၊ ထိရောက်မှု၊ စွမ်းဆောင်နိုင်စွမ်းများအားလည်း တိုးမြှင့်၍ လုပ်ဆောင်နိုင်မည်ဖြစ်သည်။



IFC ၏ ပူးပေါင်းလုပ်ကိုင်မှုပုံစံ၊ ဈေးကွက်ဆိုင်ရာ အတွေ့အကြုံများနှင့် နိုင်ငံတကာ၌ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာများအား မြှင့်တင်ပေးနိုင်စွမ်းများသည် မိမိတို့ဘဏ်အား ဦးတည်ချက်များဆီသို့ နှစ်အနည်းငယ်အတွင်း ရောက်ရှိစေနိုင်မည်ဖြစ်ပြီး SME, Retail နှင့် Corporate ကဏ္ဍများတွင် Customer များအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်စေမည်ဖြစ်သည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**







New Magnate Co., Ltd.
YANGON : No. 50 G-1(A), Shwe Bon Tha Street, Pabedan Township, Yangon.
Office : +95-9-403181408, +95-9-73045776 Hot Line: +95-9-796206741
MANDALAY : No. 34, 25th Street (Between of 80x81 Street), Mandalay. +95-9-443782404, +95-9-31865481
DICLON-M
M-Spas
RHYDZIT 250
RHYDZIT 500
REROX
RHYOF
RECIP
REPEP
REMOL
REMET
Multivitamin Drops
R-Vital
Drops
RECET
Syrup
Cetirizine Liq
5 mg / 5 ml
BET - GM Skin Cream
BET - N Skin Cream
Quadrim
RHYDCARB
RHYDLOSART - 25
RHYDLOSART - 50
RHYDAMLO - 5
RHYDAMLO -10
RIFIBURG - 10
RIFIBURG - 20
CETIRIZIN
CANOVIT
Multivitamin


New Golden Gate (1991)
COMPANY LIMITED
Export & Import
NEW GOLDEN GATE
No. 57-59, 4th Street, Lanmadaw Township, Yangon. Myanmar.
Tel : 951 2302138, 951 2314373
E.mail : newgoldengate1991@gmail.com
Website : www.agribizmm.com


မြင့်မြတ်တော်ဝင်
ဦးနှောက်နှင့် စိတ်ပိုင်းဆိုင်ရာ
အထူးကုဆေးခန်း
ပိတ်ရက်မရှိဖွင့်လှစ်သည်။
G-13/15, Pyay Rd.,
Diamond Condo,
Tower-B, Kamayut Tsp., Yangon.
Ph : 0932006350


Opti-Med ®
Hangzhou Jupiter Medical Equipment Co., Ltd
Authorized Distributor
Toe Tet Toe Co., Ltd.
E-mail: wmyat87@gmail.com



# အရည်အသွေးထိန်းသိမ်းရေး ဝိုင်းဝန်းကြိုးစားပေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စပါးကို အဓိက စိုက်ပျိုးကြသည်။ ရာသီ၊ မြေနေရာလိုက်ပြီး သက်ရင့် သက်နု စသည်ဖြင့် စပါးမျိုးကိုရွေးချယ်စိုက်ပျိုးကြသည်။ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်သည် ဇူလိုင်လ နောက်ဆုံးပတ်မှ ဩဂုတ်လ ပထမပတ်တွင် ထွန်းတုံးပိတ် ၁၀၀ ရာခိုင်နှုန်း မိုးစပါး စိုက်ပျိုးပြီးစီးသော ဒေသဖြစ်သည်။ မိုးစပါးဧက ငါးသိန်းကျော် စိုက်ပျိုးသောဒေသဖြစ်ပြီး အောက်တိုဘာနှင့် နိုဝင်ဘာတွင် စပါးများထွက်ရှိပြီး စတင်ရောင်းဝယ်ကြသည်။

စပါးရောင်းဝယ်ရာတွင် ဒေသအလိုက် စပါးပွဲစားများကို အများစုမှီခိုရောင်းဝယ်ကြရသည်။ တောင်သူများအနေဖြင့် စက်ပိုင် လုပ်ငန်းရှင်ထံ တိုက်ရိုက်ရောင်းဝယ်ပါက အကျိုးအမြတ်ပိုရမည်ဖြစ်သော်လည်း လုပ်သား၊ ငွေကြေး၊ သယ်ယူပို့ဆောင်ရေးစသည့် အခက်အခဲများကြောင့် မိမိတို့ကွင်း၊ မိမိတို့အိမ်သို့ တိုက်ရိုက်လာရောက်ဝယ်ယူကြသော စပါးပွဲစားများကိုသာ အားကိုးရောင်းချကြရသည်။

စပါးပွဲစားများတွင်လည်း ရွာခံစပါးပွဲစားများနှင့် အခြားမှလာရောက်ဝယ်ယူသော စပါးပွဲစားဟူ၍ ရှိကြပြီး မြို့ပေါက်ဈေးနှင့် တွက်ချက်ပြီးဝယ်ယူကြသည်။ ယခုအခါ ဒီဂျစ်တယ်ကတ္တားများကို အသုံးပြုလာကြပြီး ဒေသအလိုက် စပါးအရည်အသွေးပေါ် မူတည်ပြီး တစ်တင်း ၄၆ ပေါင်၊ ပေါင် ၅၀ စသည်ဖြင့် ဝယ်ယူကြသည်။

ယခုအခါ တောင်သူအများစုက စပါးစိုက်ပျိုးရာမှာ ကရိကထနည်းလာပြီး ကန်သင်းဘေး စပါးချိန်ရောင်းသည့်အခြေအနေကို ရောက်ရှိလာပြီး နေလှန်းခြင်း၊ သိုလှောင်ခြင်းအဆင့်များကို မလုပ်တော့ကြောင်း အင်္ဂပူမြို့နယ်၊ ကွင်းကောက်အုပ်စုမှ စပါးပွဲစားတစ်ဦးက ပြောကြားခဲ့သည်။ မနှစ်က နွေစပါး ပေါ်ချိန်တွင် သူတို့နယ်မှ တောင်သူအများစုသည် ရိတ်ခြွေစက်ဖြင့် ခြွေပြီးသားစပါးများကို သယ်ယူနေလှန်းခြင်း မပြုဘဲ ဝယ်သူပွဲစားထံ ကန်သင်းဘေးတွင် တိုက်ရိုက်ရောင်းချသည့်အတွက် အလုပ်သမားခ၊ ချိန်တွယ်ခ၊ သယ်ယူစရိတ် စသည်တို့ကို နုတ်ပြီးမှ စပါးတန်ဖိုးပေးချေသည့်အတွက် စပါးဈေးသည် လေးသိန်းနှင့် လေးသိန်းအောက် ကျဆင်းသည့်အခြေအနေသို့ ရောက်ခဲ့ကြောင်းကိုလည်း ရှင်းပြသည်။ ကျွန်တော်တို့ဆို ရိတ်ခြွေစက်တောင်ရှာပေးရတယ်။ ကိုယ့်လုပ်သား၊ ကိုယ့်ဂွန်ဒေါင်း၊ ကိုယ့် ပီနံအိတ်၊ ကိုယ့်ကတ္တားများကို အသုံးပြုချင်တွယ်ယူရကြောင်း၊ အစိုဓာတ်ကလည်း ၂၅ မှ ၃၀ တွင်းရှိတော့ ကိုယ့်အတွက်ကိုက်အောင်ဈေးကိုပေးရတာပေါ့ဟု ၎င်းက ဆက်လက်ရှင်းပြသည်။ တချို့လယ်သမားတွေကျတော့ ဈေးကို လျှော့ပေးလို့မရဘူး၊ ဈေးပိုပေးရတဲ့ တောင်သူတွေလည်းရှိရပါတယ်။ သူတို့ကျတော့ စိုက်ဖို့မျိုးကတည်းက သေချာရွေးတယ်။ မြေဩဇာ စနစ်တကျသုံးတယ်။ အခုကြဲခင်းစနစ်မှာ ပေါင်းသေချာလိုက်တယ်၊ အကြောင်းကြောင်းကြောင့် အပင်သေရင်လည်း ချက်ချင်းအစားထိုးစိုက်ဖို့ လုပ်တယ်။ ရိတ်ချိန်ကျရင်လည်း စနစ်တကျ ရိတ်သိမ်း၊ နေလှန်း၊ သိုလှောင်ပြီးမှ ရောင်းတဲ့လူကျတော့ ဈေးကိုပိုပေးရတယ်။ ဘယ်တော့ရောင်းမလဲ ခဏခဏ သွားမေးရတယ်။ သူတို့ကငွေလိုရင်လည်း လိုသလောက်ပဲရောင်းတာ၊ ကိုယ်တွေကလည်း အဲဒီလို လုပ်ထားတဲ့စပါးကျတော့ ဆန်ကြိတ်ရောင်းရင် ကိုယ့်အတွက်ကျန်မှာလေ၊ အဲဒီတော့ ကိုယ့်ရောင်းချင်အောင် စရိတ်ကတည်းက ခဏခဏ မျက်နှာ သွားပြထားရတယ်။ ဈေးကိုလည်း သူတို့မေးရင် ရောင်းချင်အောင်သူများ ဈေးထက် ပိုပြောရတယ်ဟု ပြောသည်။

**မောင်မောင်မြတ်ခိုင်**

တောင်သူများအနေနဲ့ မိမိစိုက်ပျိုးထုတ်လုပ်သော စပါး ဈေးကောင်းရ တွက်ခြေကိုက်စေရန်အတွက် မြေပြုပြင်ခြင်း၊ မျိုးရွေးချယ်စိုက်ပျိုးခြင်း၊ ထိရောက်သော မြေဩဇာထည့်ခြင်း၊ စနစ်တကျ ပေါင်းနှိမ်ခြင်းတို့ကို ဆောင်ရွက်မှသာ အရည်အသွေးမြင့် စပါးများထွက်ရှိပြီး စီးပွားရေးတွက်ခြေကိုက်မှာဖြစ်ပါတယ်။ ယခုလို အခြောက်ကြဲခင်းစနစ်ဖြင့် စိုက်ပျိုးသည့် ကာလတွင် မိမိကြဲထားသော ပျိုးစေ့များ အပင်ပေါက်နှုန်း ကောင်းမွန်ရေး၊ မပေါက်ပါက အစားထိုး စိုက်ပျိုးနိုင်ရေးအတွက် ပျိုးထောင်ထားနိုင်ရေးတို့ကို ရာသီအမီ လုပ်ကိုင်နိုင်မှ ထွက်နှုန်းကောင်းမှာဖြစ်ပါတယ်။

ယခုအခါကြဲခင်းစိုက်နည်းစနစ်ကို အသုံးများလာသည့်အတွက် အပင်တစ်လသားအတွင်း ပေါင်းမြက် မနှိမ်နင်းပါက သီးနှံအထွက် ၅ ရာခိုင်နှုန်းလျော့နည်းနိုင်တဲ့အတွက် ဝီရိယထား ပေါင်းသတ်ဖို့လိုအပ်ပြီး ပေါက်ရောက်သော ပေါင်းပင်အမျိုးအစားနှင့် ကိုက်ညီသည့် ပေါင်းသတ်ဆေးများကို ရွေးချယ်သုံးစွဲဖို့ကို လူငှားနဲ့တင်မဟုတ်ဘဲ ကိုယ်တိုင်ကြီးကြပ်ဆောင်ရွက်မှသာ စနစ်တကျ ပေါင်းနှိမ်နိုင်မှာဖြစ်ပါတယ်။

စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်တိုးစေရန် စပါးထွက်ကို အကျိုးပြုနေသည့် အခြေခံ အင်္ဂါရပ်များကို အချိုးညီညီ ဟန်ချက်မပျက်တိုးတက်အောင် ဆောင်ရွက်နိုင်ရန်လိုအပ်ပါသည်။ စိုက်ပျိုးထုတ်လုပ်ရရှိသည့်စပါးများကို ရိတ်သိမ်းပြီးချိန်မှစ၍ ဆန်မကြိတ်ခွဲမီအတွင်း လေလွင့်ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းရပ်များကို ရှောင်ကြဉ်ပြီး စပါးအရည်အသွေးကို အစဉ်တစိုက်ထိန်းသိမ်းသွားနိုင်ရန် အရေးကြီးပါသည်။ ကျွန်တော်တို့သည် စပါးကို ဆန်အဖြစ်ကြိတ်ခွဲစားသုံးကြခြင်းဖြစ်ရာ ဆန်ကြိတ်ထွက်နှုန်း ကောင်းမွန်ရန် စပါးအရည်အသွေးကောင်းမွန်ဖို့ လိုအပ်ပါသည်။

ထို့ပြင် တောင်သူများအနေနှင့် စပါးပေါ်လျှင် ပေါ်ချင်း ထုတ်ရောင်းခြင်းကို လျှော့ချရန်လည်း လိုအပ်ပါတယ်။ ငွေကြေးလိုအပ်မှုအတွက် စပါးပေါ်လျှင် ပေါ်ချင်းထုတ်ရောင်းပါက ရောင်းလိုအားများပြီး အဝယ်သမားများတွင် ငွေမလည်၍ စပါးအဝယ်မသွက်သည့်အတွက် ဈေးလျော့နည်းစေခြင်းကိုဖြစ်စေပါသည်။ ထို့ကြောင့် တောင်သူများအနေနှင့် ထွက်ရှိသည့်စပါးအကုန်မရောင်းဘဲ နိုင်သလောက်သိုလှောင် ရောင်းချခြင်းမှာလည်း စပါးဈေးကောင်းရစေသောအချက်ဖြစ်ပါသည်။

တောင်သူများအနေနှင့် စပါးသိုလှောင်ရာတွင် အရေအတွက်နှင့် အရည်အသွေး လေလွင့်ပျက်စီး ဆုံးရှုံးမှုနည်းနိုင်သမျှနည်းစေရန်အတွက် အကုန်အကျသက်သာသော သိပ္ပံနည်းကျ ရိုးရာသိုလှောင်မှုနည်းစနစ်များကို လိုက်နာကျင့်သုံးဆောင်ရွက်ဖို့လိုပါသည်။ ၎င်းတို့မှာ-

* သတ်မှတ်ထားသည့် အစိုဓာတ်ရောက်သည်အထိ ခြောက်သွေ့စေပြီးမှ သိုလှောင်စေခြင်း။
* သီးနှံနှင့် ရောနှောနေသည့် ဖုန်၊ သဲ၊ ခဲ၊ အဖျင်းအမှော် စသည်တို့ကို သန့်စင်စေပြီးမှသိုလှောင်ခြင်း။
* သိုလှောင်ခြင်းမပြုမီနှင့် သိုလှောင်ထားသည့်ကာလအတွင်း ပိုးမွှား၊ ကြွက်၊ ငှက် စသည်တို့၏ စားသောက်ဖျက်ဆီးမှုကို ကာကွယ်ခြင်း။
* ခြောက်သွေ့၍ အလုံပိတ်နိုင်သော ကျီ၊ ပုတ်များအတွင်း ထည့်သွင်း၍ အပူချိန်နည်းသည့် နေရာတွင်သိုလှောင်ခြင်း။
* သိုလှောင်ထားမည့်နေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက် အမြဲသန့်ရှင်းအောင်ထားခြင်းတို့ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ဆန်ကိုအဓိက စားသုံးသောနိုင်ငံဖြစ်ရုံသာမက ဆန်နှင့်ဆန်ထွက်ပစ္စည်းများကို နိုင်ငံခြားသို့တင်ပို့ရောင်းချပြီး နိုင်ငံခြားဝင်ငွေရှာပေးနိုင်သည့်အတွက် ဆန်စပါးသည် မြန်မာနိုင်ငံအဖို့ အထူးအရေးကြီးသော ကောက်ပဲသီးနှံတစ်ခုဖြစ်ပါသည်။ စပါးမှ ဆန်ကြိတ်ခွဲရာတွင် ဆန်ကြိတ်ထွက်နှုန်း ကောင်းမွန်ရေး၊ အရည်အသွေးကောင်းမွန်ရေးတို့သည် များစွာအရေးကြီးပါသည်။ စပါးကို စက်ကိရိယာ အသုံးပြုကြိတ်ခွဲထုတ်လုပ်ရာတွင် စက်၏ အခြေခံစွမ်းဆောင်ရည်ကောင်းမွန်ရန် လိုအပ်သကဲ့သို့ စပါး၏ အရည်အသွေးကောင်းမွန်ရန်လည်း လိုအပ်ပါသည်။

တောင်သူတို့ နေပူမရှောင်၊ မိုးရွာမရှောင် အပတ်တကုတ်ကြိုးစားစိုက်ပျိုး ထုတ်လုပ်ခဲ့သည့် စားသုံးသီး နှံများ အရည်အသွေးမကောင်းပါက ဈေးကောင်းရမည်မဟုတ်ပါ။ တစ်ကိုယ်ရေလိုအပ်မှုတွေများပြားပြီး ပြိုင်ဆိုင်မှုတွေ ပြင်းထန်လာသည့်ယခုကာလတွင် ကိုယ်ကြိုးစားသမျှ အရာထင်ဖို့အတွက် အရည်အသွေးထိန်းသိမ်းပြီး စနစ်တကျရောင်းဝယ်နိုင်ရေးအတွက် တိုက်တွန်းရေးသားလိုက်ရသည်။

# ထားဝယ်မြို့ မြို့မစည်ပင်သာယာဈေး၊ ဈေးခေါင်းရုံး၌ ညဈေးတန်းရောင်းချသူများအား အသိပညာပေးဟောပြော

တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၁၃ ရက်တွင် တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနနှင့် ပူးပေါင်း၍ထားဝယ်မြို့၊ မြို့မစည်ပင်သာယာဈေးခေါင်းရုံး၌ညဈေးတန်းများတွင်ရောင်းချနေသောဈေးသည်များအား စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာအသိပညာပေးဟောပြောခဲ့သည်။

အဆိုပါဟောပြောပွဲတွင်တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးကျော်မင်းက စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များကိုဈေးသူ/ဈေးသားများက နားလည်သဘောပေါက်ပြီး သိရှိ လိုက်နာဆောင်ရွက်သွားရန်ရည်ရွယ်၍ အသိပေးရှင်းလင်းဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ဥပဒေသစ်တွင်အခန်း(၂၅)ခန်း၊ ပုဒ်မ (၈၄)ခုပါရှိပါကြောင်း၊ အခန်း(၁၈)ပါကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းသည် ဥပဒေကိုထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှ စတင်အာဏာတည်မည်ဖြစ်ကြောင်း ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်များသည်ကုန်စည်၏ အမှတ်အသား၊ ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊ ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက် စွဲ၊ ထုတ်လုပ်မှုအမှတ်စဉ်၊ ပြည်တွင်းသို့ တင်သွင်းလာသောကုန်စည်ဖြစ်ပါကတင်သွင်းသူ၏ အမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်လုပ်ငန်းအမည်နှင့်လိပ်စာ၊ ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှကုန်စည်များ တင်သွင်းပြီး ပြန်လည်ထုပ်ပိုးသည့်နေရာ၊ ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းအမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှုအချိုးအစား၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓာတ်မတည့်ကြောင်း ဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်၊ သက်ဆိုင်ရာအစိုးရဌာနများကဖော်ပြရန်သတ်မှတ်ထားသော အချက်အလက်များစသည်တို့ကို ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်များနှင့်အညီ သိသာထင်ရှားစွာ ဖော်ပြရမည်ဖြစ်ကြောင်းကိုလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မေသန်းနိုင်က အစားအစာများထားသိုရာတွင် စနစ်တကျသန့်ရှင်းစွာထားရှိရန်နှင့် အစားအစာများပြင်ဆင်ချက်ပြုတ်ရာတွင် လိုက်နာရမည့်အချက်များကိုလည်းကောင်း အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ ဟောပြောပွဲတွင် ဈေးသူ/ဈေးသား စုစုပေါင်း ၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ရွှေဝယ်သား**

# ထားဝယ်အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေး အဝေးပြေးကားလမ်းဖောက်လုပ်ဖို့ကဦးစားပေးလုပ်ငန်းဖြစ်လာ

| မောင်လွင်ပြင် |

မြန်မာနိုင်ငံတွင် အထူးစီးပွားရေးဇုန်သုံးဇုန်ရှိသည့်အထဲ ထားဝယ်အထူးစီးပွားရေးဇုန်သည် နိုင်ငံအတွက် အရေးကြီးသည့် စီမံကိန်းတစ်ခု ဖြစ်လာနေသည်။ အထူးစီးပွားရေးဇုန်များဖွံ့ဖြိုးလျှင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးမည်မှာ တိုက်ရိုက်အချိုးကျသည်။ သီလဝါအထူးစီးပွားရေးဇုန် အောင်မြင်လာသောအခါ ထားဝယ်အထူးစီးပွားရေးဇုန်ကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော်ဖို့ လိုအပ်လာသည်။ အကြောင်းကြောင်းကြောင့် ကြန့်ကြာနေသော ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းပြန်လည် စတင်နိုင်ရန် ယခုအခါ အာရုံစိုက်မှုများ ရှိလာနေသည်။ ထားဝယ်ဇုန် စီမံကိန်း အကောင်အထည်ဖော်ရေး အစကနဦးက မြန်မာနှင့် အီတာလျံထိုင်းကုမ္ပဏီတို့ ပူးပေါင်း ဆောင်ရွက်ရေး ညှိနှိုင်းခဲ့ကြသည်။ ယခုဂျပန်နိုင်ငံကပါ ပါဝင်ဆောင်ရွက်ရန် အခြေအနေများ ဖြစ်ပေါ်လာသည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်း ပြန်လည် ဆောင်ရွက်ရေးကိစ္စ ပြည်သူလူထုကပါ စိတ်ဝင်တစားရှိလာနေသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်ဆန်းအား ကြေးမုံသတင်းစာက တွေ့ဆုံမေးမြန်းထားသည်။ အများပြည်သူတို့ ရေငတ်တုန်း ရေတွင်းထဲကျ ဖြစ်ခဲ့သည်။ ဒေါက်တာမြင့်ဆန်းပြောကြားချက်များကို ကောက်နုတ်ပြီး အရေးကြီးသည့် သိသင့်သိထိုက်သည်များကို ကောမတ်စ်ဂျာနယ် စာဖတ်ပရိသတ်အတွက် တင်ပြချင်သည်။ အထူးစီးပွားရေးဇုန် စီမံကိန်းတစ်ခု အောင်မြင်ရေးသည် ပြည်သူလူထု ပူးပေါင်းပါဝင်ရေးအပေါ် တွင်လည်း မူတည်သည်။ ပွင့်လင်းမြင်သာမှုဘယ်လောက်ရှိလဲဆိုသည်လည်း အထူးလိုအပ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဘာကြောင့် ကြန့်ကြာနေရသလဲအမေးရှိလျှင် အကြောင်းရင်းမျိုးစုံရှိနေသည်။ အီတာလျံထိုင်းကုမ္ပဏီဘက်က ဘဏ္ဍာရေးအခက်အခဲကြောင့်က အဓိကဖြစ်သည်။ နှစ်ဖက်ဖြည့်ဆည်းပေးရမည့် အချက်များလည်းရှိသည်။ မြန်မာဘက်က ဖြည့်ဆည်းပေးရမည့်အချက်များ ပြည့်စုံအောင်မဖြည့်ဆည်းပေးခြင်း၊ အီတာလျံထိုင်းကုမ္ပဏီဘက်က မဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် ကြန့်ကြာနေရသည်ဟု သိရသည်။ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းကို ၂၀၀၈ ခုနှစ်ကတည်းက အီတာလျံထိုင်းကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည် သဘောတူခဲ့၏။ ငွေကြေးရင်းနှီးမြှုပ်နှံမှုအခက်အခဲကြောင့် ၂၀၁၃ ခုနှစ်တွင် ရပ်ဆိုင်းခဲ့သည်။ အစကနဦးက အီတာလျံထိုင်းကုမ္ပဏီနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တို့ ပူးပေါင်းဆောင်ရွက်မည်ဟု သဘောတူခဲ့၏။ ၂၀၁၃ ခုနှစ်နောက်ပိုင်း တင်ဒါအသစ်ပြန်ခေါ်ခဲ့သည်။ အီတာလျံထိုင်းကုမ္ပဏီပဲ တင်ဒါအောင်သည်။ တင်ဒါအောင်ခဲ့ပေသည့် ၂၀၁၅ ခုနှစ်နောက်ပိုင်းအထိ အီတာလျံထိုင်း ကုမ္ပဏီ၏ ငွေရေးကြေးရေးအခက်အခဲကြောင့် ကြန့်ကြာမှုများထပ်ဖြစ်ရသည်။ မြန်မာဘက်ကလည်း ဖြည့်ဆည်းပေးရမည့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာဆန်းစစ်ချက် (EIA) နှင့် လူမှုရေးထိခိုက်နစ်နာမှုလေ့လာဆန်း စစ်ချက် (SIA) မြေငှားစာချုပ်စသည့်ကိစ္စများရှိနေခဲ့သည်။ ထို့ကြောင့် ၂၀၁၉ ခုနှစ်အထိ နှောင့်နှေးနေရခြင်းဖြစ်သည်ဟု ဒေါက်တာမြင့်ဆန်းက ဆိုသည်။ မြေငှားစာချုပ်ကိစ္စ မြန်မာနှင့် အီတာလျံထိုင်းကုမ္ပဏီတို့ ဆွေးနွေးခဲ့သည်မှာ တစ်နှစ်ကျော်ကြာခဲ့သည်။ ယခုမြေငှားစာချုပ် ကိစ္စအပြီးသတ်ပြုလုပ်နိုင်ခဲ့ပြီဖြစ်သည်။ မြေငှားစာချုပ် ညှိနှိုင်းခြင်းပြီးစီးပြီဖြစ်၍ အီတာလျံထိုင်းကုမ္ပဏီဘက်က လက်ခံဖို့ပဲလိုတော့သည်။ လက်ခံပြီးဆိုလျှင် စီမံကိန်း စတင်အကောင်အထည်ဖော်မှု ယခုနှစ်ထဲတွင် ပြန်လည် စတင်နိုင်တော့မည်ဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် အပိုင်းနှစ်ပိုင်း ပါဝင်သည်။ ကနဦးစီမံကိန်းနှင့် ပင်မစီမံကိန်းတို့ဖြစ်သည်။ ကနဦးစီမံကိန်းထဲတွင် အဝေးပြေးလမ်း ဖောက်လုပ်ဖို့အစီအစဉ်ပါဝင်သည်။ အဝေးပြေးလမ်းဆိုသည်မှာ ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထိုင်းနိုင်ငံဆက်သွယ်မည့် ထားဝယ်-ထီးခီးလမ်း (ထားဝယ်စီးပွားရေးဇုန်လမ်း) ဖြစ်သည်။ ယင်းအဝေးပြေးလမ်းကို နှစ်လမ်းသွားအဖြစ် ဖောက်လုပ်မည်။ ယင်းအဝေးပြေးလမ်းကို မြန်မာဘက်က ထိုင်းနိုင်ငံချေးငွေဖြင့် ဖောက်လုပ်မည်ဆုံးဖြတ် ထားသည်။ ယင်းအဝေးပြေးလမ်းသည် ယခင်ကတည်းက လမ်းကြောင်းရာ မြေသားလမ်းအဖြစ် အီတာလျံထိုင်းဘက်က ဖောက်ပြီးသားဖြစ်သည်။ ထိုင်းနယ်စပ်မှ ထားဝယ်စီးပွားရေးဇုန် အထိ ၁၃၈ ကီလိုမီတာရှည်သည်။ အဝေးပြေးလမ်း ဖောက်လုပ်မှုကုန်ကျစရိတ်ကို ထိုင်းဘတ် ၄ ဒသမ ၅ ဘီလီယံ ကုန်ကျမည်ခန့်မှန်းထားသည်။ အမှန်တကယ်ကုန်ကျနိုင်ခြေရှိ မရှိ လမ်းလုံခြုံရေး၊ လမ်းဒီဇိုင်း စသည်များ ကွင်းဆင်းလေ့လာရန် ထိုင်းဘက်က ငွေချေးမည့်အဖွဲ့ NEDA က ယခုပြုလုပ်နေသည်။ NEDA ဆိုသည်မှာ ထိုင်းနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ကူညီပေးရေးအေဂျင်စီဖြစ်သည်။ NEDA ၏ ကွင်းဆင်းလေ့လာမှုများ လာမည့်စက်တင်ဘာလတွင် ပြီးစီးမည်။ ပြီးပြီဆိုလျှင် ထိုင်းအစိုးရနှင့် မြန်မာအစိုးရတို့ ချေးငွေစာချုပ်လက်မှတ်ရေးထိုးမည်။ ပြီး လျှင် လမ်းဖောက်မည့် ကုမ္ပဏီကို တင်ဒါခေါ်မည်။ ထိုင်းချေးငွေယူပြီး လမ်းဖောက်ရသည်ဖြစ်၍ ထိုင်းဆောက်လုပ်ရေးကုမ္ပဏီသာ တင်ဒါအောင်မည်ဖြစ်သည်။ လမ်း ဖောက်လုပ်ရေး တင်ဒါကိစ္စပြီးလျှင် ခန့်မှန်းခြေ ၂၀၂၀ ပြည့်နှစ်လယ်ပိုင်းတွင် စီမံကိန်း စတင်နိုင်မည်ဖြစ်သည်ဟု ဒေါက်တာမြင့်ဆန်း ရှင်းလင်းဖြေထားသည်။ ထားဝယ်စီး ပွားရေးဇုန်၏ ကနဦးစီမံကိန်းအပိုင်းတွင် ထားဝယ်-ထီးခီး နှစ်လမ်းသွားအဝေးပြေးလမ်း ဖောက်လုပ်ရေးသည် အရေးကြီးသည်။

ထားဝယ်အထူးစီးပွားရေးဇုန် ဒုတိယပိုင်းကိုတော့ ပင်မစီမံကိန်းအပိုင်း (Full Phase) ဟုခေါ်၏။ ပင်မ စီမံကိန်းတွင် အထူးစီးပွားရေးဇုန်တစ်ခုလုံး ပါဝင်သည်။ ဇုန်တစ်ခုလုံးအကျယ် ၁၉၆ စတုရန်းကီလိုမီတာရှိသည်။ ကနဦးစီမံကိန်းက ၂၇ စတုရန်းကီလိုမီတာရှိသည်။ ၁၆၉ စတုရန်းကီလိုမီတာ အကျယ်ကျန်သည်။ ယင်းဧရိယာပေါ်တွင် စီးပွားရေးဇုန်နှင့် သက်ဆိုင်သည့်အခြေခံ အဆောက်အအုံများ တည်ဆောက်မည်။ ပင်မစီမံကိန်းအပိုင်းတွင် ဂျပန်နိုင်ငံပါဝင်ပတ်သက်လာသည်။ ပင်မစီမံကိန်းကို အစကနဦးကတည်းက ထိုင်းဘက်က မဟာ စီမံကိန်း (Master Plan) ရေးဆွဲပြီးဖြစ်သည်။ ၂၀၁၅ ခုနှစ်ကတည်းက ရေးပြီးသားဖြစ်၏။ ထိုအခါ ဂျပန်နိုင်ငံ ပူးပေါင်းပါဝင်ရင်းနှီးမြှုပ်နှံချင်သောအခါ ၂၀၁၇ ခုနှစ်တွင် နဂိုရေးပြီးသား မဟာစီမံကန်းကိုအခြေခံပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA) အဖွဲ့က လေ့လာမှုစစ်တမ်းပြုလုပ်ခဲ့သည်။ အချိန်တစ်နှစ်ကြာသည်ဆို၏။ ယခုတော့ JICA ၏ လေ့လာမှု စစ်တမ်းထွက်လာပြီဖြစ်၏။ စီမံကိန်းစစ်တမ်းပြုလုပ်ပြီးသွား၍ မည်သို့ဆက်လက်အကောင်အထည်ဖော် မည်လဲ သုံးနိုင်ငံဆွေးနွေးကြမည်။

JICA ၏ စီမံကိန်းစစ်တမ်းအရ ထားဝယ်အထူး စီးပွားရေးဇုန်ပင်မစီမံကိန်းကြီးကို အပိုင်းသုံးပိုင်းခွဲထား၏။ ၂၀၂၀-၂၀၃၀ ပြည့်နှစ်အထိ ပထမပိုင်း၊ ၂၀၃၀-၂၀၄၀ ဒုတိယပိုင်းနှင့် ၂၀၄၀-၂၀၅၀ တတိယပိုင်းဟူ၍ဖြစ်သည်။ ပင်မစီမံကိန်းကို မြန်မာ၊ ထိုင်း၊ ဂျပန်သုံးနိုင်ငံပူးပေါင်း ဆောင်ရွက်သွားမည်။ သုံးနိုင်ငံအစိုးရတို့ ယခု ၂၀၁၉ ထဲတွင် မည်သို့ပူးပေါင်းဆောင်ရွက်ကြမည်လဲ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲပြုလုပ်တော့မည် သိရ၏။ ပင်မစီမံကိန်း ပထမပိုင်းတွင် အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ရေနှင့် ရေနက်ဆိပ်ကမ်းစသည့် တည်ဆောက်ရေးလုပ်ငန်းများပါဝင်သည်။ ယင်းတည်ဆောက်ရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ရမည်ဖြစ်သည်။ မြန်မာဘက်ကတော့ ထားဝယ်ဒေသသည် အထူးစီးပွားရေးဇုန်အတွက် အခြေခံအဆောက်အအုံများ ပြည့်စုံခြင်းမရှိသေးသည့်အတွက် လာမည့်သုံးလေးနှစ်အတွင်း အခြေခံအဆောက်အအုံများ ပြည့်စုံအောင် ဆောင်ရွက်သွားမည်ဆိုသည်။ အခြေခံအဆောက်အအုံများ ပြည့်စုံပြီဆိုလျှင် အထူးစီးပွားရေးဇုန်၌ ဂျပန်ကုမ္ပဏီများ၊ ထိုင်းကုမ္ပဏီများနှင့် အခြားနိုင်ငံတကာကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်သွားမည်ဟု ရည်မှန်းထားသည် သိရ၏။ ထားဝယ် အထူးစီးပွားရေးဇုန်စီမံကိန်း ပြန်စနိုင်ရေး အဝေးပြေးလမ်းစဖောက်နိုင်ဖို့ ဦးစွာလိုအပ်သည်။ အဝေးပြေးလမ်းဖောက်ရေးနှင့်အတူ အီတာလျံထိုင်းကုမ္ပဏီဘက်က မြေငှားစာချုပ်ကိစ္စများ လက်ခံဖို့လည်းလိုသည်။ အီတာလျံထိုင်းကုမ္ပဏီဘက်က ကြန့်ကြာမှုဖြစ်အောင် နှစ်ကြိမ်နှစ်ခါ ပျက်ကွက်ထား၍ သည်တစ်ခါတော့ ဆိုက်ဆိုက်မြိုက်မြိုက် ဆောင်ရွက်လိမ့်မည်ဟု ယူဆပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား- အင်တာနက်သတင်းများ၊**
**၁၀-၈-၂၀၁၉ ထုတ်ကြေးမုံ။**

## Commerce ကာတွန်း



## သနပ်ပင်မြို့နယ်အတွင်းရှိ ဆန်/စပါး ပေါက်စျေးနှင့် ကြက်/ဘဲပေါက်စျေးများ

မိုးများ အဆက်မပြတ်ရွာသွန်းနေသော သနပ်ပင်မြို့နယ်တွင် စပါးစျေး၊ ဆန်စျေးများက ယခင်တစ်ပတ်ကအတိုင်း အတက်အကျမရှိဘဲ ပုံမှန်ရောင်းဝယ်နေကြပြီး ရန်ကုန် ဘုရင့်နောင်ပွဲရုံသို့ တင်ပို့နေကြကြောင်း သိရသည်။ ကြက်ဘဲစျေးများအနေဖြင့်လည်း အတက်အကျမရှိဘဲ ပဲခူး၊ ရန်ကုန်၊ မော်လမြိုင်၊ မန္တလေးမြို့များသို့ တင်ပို့နေကြကြောင်းနှင့် ဆီ၊ ငရုတ်၊ ကြက်သွန်စသည့် ကုန်ခြောက်များသည် ကျပ် ၅၀ မှ ၁၀၀ စီ အနည်းငယ်စျေးတက်ပြီး ရေကြီးမှုနှင့်ပတ်သက်၍ စိုက်ပျိုးထားသော လယ်မြေများ ပျက်စီးမှုမရှိကြောင်း သိရသည်။

**သိန်းဆွေ(သနပ်ပင်)**

## ကြွပ်ကြွပ်အိတ်အစားထိုး အသုံးပြုနိုင်ရေး မြို့နယ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေး

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှု ကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး ကြွပ်ကြွပ်အိတ်အစားထိုးအသုံးပြုနိုင်ရေး လှုပ်ရှားမှုကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆောင်ရွက်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဩဂုတ်၁၂ ရက်တွင် သိရသည်။

"ကြွပ်ကြွပ်အိတ်အစားထိုး အသုံးပြုနိုင်ရေး ကြွပ်ကြွပ်အိတ်လျှော့ချရေးအတွက် ရေနံချောင်း မြို့မစျေးနှင့် ကျောင်းများမှာ ပညာပေးနေပါတယ်။ ဘယ်လိုပညာပေးလဲဆိုတော့ ကြွပ်ကြွပ်အိတ် ဆိုးကျိုးကိုပြောပါတယ်။ အဲဒီနေရာမှာ အစားထိုးအသုံးပြုဖို့ ပညာပေး ဆွေးနွေးပါတယ်"ဟု ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက ပြောသည်။

အပတ်စဉ်လှုပ်ရှားမှုတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမန်ကိုဟော၊ မြို့နယ်စည်ပင်ကော်မတီဝင်များ၊ ဌာနဆိုင်ရာများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဆန်းညွှန့်(ရေနံချောင်း)**



## ရော်ဘာပိုမိုတင်ပို့ပြီး စျေးအတက်အကျမရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေး စခန်းများမှ ဩဂုတ် ၃ ရက်မှ ၉ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇၁ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၁၂၀၀ ကျော် တင်ပို့ခဲ့ကြောင်း သိရသည်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ရော်ဘာ အမျိုးအစားစုံ တန်ချိန် ၈၇၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစား တန်ချိန် ၂၄၀ ကျော်တင်ပို့ပြီး မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှ Rubber-Latex 60 % DRC အမျိုးအစား တန်ချိန် ၁၅၀ တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက တန်ချိန် ၄၀၀ ကျော် ပိုမိုတင်ပို့ခဲ့ကြောင်းသိရသည်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဩဂုတ် ၄ ရက်မှ ၁၀ ရက်အထိကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ရော်ဘာအမျိုးအစားစုံ တန်ချိန် ၁၄၆၀ ကျော် တင်ပို့ခဲ့သည်။ ယခုတစ်ပတ်မှာရေကြောင်းမှ တရုတ်၊ မလေးရှား၊ ဂျပန်၊ ကိုရီးယားနှင့် အိန္ဒိယနိုင်ငံများသို့တင်ပို့ပြီး တရုတ်နိုင်ငံသို့ Synthetic ရော်ဘာအမျိုးအစားတန်ချိန် ၄၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ MSR အမျိုးအစား တန်ချိန် ၅၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ TSR-20 ရော်ဘာအမျိုးအစားတန်ချိန် ၂၆၀ ကျော်၊ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား တန်ချိန် ၉၀ ကျော်၊ မလေးရှားနိုင်ငံသို့ ရော်ဘာ RSS-3 အမျိုးအစား တန်ချိန် ၂၀၀ ကျော်တင်ပို့ခဲ့ကြောင်း သိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၈၀ ကျော် ပိုမိုတင်ပို့ခဲ့သည်။ နယ်စပ်နှင့် ရေကြောင်းမှ ရက်သတ္တပတ်အတွင်း ရော်ဘာတင်ပို့မှု စုစုပေါင်းမှာ တန်ချိန် ၂၇၀၀ နီးပါးဖြစ်သည်။ တစ်ပတ်အတွင်း ရော်ဘာတင်ပို့မှုပိုမိုသော်လည်း နိုင်ငံတကာရော်ဘာစျေး အတက်အကျသိပ်မရှိကြောင်း သိရသည်။ **ယဉ်ယဉ်အေး**

## မိုးပါးပြီး အခွန်စနစ်သစ်သတင်းများကြောင့် ကားလေးများအဝယ်ပြန်လိုက်လာ



ရန်ကုန်၌ ဩဂုတ်လဒုတိယပတ်အကုန်တွင် မိုးရွာသွန်းမှုပြန်လည်နည်းပါးသွားသဖြင့် ကားရောင်းဝယ်ရေးနေရာများတွင် ကားလာကြည့်သူ၊ ကားစျေးတန်းလှည့်လာသူတို့နှင့် အထက်ပိုင်းဒေသများမှ နယ်အဝယ်များပြန်ဆင်းလာပြီး ဂျပန်ညာမောင်းကားလေးများအဝယ်ပြန်လိုက်လာကြောင်း သိရသည်။

လဆန်းပိုင်း ပထမပတ်ခန့်က စတင်ကြားသိရသော သိန်းတစ်ထောင်အောက် တန်ဖိုးရှိပစ္စည်းအားဝင်ငွေခွန်ပေးဆောင်ရာတွင် သုံးရာခိုင်နှုန်းသာကောက်ခံမည့် အခွန်စနစ်သစ်တစ်ရပ် သတင်းအရ ကားစျေးကွက်ထဲတွင် လှုပ်လှုပ်ရှားရှားပြန်ဖြစ်လာပြီး စက်တင်ဘာလအစောပိုင်းတွင် သတ်မှတ်မည်ဟု သိရှိရသော်လည်း ယခုအချိန်ကတည်းက စျေးကွက်ကောင်းလာနိုင်သည်ကို မျှော်တွေးပြီးကြိုတင် ဝယ်ယူမှုရှိလာသဖြင့် အရောင်းအဝယ် ပြန်ဖြစ်လာရခြင်းဖြစ်ကြောင်း လှိုင်ယာဉ်စခန်းမှ ဝါရင့်ဝယ်ရောင်း ကိုမြင့်ကျော်က ပြောသည်။

ဆက်လက်၍ ယခုကာလအတွင်း မိုးပြန်ပါးကာအနည်းငယ် ခြောက်သွေ့လာသဖြင့် ယာဉ်ရောင်းဝယ်ရေးစခန်းများနှင့် စမ်းချောင်း၊ ကျောက်မြောင်း စသည့် အရောင်း အဝယ်လုပ်ရာနေရာအားလုံး လူဝင်လူထွက်များကာ စည်စည်ကားကား ပြန်ဖြစ်လာပြီး အဓိကအားဖြင့် ကျပ်သိန်း ၂၀၀ ဝန်းကျင် ၂၀၁၀/၂၀၁၁ ခုနှစ်ထုတ် တိုရိုတာဗစ်၊ ဟွန်ဒါဖစ်၊ ဒီမီယို၊ ပရိုဘောက် စသည့် ဂျပန်ညာမောင်းကားလေးများ ကျပ်သိန်း ၂၀၀ နှင့် ၂၅၀ ကြား အင်ဂျင်ပါဝါ ၁ ဒသမ ၈၂ အထက် ၂၀၀၀/၂၀၀၃ ခုနှစ်ထုတ် တိုရိုတာဝှစ်၊ ဟာရီယာ၊ မတ်ခ်တူး ဆလွန်း၊ ခရောင်းဆလွန်းများ အရောင်းအဝယ်ဖြစ်ကာ ကျပ်သိန်း ၄၀၀ အထက် အာလ်ဖတ်၊ ကလူဂျာ၊ ပရာဒို၊ ဗန်းဂတ် စသည့်ကားများမှာ လတ်တလော အဝယ်နည်းနေပြီး စျေးအမေးသာရှိသေးကြောင်း ၎င်းက ပြောသည်။

အခွန်စနစ်သာ အမှန်တကယ်အသက်ဝင်လာပါက အရောင်းအဝယ် ယခုထက်ကောင်းလာနိုင်ပြီး အဓိကအားဖြင့် အခွန်စျေးမြင့်သဖြင့် ရောင်းအားပုံမှန်ရှိသော ပြည်တွင်းတပ်ဆင်အက်စ်ကေဒီကားများမှာပို၍ အရောင်းရတွင်ကျယ်လာနိုင်ကြောင်း သုံးသပ်ကြသည်။ **SN**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်စျေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | စျေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဝစ်ရှ် (၂၀၀၃)(XS) | J | ၂၅၈ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ချက်ဗလက် (၂၀၀၉)ဝက်ဂွန် | H | ၁၄၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ဘယ်လ်တာ (၂၀၀၇)ဆလွန်း | G | ၁၆၅ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | ဟွန်ဒါဖစ် (၂၀၁၀) GE-6 | D | ၁၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၅။ | ဟာရီယာ (၂၀၀၀) | D | ၂၁၅ သိန်း | ၂.၂ ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ဟွန်ဒါဖစ်/ရှာတဲလ်(၂၀၁၂) | Q | ၃၁၂ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဟိုက်ဂျက် | G | ၁၀၉ သိန်း | ၀.၆ ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ပရိုဘောက် (၂၀၁၂) | HH | ၂၅၀ သိန်း | ၁.၃ ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | စီအာရ်ဗွီ (၂၀၀၂) | D | ၂၃၀ သိန်း | ၂.၀ ဓာတ်ဆီ၊ ရန်ကုန် |

## ချမ်းအေးသာစံမြို့နယ်ရှိ အထက(၂)တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ အ. ထ. က(၂)တွင် စားသုံးသူကာကွယ်ရေးအသိပညာပေးဆွေးနွေး ဟောပြောခဲ့သည်။

အခမ်းအနားတွင် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဦးတင်ချစ်ကောင်းက စားသုံးသူကာကွယ်ရေးဥပဒေ ၂၀၁၉ ပါ စားသုံးသူကာကွယ်ရေး၏ လုပ်ငန်းစဉ်များအကြောင်း၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်နှင့် ဝန်ဆောင်မှုများ ရယူသုံးစွဲနိုင်ရေး၊ ဌာန၏မျှော်မှန်းချက်၊ ရည်မှန်းချက်များ၊ စားသုံးသူ၏ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တားမြစ်ချက်များ လိုက်နာမှုမရှိပါက ချမှတ်နိုင်သည့် စီမံခန့်ခွဲရေးပြစ်ဒဏ်၊ ပြစ်မှုပြစ်ဒဏ်များအကြောင်း အသေးစိတ်ဟောပြော ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ဒေါ်ထက်ထက်ကျော်က ဟင်းသီးဟင်းရွက်များ ချက်ပြုတ်စားသောက်ရာတွင် အန္တရာယ်ကင်းစေရန် အတွက် ဆောင်ရန်၊ ရှောင်ရန်များကို ဟောပြောဆွေးနွေးခြင်း၊ အ. ထ. က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာဆွေက ကျေးဇူးတင်စကားပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကျောင်းမုန့်စျေးတန်းအား ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**သီတာဝင်း (စားသုံးသူ- မန္တလေး)**

# စတော့ဈေးကွက်တွင် အွန်လိုင်းအသုံးပြု ငွေချေး သက်သေခံလက်မှတ် ဝယ်ယူခြင်းများ နည်းပါးနေသေး

ပြည်တွင်း စတော့ရှယ်ယာဈေးကွက်တွင် အွန်လိုင်း အသုံးပြုငွေချေး သက်သေခံလက်မှတ် ဝယ်ယူခြင်းများ နည်းပါးနေသေးကြောင်း KTZ Ruby Hill Securities Co.,Ltd. မှ Operation Manager ဖြစ်သူ ဒေါ်လဲ့လဲ့မိုးက ပြောသည်။ ဩဂုတ် ၁၁ ရက်က Yangon Stock Exchange Seminar Hall ၌ ပြုလုပ်သည့် "Investment in Myanmar Stock Market" အကြောင်း ဆွေးနွေးတင်ပြသည့် အခမ်းအနားတွင် ယင်းသို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

"စတော့အွန်လိုင်း ရောင်းဝယ်တဲ့ အခြေအနေက လောလောဆယ်မှာ ကျွန်မတို့ investor တွေက နည်းနေသေးတယ်ပေါ့နော်။ တချို့လူတွေဆိုရင် ရိုးရိုးအကောင့်ပဲ ဖွင့်ထားတယ်။ အကောင့်နဲ့ပဲ ကျွန်မတို့ကို ဖုန်းဆက်ပြီးလာတင်တယ်။ အီးမေးလ်ကနေ အော်ဒါတင်တယ်။ အဲဒီလိုမျိုးလေးပဲ လုပ်တယ်။ သူတို့ကိုယ်တိုင် အွန်လိုင်းကနေပြီးတော့ လုပ်တဲ့ဟာ တော်တော်နည်းတယ်" ဟု ၎င်းကပြောသည်။

အဆိုပါ ကုမ္ပဏီအနေဖြင့် အွန်လိုင်းအကောင့် မဖွင့်သေးသူများ၊ အွန်လိုင်းအကောင့်သုံး၍ ငွေချေးသက်သေခံလက်မှတ် ဝယ်ယူခြင်းကိစ္စရပ် မသိသေးသူများကို ဖိတ်ကြား၍ သင်ကြားပြသပေးသွားရန် ရှိသည်ဟုဆိုသည်။ အွန်လိုင်းမှတစ်ဆင့် ငွေချေးသက်သေခံလက်မှတ် ဝယ်ယူရာတွင် လူတစ်ဦးလျှင် အများဆုံးကျပ်သိန်း ၁၀၀ အထိ ဝယ်ယူနိုင်ပြီး ယင်းပမာဏထက် ပိုမိုဝယ်ယူချင်ပါက ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ သက်ဆိုင်ရာ ရှယ်ယာအရောင်းဌာနသို့ သွားရောက်၍ဖြစ်စေ ဝယ်ယူနိုင်ကြောင်း ၎င်းက ပြောသည်။

"ကျွန်မတို့အွန်လိုင်းကနေ ငွေချေးသက်သေခံလက်မှတ် ဝယ်ယူခြင်းကို maximum သိန်း ၁၀၀ အထိ ခွင့်ပြုပေးထား ပါတယ်။ သိန်း ၁၀၀ ကျော်ရင် alarm ပေးပါတယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

ယင်းကဲ့သို့ အွန်လိုင်းမှတစ်ဆင့် ငွေချေးသက်သေခံ လက်မှတ်အရောင်းအဝယ် ပြုလုပ်ရန်အတွက် ယခင်က ရှယ်ယာ အရောင်းအဝယ်လုပ်ရန် စာရင်းဖွင့်လှစ်ထားသူဖြစ်စေ၊ မဖွင့်လှစ် ထားသူဖြစ်စေအွန်လိုင်းရောင်းဝယ်မှု စည်းမျဉ်းများနှင့် ပတ်သက်သည့် သဘောတူညီချက်များ ချုပ်ဆိုပြီးမှသာ ငွေကြေးသက်သေခံလက်မှတ် ကုမ္ပဏီနှင့် အင်တာနက်မှ ချိတ်ဆက်၍ အရောင်းအဝယ် ပြုလုပ်နိုင်မည်ဖြစ်သည်။ မြန်မာ့စတော့ရှယ်ယာ ဈေးကွက်အတွင်း အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ် ပြုလုပ်နိုင်ရန် ရန်ကုန်စတော့အိတ်ချိန်း၏ ခွင့်ပြုချက် ရရှိထားသည့် ကုမ္ပဏီများမှာ Myanmar Securities Exchange Centre Co., Ltd.(MESC)၊ KBZ Strilling Coleman Securities Co., Ltd (KBZSC)၊ CB Securities Ltd. (CBSC)၊ AYA Trust Securities Co., Ltd (AYA Trust) နှင့် TMH Public Co.,Ltd တို့ဖြစ်သည်။ ထိုသို့ အွန်လိုင်းမှတစ်ဆင့် ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ခြင်းကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်ပိုင်းမှ စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ပန်းဆု**

## ပဲခူးမြို့ မြန်မာ့ရိုးရာပန်းအနုပညာလုပ်ငန်း



ပဲခူးတိုင်းဒေသကြီးတွင်ထွက်ရှိသည့် မြန်မာ့ရိုးရာပန်းပညာ စက်မှုလက်မှုထုတ်ကုန်ပစ္စည်းများကို ဦးဝင်းနိုင် အမှတ် ၅၈၀၊ ပုဂံလမ်း၊ ဥသာမြို့သစ်၊ ပဲခူးမြို့မှ မြန်မာရိုးရာ ပန်းအနုပညာလုပ်ငန်း (Production Workshop II) ထုတ်လုပ်လျက်ရှိသည်။ မြန်မာရိုးရာ ပန်းအနုပညာထုတ်ကုန်မျိုးစုံအား ကုန်ကြမ်းအမျိုးအစားရရှိမှုအပေါ် မူတည်၍ ထုတ်လုပ်လျက်ရှိသည်။ ထုတ်ကုန်များကို ပဲခူးမြို့ရှိ ရွှေသာလျောင်းဘုရားခြေရင်းတွင် အရောင်းပြခန်းတစ်ခန်း ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် မန္တလေးမြို့ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ ထို့ပြင် ထုတ်ကုန်များကို တရုတ်နိုင်ငံ ရွှေလီမြို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး အရောင်းခန်းပြခန်းနှင့် အလုပ်ရုံတို့တွင်လည်း နိုင်ငံခြားသားဧည့်သည်များ မှာယူ ဝယ်ယူနေမှုများရှိနေသဖြင့် ပြည်ပနိုင်ငံဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မှု အလားအလာကောင်းများ ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။ **နေမျိုးထိုက်ကျော်**

## ညောင်တုန်းမြို့နယ်တွင် ငရုတ်စိုက်ပျိုးသူများအသင်း(ယာယီ)မှ အမြဲတမ်းအသင်း ဖွဲ့စည်းနိုင်ရေး ဆွေးနွေး

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ကေခိုင်ဦးခန်းမတွင် မအူပင်ခရိုင်၊ စားသုံးသူရေးရာ ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် မိတ်ဖက်အစိုးရအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် ငရုတ်စိုက်ပျိုးသူတောင်သူများ၊ လုပ်ငန်းရှင်များ၊ ယာယီ အသင်းဖွဲ့စည်းမှုမှ အမြဲတမ်းအသင်းဖွဲ့စည်း ဆောင်ရွက်နိုင်ရေးအစည်းအဝေးကို ဩဂုတ် ၁၂ ရက်တွင် ဇလွန်၊ ဓနုဖြူ၊ ညောင်တုန်း၊ မအူပင်၊ ပန်းတနော်၊ ဝါးခယ်မနှင့် အိမ်မဲမြို့နယ်များမှ ငရုတ်စိုက်ပျိုးသူတောင်သူ၊ ကုန်သည်၊ လုပ်ငန်းရှင် စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ အခမ်းအနားကို အစီအစဉ် (၅) ရပ်ဖြင့် ကျင်းပခဲ့ပြီး မအူပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူးကိုယ်စား ညောင်တုန်း မြို့နယ်တာဝန်ခံ ဦးအောင်လွင်က အသင်းအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်၊ အနှစ်သာရနှင့် ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခိုင်မာသောအသင်းအဖွဲ့ရှိရန် လိုအပ်သည်များကိုထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ဆွေးနွေးရရှိသည့် အချက်များမှ တိုင်းအလုပ်အမှုဆောင် ၃၁ ဦးဖွဲ့စည်းပြီး ၎င်းအဖွဲ့တွင် ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးတစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ စာရင်းစစ်နှစ်ဦးနှင့် ကျန် ၂၁ ဦးကို အလုပ်အမှုဆောင် အဖွဲ့များအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**CONSUMER - MT**

## ပြည်မြို့နယ်၌ အာဆီယံ စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်း ကောက်ယူ

မြန်မာနိုင်ငံတွင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လက်တွေ့ကျသောမူဝါဒများ ရေးဆွဲရာ၌ အချက်အလက်များ ပံ့ပိုးနိုင်ရန်နှင့် အခြားသောဆက်စပ်မူဝါဒများ ဖွံ့ဖြိုးရေးကိစ္စများတွင် အသုံးပြုနိုင်ရန် အာဆီယံ စားသုံးသူကာကွယ်ရေး မဟာဗျူဟာလုပ်ငန်းစီမံချက် (၂၀၁၆-၂၀၂၅)အရ အာဆီယံ စားသုံးသူကာကွယ်ရေး ကော်မတီက ဆောင်ရွက်သွားမည့် အာဆီယံ စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်းကောက်ယူခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကောက်ယူလျက်ရှိရာ ပဲခူးတိုင်းဒေသကြီးပြည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိုးငြိမ်း ဦးဆောင်၍ ပြည်ခရိုင်ဦးစီးမှူးရုံးနှင့် ပြည်မြို့နယ်ရုံးတို့မှ ဝန်ထမ်းများနှင့်အတူ ပြည်မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအချို့သို့ ကွင်းဆင်းစစ်တမ်းကောက်ယူ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစစ်တမ်းကောက်ယူခြင်းကို ဩဂုတ် ၉ ရက်၊ ၁၁ ရက်နှင့် ၁၃ ရက်တို့တွင် ပြည်မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော မော်ဇာကျေးရွာ၊ လက်ခုပ်ပင်ကျေးရွာ၊ ချောင်းနားတန်းကျေးရွာ၊ ထန်းပေါက်ကျေးရွာ၊ ဇီးအုပ်ကျေးရွာများနှင့် မြို့ပေါ်ရပ်ကွက် ငါးခုတွင် လူဦးရေ (မ) ၁၃ဦး၊ (ကျား) ၁၃ဦး၊ စုစုပေါင်း ၂၆ ဦးတို့အား တွေ့ဆုံ၍ အာဆီယံ စားသုံးသူစွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်း (ASEAN Consumer Empowerment Index ACEI) အား ကောက်ယူမှု ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ခင်ဆွေဝင်း (ပြည်)**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) **မြန်မာကုန်သွယ်မှုဗဟိုဌာန** (Myanmar Trade Center) **ဖုန်း-**၀၁ ၂၅၄၀၂၄ **ဖက်စ်-** ၀၁ ၂၅၄၀၂၃ **အီးမေးလ်-**itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk **ဖုန်း-** ၀၉ ၄၃၀ ၄၁ ၈၄၇ **အီးမေးလ်-** mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC)**
**စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

(၁) ရန်ကုန်တိုင်းဒေသကြီး — ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com

(၂) ပဲခူးတိုင်းဒေသကြီး(အနောက်) — ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020

(၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) — ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036

(၄) ရေဝတီတိုင်းဒေသကြီး — ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com

(၅) မန္တလေးတိုင်းဒေသကြီး — မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com

(၆) ရခိုင်ပြည်နယ် — စစ်တွေမြို့။ Fax:043-23426,Ph:043-23426

(၇) မကွေးတိုင်းဒေသကြီး — အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197

(၈) ရှမ်းပြည်နယ်(တောင်ပိုင်း) — အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com

(၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) — ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034

(၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) — အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039

(၁၁) ကရင်ပြည်နယ် — ဘားအံမြို့။ Fax:058-21666,Ph:058-21041

(၁၂) တနင်္သာရီတိုင်းဒေသကြီး — ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012

(၁၃) ကချင်ပြည်နယ် — အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459

(၁၄) ကယားပြည်နယ် — (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com

(၁၅) မွန်ပြည်နယ် — အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318

(၁၆) စစ်ကိုင်းတိုင်းဒေသကြီး — သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924

## ခုနစ်ရက် သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
### ၁၉-၈-၂၀၁၉ မှ ၂၅-၈-၂၀၁၉ ရက်နေ့ထိ
### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** ငွေကြေးအကျိုးအမြတ်ကောင်းစွာရရှိလာတတ်သည်။ အိမ်တွင်းလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းအကျိုးပေးသည်။ ပညာရေးတွင်စိတ်ဝင်စားမှုအားနည်းနေ တတ်သည်။ အချစ်ရေးတွင်ချစ်သူ၏သံသယဖြစ်မှု၊ အထင်လွဲမှားမှုခံရတတ်ပါသည်။ အိမ်ထောင်ရေးကံမကောင်းသေးပါ။ ကျန်းမာရေးအနေဖြင့် ကိုယ်ခန္ဓာအတွင်းဆီးလမ်းကြောင်းပိတ်ဆို့ခြင်းဝေဒနာ၊ အူကျရောဂါ၊ အင်္ဂါစပ်အတွင်းဖြစ်တတ်သောရောဂါတို့ဖြစ်တတ်သည်။

**ယတြာ။ ။ ဘုရားတွင် သကြားနှင့် ဆွမ်းကပ်၍မေတ္တာဘာဝနာပွားပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် အတိုက်အခံ အပြိုင်အဆိုင်များကြုံတွေ့ရတတ်သည်။ လယ်ယာသုံးပစ္စည်းများ၊ ကြေး၊ သွပ်၊ သံထည်ပစ္စည်းများနှင့် စီးပွားဖြစ်ထွန်းလိမ့်မည်။ ရိုးသားသည့်အတွက် နာမည်ကောင်းရတတ်သည်။ ပညာရေးအတွက် ဆရာကောင်းများထံခိုလှုံ၍ကြိုးစားကျက်မှတ်ရမည်။ အချစ်ရေး၊ အိမ်ထောင်ရေးအတွက် ခရီးဝေးသွား၍ စွန့်စားလုပ်ကိုင်နေရတတ်သည်။ ကျန်းမာရေးတွင်မျက်စိနာခြင်း၊ မျက်လုံးထိခိုက်ခြင်း သတိထားသင့်ပါသည်။

**ယတြာ။ မည်သည့်ဘာသာရေးပုဂ္ဂိုလ်ကိုမဆို အလှူအတန်းပြုပေးပါ။**



**အင်္ဂါသားသမီးများအတွက်** လက်တွေ့အောင်မြင်နေသောစီးပွားရေးသမားများ၏နည်းနာများအန်တုပြီးလုပ်ကိုင်ရတတ်သည်။ ယာဉ်၊ ကားနှင့်အပိုပစ္စည်းများဆက်သွယ်ရေးကိရိယာများရောင်းဝယ်ခြင်းဖြင့် အကျိုးပေးမှုအားကောင်းလိမ့်မည်။ ပညာရေးထူးချွန်အောင်မြင်မှုရရှိမည့်ကာလဖြစ်သည်။ အချစ်ရေးတွင်ဖြေရှင်းချက်များမကြာခဏပေးနေရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်မှုရှိနေမည်။ ကျန်းမာရေးအနေဖြင့် ခေါင်းမူးခေါင်းကိုက်၊အစာအိမ်တို့သတိထားသင့်သည်။

**ယတြာ။ သကြားလုံးဝေ၍လှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အောင်မြင်သောစီးပွားရေးသမားများ၏အားပေးမှု၊ အကြံဉာဏ်ပေးမှုတို့ကြောင့် အောင်မြင်ပြီးအမြတ်အစွန်းများရရှိမည်။ အိမ်အလှဆင်ပစ္စည်းများ၊ ငွေကြေးလဲလှယ်ရေးလုပ်ငန်းများ၊ ရှေးဟောင်းအနုပညာရပ်ဆိုင်ရာပစ္စည်းများအကျိုးပေးပါသည်။ ပညာရေးတွင် ဉာဏ်ရည်ထက်မြက်မှုရှိနေမည်။ အချစ်ရေးတွင် လုပ်ငန်းတူအသိုင်းအဝိုင်းတွင်းမှ ချစ်ကံကောင်းမည်။ ကျန်းမာရေးအနေဖြင့် အဆိပ်ရှိသောသတ္တဝါတို့ကြောင့် ရောဂါရတတ်သည်။

**ယတြာ။ ဘုရားတွင်အောင်မြေနင်း၍ကိုးနဝင်းပုတီးစိပ်ပါ။**



**ကြာသပတေးသားသမီးများအတွက်** ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများတွင် ဆုံးဖြတ်ချက်မှားတတ်သည်ကို သတိရှိသင့်ပါသည်။ ရတနာပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ အပင်ပန်းခံကြိုးစားမှုကြောင့် အောင်မြင်မည်။ ဝင်ငွေများထင်ထားမျှော်မှန်းထားသည်ထက်ပိုလာနိုင်ပါသည်။ ပညာရေးတတ်လွယ်မှုရှိမည်။ အချစ်ရေးတွင် မိမိမျှော်လင့်သူနှင့်ကွေကွင်းရတတ်သည်။ အိမ်ထောင်ရေးသင့်တင့်နေမည်။ ကျန်းမာရေးတွင် အဆစ်၊ အမြစ်နာကျင်ကိုက်ခဲသော ဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ သာဂူနှင့်ပြုလုပ်သောမုန့်လှူပေးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးတွင် အလှကုန်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်းတို့နှင့်ကျွမ်းကျင်သူများ၏ ကူညီမှုကြောင့် အောင်မြင်တိုးတက်မှုရှိပြီး ဝင်ငွေသင့်တင့်မှုရှိနေတတ်ပါသည်။ ပညာရေးထူးချွန်မှုရှိနေသည်။ ကြိုးစားပါအောင်မြင်မည်။ အချစ်ရေးတွင် မိဘသဘောတူသူနှင့်လက်ထပ်ရတတ်သည်။ အိမ်ထောင်ရေးကောင်းနေမည်။ ကျန်းမာရေးတွင် အဆီများသောဝေဒနာခံစားရမှုရှိနေတတ်ပါသည်။

**ယတြာ။ ဖာလူဒါလှူပေးပါ။**



**စနေသားသမီးများအတွက်** လက်အောက်ငယ်သားများစွာဖြင့် လုပ်ကိုင်ရသောလုပ်ငန်းများမှ ဝင်ငွေကောင်းရရှိလိမ့်မည်။ အထူးသဖြင့် တွင်ကုန်လုပ်ငန်း၊ ဝပ်ရှော့လုပ်ငန်းများအကျိုးပေးမှုအားကောင်းနေတတ်ပါသည်။ ပညာရေးကြိုးစားအားထုတ်မှုလိုနေလိမ့်မည်။ အချစ်ရေးကံသင့်တင့်မှုရှိနေမည်။ အိမ်ထောင်ကောင်းရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အကြောတက်ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ကျောက်ကျောလှူပါ။**

# မိတ္ထီလာမြို့နယ် မွေကျေးရွာနှင့် မွေ အထက(ခွဲ)တွင် စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြော

စားသုံးသူရေးရာဦးစီးဌာန၊ မိတ္ထီလာခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ဩဂုတ် ၉ ရက်တွင် မိတ္ထီလာမြို့နယ်၊ မွေကျေးရွာနှင့် မွေ အ. ထ. က (ခွဲ)တွင် စားသုံးသူကာကွယ်ပေးရေး အသိပညာ ပေးဟောပြောခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် ဦးစီး မှူးရုံးမှ ဒု-ကြီးကြပ်ရေးမှူး ဦးရဲမြင့်ဆန်းက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေးဥပဒေအကြောင်း၊ စားသုံးသူပြည်သူများ ဘေးအန္တရာယ် ကင်းရှင်းပြီး လုံခြုံစိတ်ချရမှုရှိ၍ အာမခံချက်ရှိသည့် အရည်အသွေးမီသော စားသောက်ကုန်ပစ္စည်းများ၊ သုံးစွဲနိုင်ရေးအတွက် အခန်း(၁၈) တွင် ပါဝင်သည့် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်ပတ်သက်၍ မဖြစ်မနေဖော်ပြရမည့် သတ်မှတ်ချက်များ၊ စားသုံးသူများသိသင့်သည့် ကုန်စည် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍စားသုံးသူ၏အခွင့်အရေး၊ တာဝန်များအကြောင်း အကျယ်တဝင့်ဟောပြောပြီး ခါတုဆိုးဆေးအန္တရာယ်၊ မှည့်ဆေး၊ ယင်မနားဆေး၊ တာရှည်ခံဆေး၊ ပိုးသတ်ဆေးအန္တရာယ်၊ ပြည့်ဝဆီစားသုံးခြင်းဖြင့် ရရှိလာမည့် ဘေးထွက်ဆိုးကျိုးများအကြောင်းတို့ကို ကျေးရွာရှိ ရပ်မိ/ရပ်ဖများ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ သိရှိနားလည်နိုင် ရန် အသေးစိတ်ဟောပြော ဆွေးနွေးခဲ့သည်။

ထို့နောက် စားသုံးသူအတွက်နစ်နာမှုများ ရှိလာပါက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ လာရောက်တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့သည်။

**မူမူသန်း(မိတ္ထီလာ)**

# မုံရွာ၌တွင် အာဆီယံစားသုံးသူစွမ်းဆောင်နိုင်မှုအညွှန်းကိန်း စစ်တမ်းကောက်ယူ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့်(၁၉)ကြိမ်မြောက် အာဆီယံ စားသုံးသူ ကာကွယ်ရေးကော်မတီ အစည်းအဝေး၏ သဘောတူညီချက်များအရ ၂၀၁၉ ခုနှစ်တွင် ACCP က အလေးထားဆောင်ရွက်ရမည့် ကဏ္ဍနှစ်ရပ်အနက်မှ အာဆီယံစားသုံးသူ စွမ်းဆောင်နိုင်မှု အညွှန်းကိန်းစစ်တမ်းကောက်ယူခြင်းအား အာဆီယံ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် CLMV (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်) နိုင်ငံများတွင် GIZ ၏အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံ၌ တိုင်းဒေသကြီးငါးခုတွင် လူဦးရေအပေါ် အခြေခံ၍ မြို့ပြနှင့် ကျေးလက်နေ လူဦးရေ ကျား/မ အချိုးကျ စုစုပေါင်း ၇၀၀ ခန့်ကို မြေပြင်ကွင်းဆင်း စစ်တမ်း ကောက်ယူမည်ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူဦးရေ ၁၂၀ ခန့် စစ်တမ်းကောက်ယူမည်ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ၃၂ ဦး၊ ကလေးမြို့နယ်တွင် ၂၂ ဦး၊ ကောလင်းမြို့နယ်တွင် ၂၂ ဦး၊ စစ်ကိုင်းမြို့နယ်တွင် ၂၂ ဦး၊ ရွှေဘိုမြို့နယ်တွင် ၂၂ဦး စုစုပေါင်း ၁၂၀ ဦးအား စစ်တမ်းကောက်ယူမည့် လုပ်ငန်းစဉ်ကို ဩဂုတ်လကုန်တွင် ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် မုံရွာမြို့နယ်တွင် လယ်ဇင်ကျေးရွာ၊ ကံပြားကျေးရွာ၊ ကျောက္ကာ(မ)ကျေးရွာ၊ ရွာတုံကျေးရွာ၊ သစ်ညိုပင်ကျေးရွာများနှင့် မြို့ပေါ်ရှိရပ်ကွက်များသို့ ဩဂုတ် ၈ ရက်မှစတင်၍ ဆောင်ရွက်နေပြီဖြစ်သည်။ **ဇင်မာနွယ်(မုံရွာ)**

# မိုင်းဆတ်မြို့ အထက၌ စားသုံးသူကာကွယ်ရေးအသိပညာပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့၌ ဩဂုတ် ၅ ရက်တွင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူကာကွယ်ရေးဥပဒေအား အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မိုင်းဆတ် မြို့ပေါ်ရှိ နော်ရှဲ(လားဟူ)နှင့် စန်းရီသောက်ရေသန့်လုပ်ငန်းရှင်များနှင့်တွေ့ ဆုံ၍ သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ထားသောစံချိန်စံညွှန်းများနှင့် ညွှန်ကြားချက်များအတိုင်း ထုတ် လုပ်ရောင်းချရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန် အညွှန်းအမှတ်အသားဆိုင်ရာ အချက်များအား လိုက်နာဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးပြီး ရေသန့်ထုတ်လုပ်မှုအခြေအနေအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဒုတိယပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မိုင်းဆတ် အ. ထ. ကကျောင်းခန်းမ၌ စားသုံးသူကာကွယ် ရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ခဲ့ရာ ကျောင်းသား/သူများ၊ ဆရာ/ဆရာမများ၊ ကျောင်းဈေးသည်များ စုစုပေါင်း ၁၄၀ တက်ရောက်ခဲ့ကြပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး အသိပညာပေးခဲ့ကြောင်း သိရှိရသည်။

**ရန်နောင်(ကျိုင်းတုံ)**

စာမျက်နှာ (၆) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏. . . မှအဆက်

ထို့ပြင် ညှိနှိုင်း ဆွေးနွေးမှုများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုအားကောင်းလာစေကာ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်း ပေါ်သို့ ဦးတည်စေခဲ့သည်။ နိုင်ငံအတွက် ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် ကဏ္ဍများ၊ နည်းပညာဆိုင်ရာ အထောက်အပံ့ရယူရန် လိုအပ်သည့်ကဏ္ဍများနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည့် ကဏ္ဍများကို အကြံပြုခဲ့ကြပြီး အောက်ဖော်ပြပါ ရှေ့ဆက်ဆောင်ရွက်ရမည့် ဦးစားပေးလုပ်ငန်းစဉ်များကိုလည်း ထပ်မံဖော်ထုတ်ခဲ့ပြီး ယင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တိုးတက်မှုများရရှိအောင် လိုအပ်သလို လိုက်ပါအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်-

(က) ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် (Trade Facilitation Agreement) ဆိုင်ရာ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း

(ခ) အသိပေးအကြောင်းကြားခြင်း(Notifications)ဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ခြင်း

(ဂ) ကုန်သွယ်မှုဆိုင်ရာ နည်းပညာအတားအဆီးများ (Technical Barriers to Trade) နှင့် လူ၊ တိရစ္ဆာန်၊ အပင်ဇီဝတို့၏ ကျန်းမာရေးနည်းလမ်းများ (Sanitary and Phytosanitary) ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ဖော်ဆောင်ချမှတ်ခြင်း

(ဃ) အသိဉာဏ်ပစ္စည်း (Intellectual Property) ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းခြင်း

(င) ကုန်သွယ်မှုဆိုင်ရာ စာရင်းအချက်အလက်များ ခိုင်မာ စေခြင်း

(စ) ပြီးပြည့်စုံသည့် ဥပဒေအသစ်ပြဋ္ဌာန်းရာတွင် ကူညီထောက်ပံ့ခြင်း

အထက်ဖော်ပြပါ အတွေ့အကြုံများနှင့် နောက်ဆက်တွဲလုပ်ငန်းစဉ်များဖော်ထုတ်၍ လိုက်ပါအကောင်အထည်ဖော်လျက်ရှိသည့် စဉ်ဆက်မပြတ်လုပ်ဆောင်ချက်များကို အခြေခံကာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အား ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် အပြီးဆောင်ရွက်သွားနိုင်ရန် ရည်မှန်းချက်ထား၍ စတင်ကြိုးပမ်းပြင်ဆင်လျက်ရှိသည်။ ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှ နိုင်ငံအတွက် ပိုမိုကောင်းမွန်သောရလဒ်များကိုလည်း ထပ်မံဆောင်ကြဉ်းပေးလာနိုင်မည်ဖြစ်ကြောင်း အကြွင်းမဲ့ယုံကြည်မိသည်။

**WTO**

လူသားတို့အတွက် စားနပ်ရိက္ခာဖူလုံရေး ကြီးပမ်းရင်းပင် စားသုံး၍ရသော သီးနှံပင်များလည်း တဖြည်းဖြည်းထွန်းကားလာခဲ့ပါတယ်။ သီးနှံသစ်ပင်များနှင့်အတူ ပြိုင်တူမွေးဖွားပေါ်ပေါက်လာသော ဖွားဖက်တော်များမှာ သီးနှံသစ်ပင်များကို ၎င်းတို့၏ အစာအဖြစ် စားသောက်ကြသော ပိုးမွှားမျိုးစုံတို့ဖြစ်ပါတယ်။ ကမ္ဘာပေါ်တွင် သီးနှံသစ်ပင်တို့ကို ဖျက်ဆီးစားသောက်သော ပိုးမွှားမျိုးစိတ်ပေါင်း ၁၀၀၀ ကျော်ရှိပါတယ်ဟု ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ သီးနှံသစ်ပင်များကို ဖျက်ဆီးစားသောက်သော ပိုးမွှားမျိုးစိတ်ပေါင်း ၁၀၀ ကျော်ရှိတယ်လို့ဆိုပါတယ်။ ကမ္ဘာတွင် ပိုးမွှားများဖျက်ဆီးစားသောက်မှုကြောင့် သီးနှံများပျက်စီးဆုံးရှုံးရခြင်းဟာ (၃၀-၄၀) ရာခိုင်နှုန်းရှိပြီး ၎င်းတို့အထဲတွင် ရိတ်သိမ်းချိန်လွန်သီးနှံများ ဖျက်ဆီးခံရခြင်း၏ ပမာဏမှာ ပိုများသည်ဟု ဆိုပါတယ်။

ရိက္ခာသီးနှံပင်များတွင် နှံစားသီးနှံအဖြစ် (စပါး၊ ဂျုံ၊ ပြောင်း၊ လူး၊ ဆတ်)များ၊ ပဲမျိုးစုံသီးနှံများ၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ ဆီမုန်ညင်း၊ ပဲပုပ်)များ စားဖိုဆောင်သီးနှံ(ငရုတ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ နနွင်း၊ စပါးလင်၊ ငရုတ်ကောင်း၊ ကန်စွန်းဥ၊ ဂျုံးမြစ်၊ အာလူး၊ ပိန်းဥ၊ ဝဥ၊ ပီလောပီနံ၊ ဟင်းမွှေးမဆလာများ၊ ဟင်းသီးဟင်းရွက်မျိုးစုံများ၊ သစ်သီးဝလံပင်များ၊ ကော်ဖီ၊ သီဟိုဠ်သရက်ပင်များ၊ ပရဆေးပင်များပါဝင်ပါတယ်။ ပိုးမွှားများဟာ သီးနှံပင်များ၏ အရွက်၊ အပွင့်၊ အညွှန့်အသီး၊ အစေ့၊ ပင်စည်၊ အခေါက်၊ အမြစ်၊ ဥတို့ကို စားသုံးဖျက်ဆီးကြပါတယ်။

သီးနှံပင်များကို ဖျက်ဆီးစားသောက်ကြသော ပိုးမွှားများကို ကြည့်ရင်ကိုက်ဖြတ်စားသောက်သော ပိုးမွှားများ၊ (chewing Inseet)၊ စုပ်စားသောပိုးမွှားများ၊ (Sucking Inseet)၊ ခြစ်၍စားသောက်သော ပိုးမွှားများ (Nibling Inseet)၊ ထိုးဖောက်ဝင်ရောက်စားသောက်သော ပိုးမွှားများ (Bower) ဖြစ်တာကို တွေ့ရပါတယ်။

ကိုက်ဖြတ်စားသောက်သော ပိုးမွှားများမှာ ငမြှောင်တောင်၊ ဖောငမြှောင်တောင်၊ ရွက်စုံစားခူဝါ၊ ခူမွေးရှည်၊ ခူမွေးစုတ်၊ ထွာကောင်စိမ်း၊ ရှောက်နေလှည့်လိပ်ပြာ၊ ရွက်ဖြတ်၊ ရွက်လိပ်ရွက်ကပ်၊ ခရုအမျိုးမျိုးစသည့်ပိုးများဖြစ်ပါတယ်။ သီးနှံပင်များကို စုပ်စားတဲ့ ပိုးမွှားကတော့ နှံစုပ်ပိုး၊ ပျပိုး၊ ဖြုတ်ပိုးအမျိုးမျိုး၊ ကြမ်းပိုးအမျိုးမျိုး၊ မီလီဘတ်အမျိုးမျိုး၊ ယင်ဖြူ ပိုးများဖြစ်ပါတယ်။ သီးနှံပင်များကို ခြစ်ပြီး စားသောက်တဲ့ပိုးမွှားများကတော့ ပိုးလောင်မီး၊ ခူ၊ မီလီဘတ်တို့ဖြစ်တာတွေ့ရပါတယ်။ သီးနှံပင်အစိတ်အပိုင်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်စားသောက်သောပိုးမွှားများကတော့ ဆစ်ပိုးအမျိုးမျိုး၊ သီးလုံးဖောက်ပိုးအမျိုးမျိုး၊ အစေ့ထိုးပိုးအမျိုးမျိုး၊ ပင်စည်ထိုးပိုးအမျိုးမျိုး၊ သစ်သီးယင်အမျိုးမျိုး၊ ပင်စည်ထိုးပျားအုပ်စုဝင်ပိုးများဖြစ်တာကို တွေ့ရပါတယ်။ သိုလှောင်ပိုးမွှားများကတော့ အစေ့ထိုးပိုး၊ အစေ့စားပိုးများဟာ ဖျက်ဆီးမှုအများအဆုံးဖြစ်တာကိုတွေ့ရပါတယ်။ ဥနဲ့ အမြစ်များကိုစားသောက်ဖျက်ဆီးတဲ့ပိုးမွှားများကတော့ ဖိုးလမင်းကျိုင်း၊ ခြ၊ ပုရစ်၊ ပုရွက်ဆိတ်၊ ဥစားပိုးလောက်ကောင်၊ ဥထိုးပိုးများဖြစ်တာကိုတွေ့ရပါတယ်။

ဤကဲ့သို့ သီးနှံပင်အမျိုးမျိုးကို ပိုးမွှားများစားသောက်ဖျက်ဆီးခံရမှု ပမာဏမှာ တဖြည်းဖြည်းရေချိန်မြင့်လာနေပြီဖြစ်ပါတယ်။ သီးနှံပင်များကို ဖျက်ဆီးနေတဲ့ ပိုးမွှားများကို ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းမှုမပြုလုပ်ဘူးဆိုရင် ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုကို ထိခိုက်နိုင်ပြီး လူသားတို့ရဲ့ စားနပ်ရိက္ခာဖူလုံမှုကို ကြီးစွာသောဒုက္ခကြုံတွေ့ရလိမ့်မယ်။ ဒါကြောင့် သီးနှံများကို ဖျက်ဆီးတဲ့ပိုးမွှားများကို ဘက်စုံ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်း (Integrated Pest Management- IPM) စနစ်နဲ့ တညီတညွတ်တည်း ကာကွယ်နှိမ်နင်းကြဖို့လိုတယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက နှိုးဆော်တပ်လှန့်ထားတာကို တွေ့ရပါတယ်။

ဘက်စုံးပိုးမွှားကာကွယ်နှိမ်နင်းနည်းမှာ မျိုးကောင်းမျိုးသန့်များပြောင်းလဲစိုက်ပျိုးခြင်း၊ သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ မြေယာပြုပြင်မှုစနစ်ကောင်းများ ကျင့်သုံးခြင်း၊ မှန်ကန်၍ စနစ်တကျစိုက်ပျိုးရေးနည်းစနစ်များအသုံးချခြင်း၊ ရေနေရေထိုင်ကောင်းမွန်သောစနစ်ဖြစ်အောင်စီမံခြင်း၊ ချုံနွယ်မြက်ပေါင်းများပြောင်စင်အောင် သုတ်သင်၍ မီးရှို့ခြင်း၊ မိတ်ဆွေ ပိုးမွှားများ ပွားများရှင်သန်အောင် ဖန်တီးပေးခြင်း၊ ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း၊ လူဖြင့်၊ ကိရိယာဖြင့် ဖမ်းယူ၍ သုတ်သင်ရှင်းလင်းခြင်း၊ လိုအပ်မှသာ ဓာတုဆေးများဖြင့် ကာကွယ်နှိမ်နင်းခြင်းတို့ဖြစ်ပါတယ်။

# ခရုကနေ ရွှေဖြစ်အောင် ဖန်တီးကြပါစို့

**အောင်ဆန်း(စိုက်ပျိုးရေး)**

ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းမှာပါတဲ့ လူဖြင့်၊ ကိရိယာဖြင့် ဖမ်းယူ သုတ်သင်ရှင်းလင်းခြင်းနည်းကို ဆွေးနွေးလိုပါတယ်။ သီးနှံပင်များကို ဖျက်ဆီးနေတဲ့ ကြွက်ကြောင့် အာရှနိုင်ငံများရဲ့ လူဦးရေသန်း ၁၀၀ အတွက် တစ်နှစ်စာစားသုံးရန် လုံလောက်တဲ့ ဆန်တန်ချိန် သန်း၃၀ နှစ်စဉ်ပျက်စီးဆုံးရှုံးနေရတယ်လို့ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးရဲ့ အစီရင်ခံစာမှာ ဆိုထားပါတယ်။ မြန်မာနိုင်ငံမှာ ကြွက်ဖျက်ဆီးမှုကြောင့် နှစ်စဉ်စပါး၏ ၅ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနေတယ်လို့ ဆိုပါတယ်။ ကြွက်ကို ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းအရ မျှားစာဖြင့် ဖမ်းခြင်း၊ ထောင်ချောက်ဖြင့် ဖမ်းခြင်း၊ ကြွက်လိုက်မုဆိုးများဖြင့် ဖမ်းခြင်း၊ လင်ကောင်ပိုင့်ကျများ မွေးမြူဖမ်းဆီးခြင်း နည်းလမ်းများအသုံးပြုကာကွယ်နှိမ်နင်းကြပါတယ်။ အားသာချက်တစ်ခုမှာ လယ်ကြွက်များသည် ပရိုတိန်းဓာတ်ကြွယ်ဝသဖြင့် လူသားတို့မှ အသားဓာတ်အဖြစ်စားသုံးခြင်းဖြစ်ပါတယ်။ (ဆေးနှင့် ဖမ်းသောကြွက်မှအပ)၊ အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် နှစ်နှစ်ခြိုက်ခြိုက်စားသုံးတာတွေ့ရပါတယ်။ ဒါဟာလည်းတနည်းအားဖြင့် ကြွက်အန္တရာယ်ကို ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းအတွက် အထောက်အကူပြုနေတာတွေ့ရပါတယ်။

တစ်ဖန် သီးနှံများကို ဖျက်ဆီးတဲ့ ပုရစ်ဟာ ပျက်စီးဆုံးရှုံးမှု (၁၀-၁၅)ရာခိုင်နှုန်းထိရှိတာတွေ့ရပါတယ်။ ပုရစ်ဟာ သီးနှံများ ဖျက်ဆီးတဲ့ပိုးမွှားအပြင် ပရိုတိန်းဓာတ် ၄၈ ရာခိုင်နှုန်းပါဝင်နေတဲ့အတွက် လူသားတို့ ရာသီပေါ်စာအဖြစ် အသားအစားထိုးစားသုံးကြတာတွေ့ရပါတယ်။ ရာသီပေါ်ချိန်မှာဆိုရင် ပုရစ်ထွက်လာသမျှ ဖမ်းဆီးပြီး ပရစ်ကြော်အဖြစ် ရောင်းချကြသဖြင့် သီးနှံပင်များဆီသို့ ပင်ပုရစ်ရောက်ရှိဖျက်ဆီးမှုလျော့နည်းသွားတာ တွေ့ရပါတယ်။

နောက်ဆုံးတင်ပြလိုတာကတော့ သီးနှံဖျက်ဆီးတဲ့ ခရုအကြောင်းပဲ ဖြစ်ပါတယ်။ ကမ္ဘာမှာ ခရုမျိုးစိတ် ၅၀ ကျော်ရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ခရုမျိုးစိတ် ၁၀ မျိုးလောက်ရှိတာတွေ့ရပါတယ်။ အဲဒီအထဲမှာ သီးနှံများကို သိသိသာသာ ဖျက်ဆီးတဲ့ ခရုမျိုးစိတ်ကတော့ ရွှေခရုပဲဖြစ်ပါတယ်။ ရွှေခရုဖျက်စီးရင် သီးနှံများပျက်စီးဆုံးရှုံးမှု ၆၅ရာခိုင်နှုန်းထိရှိတယ်လို့ ဆိုပါတယ်။ ရွှေခရုဟာ ယခင်က မြန်မာနိုင်ငံမှာရှိသော မျိုးမဟုတ်ပါ။ အခြားနိုင်ငံများမှ တစ်ဆင့် ပင်လယ်ဒီရေဖြင့် ပါလာပြီး မြန်မာနိုင်ငံအတွင်း ခြေကုတ်ယူအခြေချခဲ့တာ လေးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ ယခုဆိုရင် ရွှေခရုဟာ မြန်မာပြည်တောင်ပိုင်း ကမ်းရိုးတန်းဒေသများမှသည် အထက်အညာဒေသ နေပြည်တော်၊ စစ်ကိုင်း၊ မန္တလေး၊ ပဲခူး၊ အထက်ပိုင်းထိပင် ခြေဆန့်မွေနှောက်နေသည့် သတင်းများ ကြားသိနေပါတယ်။ ရွှေခရုဟာ စပါးပင်ငယ်စဉ်တစ်လသားအတွင်း ခင်းလုံး ပြုတ်အပင်ငုတ်တိုအောင် ကိုက်ဖြတ်ဖျက်ဆီးတာဟာ တစ်နှစ်ထက် တစ်နှစ်ဇာတ်ရှိန်မြင့်လာတာတွေ့ရပါတယ်။ မြို့နယ်များရဲ့ စိုက်ပျိုးရေးဝန်ထမ်းတွေလည်း ရွှေခရုနှိမ်နင်းရေး တုတ်ထမ်း၊ ဓားထမ်း၊ ခါးထောင်းကျိုက်၍ဖမ်းနေကြရတာတွေ့ရပါတယ်။

ယခုတော့ ရွှေခရုအပါအဝင် အပင်ကိုဖျက်ဆီးတဲ့ အခြားမျိုးစိတ်ခရုများ ဇာတ်သိမ်းခန်းရောက်တော့မည့် သတင်းကောင်းတစ်ခုတွေ့နေရပြီဖြစ်ပါတယ်။ ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်မှာ ခရုကနေရွှေဖြစ်နေတဲ့ လုပ်ငန်းများ ပေါ်ထွက်နေပြီဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ခရုကနေ ရွှေဖြစ်တယ်ဆိုတာကတော့ တင်စားခေါ်ဝေါ်ခြင်းသာဖြစ်ပါတယ်။ ခရုကနေ အမေရိကန်ဒေါ်လာများစွာရရှိနေတဲ့အတွက် ရွှေထက်တောင် တန်ဖိုးများစွာရှိနေတယ်လို့ ဆိုပါတယ်။

ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်မှာ ခရုခန္ဓာကိုယ်တွင်းက အကျိအချွဲထုတ်ယူနေတဲ့ ကုမ္ပဏီကြီးတစ်ခုရဲ့ပိုင်ရှင်က ‘ယခင်တုန်းကဆိုရင် တောင်သူလယ်သမားတွေဟာ ခရုတွေက စပါးခင်း ဖျက်တယ်ဆိုပြီး သူတို့ရန်သူလို သဘောထားကြတယ်။ ခရုတွေဖမ်း၊ ကတ္တရာလမ်းပေါ်ဖြန့်တင်ပြီး ကားကြိတ်ခံသတ်ကြတယ်။ အိတ်ထဲထည့်ပြီး တုတ်နဲ့ထုချေရိုက်သတ်ပြီး မြေမြှုပ်ပစ်ကြတယ်။ အခုတော့ အဲဒီခရုတွေကို ပလတ်စတစ်ကန်တွေနဲ့ သီးသန့်မွေးပြီး ကျွန်တော့်စက်ရုံကို လာသွင်းကြတယ်။ အခု စပါးခင်ဖျက်ဆီးတဲ့ခရုလည်း ကိစ္စတုံး၊ သူတို့လည်း ဝင်ငွေအပိုရလို့ ဟန်ကျနေကြပြီလို့’ ပြောပါတယ်။

ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ် တစ်ခုလုံး ကွင်းထဲရှိသမျှ ခရုတွေလိုက်ဖမ်း၊ ရွာတွေမှာ သီးသန့်မွေးမြူတာမွေး၊ အရွယ်ရောက်ခရုတွေကိုတော့ စက်ရုံတိုက်ရိုက်သွားသွင်းနဲ့ အလုပ်ဖြစ်နေကြတယ်လို့ ဆိုပါတယ်။ ခရုအရွယ်ရောက် အကောင် ၁၀၀၀ ကို အမေရိကန်ဒေါ်လာ (၂၅၀-၃၀၀)ရရှိတယ်လို့ ဆိုပါတယ်။

စက်ရုံကနေ အရွယ်ရောက်ခရုရဲ့ ခန္ဓာကိုယ်တွေထဲကနေ အကျိအချွဲအရည်များ ထုတ်ယူပါတယ်။ ရရှိတဲ့အရည်ကို ဗက်တီးယားပိုးမွှား၊ အခြားပိုးမွှားနဲ့ အညစ်အကြေးများကို စက်ထဲမှာ ဆေးနဲ့သန့်စင်ပါတယ်။ သန့်စင်ပြီး ခရုအကျိအချွဲအရည်ကို အလှကုန်ပစ္စည်းမှာအသုံးပြုတယ်လို့ဆိုပါတယ်။ အနာလိမ်းဆေး၊ နေလောင်ခံ အလှဆီ၊ အလှပြင်ဆီပစ္စည်းတွေမှာ အသုံးပြုတယ်လို့ဆိုပါတယ်။ အချင်းနှစ်လက်မခန့်အရွယ်ရှိတဲ့ ခရုအကောင် ၁၀၀၀ ကနေ တစ်လမှာ အမေရိကန်ဒေါ်လာ (၃၂၀-၆၅၀) ရရှိတယ်လို့ဆိုပါတယ်။ အချင်းတစ်လက်မခွဲအရွယ်ရှိတဲ့ ခရုအကောင် ၁၀၀၀ ကနေ တစ်လမှာ အမေရိကန်ဒေါ်လာ (၂၅၀-၅၀၀)ထိရရှိတယ်လို့ဆိုပါတယ်။ သန့်စင်ပြီးခရုအရည်ကို ပုလင်းများမှာ သေချာထည့်ပြီး အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံနဲ့ ဥရောပနိုင်ငံအချို့နဲ့ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရာမှာ တစ်ကီလိုဂရမ်ကို ထိုင်းဘတ်ငွေ ၁ ဒသမ ၈ သန်းရရှိနေတဲ့အတွက် ရွှေထက်တောင်ဈေးကြီးနေတယ်လို့ဆိုပါတယ်။ ထိုင်းနိုင်ငံ နခုတ်နယုတ်ပြည်နယ်မှာ ခရုကနေ အကျိအချွဲထုတ်လုပ်တဲ့လုပ်ငန်းပေါင်း ၈၀ ကျော်ရှိနေပြီလို့သိရပါတယ်။ ဈေးကွက်လေ့လာသူများရဲ့ အဆိုအရ နခုန်နယုတ်ပြည်နယ်မှာရှိတဲ့ ခရုခန္ဓာကိုယ်အကျိအချွဲအရည်ထုတ်လုပ်ရောင်းချတဲ့လုပ်ငန်းကနေ အမေရိကန်ဒေါ်လာ ၃၁၄ သန်းထိ ရရှိနေပြီလို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာလည်း ဒီဖြစ်စဉ်လေးကို နမူနာယူလေ့လာပြီး ဆောင်ရွက်မယ်ဆိုရင် တောင်သူလယ်သမားကြီးများရဲ့ ရန်သူ ခရုအန္တရာယ်ဟာလည်း ဇာတ်သိမ်းသွားပြီး အပိုဝင်ငွေတွေလည်း ရရှိလာကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ခရုကနေရွှေဖြစ်အောင် ဖန်တီးကြပါစို့ဟု တိုက်တွန်းလိုက်ရပါတယ်။

■

## အမြတ်နည်းနေသည့် ပဲဆီကြိတ်ဆုံ

ပြည်မြို့ဆီဈေးကွက်တွင် စက်ကြီးများမှကြိတ်သော ဆီဈေးကွက် အရောင်းအဝယ်အေးနေပြီး ကြိတ်ဆုံအသေးများမှ ကြိတ်သော ဆီကိုသာဝယ်ယူမှုများနေသည်။ ဆုံနှစ်ဆုံ ပါဝင်သော ဆီကြိတ်စက်ငယ်များ အနေဖြင့် တစ်နာရီခွဲခန့်ရှိသည့် ကြိတ်ခွဲချိန်အတွင်း တစ်ဆုံလျှင် မြေပဲဆန် ၄ ပိဿာနှုန်းဖြင့်ရှစ်ပိဿာ ကြိတ်ခွဲပါက တစ်ပိဿာလျှင် ကျပ် ၄၃၀၀ ဈေးဖြင့် ကျပ် ၂၁၅၀၀ ရှိသည်။

ဆီ သုံးပိဿာထွက်ရှိပြီး တစ်ပိဿာ ကျပ် ၉၀၀၀ ဖြင့် ကျပ် ၂၇၀၀၀၊ မြေပဲဖတ် ငါးပိဿာ ထွက်ရှိပြီး ကျပ် ၁၄၀၀ နှုန်းဖြင့် ကျပ် ၇၀၀၀ သာရရှိသဖြင့် စုစုပေါင်းကျပ် ၃၄၀၀၀ ဝင်ငွေရှိပြီး လုပ်သားခ၊ မီတာခ အခြားစရိတ်များ ပေါင်းပါက အမြတ်ငွေများစွာ မရရှိသော်လည်း လုပ်သားများ အလုပ်ရှိစေရေးနှင့် ဆိုင်ပိတ်ထားရခြင်း မရှိစေရေး အတွက် ရောင်းချနေကြရကြောင်း သိရှိရသည်။

**နေမျိုးဝေ (ပြည်ကုန်သွယ်မှုဗဟိုဌာန)**

# မြန်မာနိုင်ငံ၌ ဆေးပညာနှင့် အီလက်ထရွန်နစ် နည်းပညာ ပူးပေါင်း၍ ရောဂါကုထုံးများအား လက်တွေ့ကုသပေးမည်

ပြည်တွင်းရှိပြည်သူများ ကျန်းမာသန်စွမ်းစေရန်အတွက် ပထမအကြိမ် ဆေးပညာနှင့် အီလက်ထရွန်နစ် နည်းပညာပူးပေါင်း၍ ရောဂါကုထုံးများကို လက်တွေ့ကုသပေးသွားမည်ဖြစ်ကြောင်း Sea Lion Group ၏ စီအီးအို ဦးဝင်းဇော်အောင်က ပြောသည်။

ထိုကဲ့သို့ ပူးပေါင်းလုပ်ဆောင်ရန်အတွက် နည်းပညာဝန်ဆောင်မှုနှင့် ဖြေရှင်းချက်များကို လုပ်ဆောင်ပေးနေသည့် ထိပ်တန်းကုမ္ပဏီဖြစ်သော Sea Lion Group အား IBM ၏ တရားဝင် မိတ်ဖက်ကိုယ်စားလှယ်အဖြစ် ဩဂုတ် ၁၃ ရက်တွင် ခန့်အပ်ခဲ့ပြီး ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား နိုင်ငံတကာအဆင့်၊ ကမ္ဘာ့အဆင့်မီဖြစ်စေရန်အတွက် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်တွင်းစီးပွားရေးမှာ နားလည်တတ်ကျွမ်းရေးနဲ့ အသွင်ကူးပြောင်းရေးလုပ်နေချိန်မှာ ပြည်တွင်းက လုပ်ငန်းတွေ၊ ဝန်ကြီးဌာနတွေနဲ့ ပူပေါင်းပြီး လုပ်သွားမှာပါ။ ကျန်းမာရေးလုပ်ငန်းပိုင်းမှာလည်း နိုင်ငံတကာအဆင့်မီစေဖို့ နိုင်ငံခြားမှာ ပညာတော်သင်စေလွှတ်ဖို့ကိုလည်း ဝန်ကြီးဌာနနဲ့ သဘောတူလက်မှတ်ရေးထိုးထားပါတယ်" ဟု ဦးဝင်းဇော်အောင်က ပြောသည်။

Sea Lion Group အနေဖြင့် ခွဲစိတ်ကုသခန်းအပါအဝင် သွေးကြောနှင့် အရိုးခွဲစိတ် အစားထိုးကုသစနစ်များ၊ လူနာစောင့်ရှောက်မှု နည်းစနစ်များ၊ ဆေးပစ္စည်းများသိုလှောင်သည့် နည်း စနစ်များ၊ ဆေးပညာလေ့ကျင့်သင်ကြားရေးနှင့် သက်မွေးပညာလေ့ကျင့်သင်ကြားရေးစနစ်များ အပါအဝင် ထိန်းချုပ်ရေးစနစ်များကို ပြည်တွင်းရှိ ပြည်သူများအတွက် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ကျန်းမာရေးကဏ္ဍအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင်လည်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေး လေ့ကျင့်ရေးစင်တာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ပြည်ပနိုင်ငံများသို့ ပညာတော်သင်များစေလွှတ်ရန် စီစဉ်လျက်ရှိပြီး ဒစ်ဂျစ်တယ်စီးပွားရေးစနစ် ပြောင်းလဲနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချောစု**

# ရွှေဈေးကွက်အတွင်း အများပိုင် ကုမ္ပဏီတစ်ခု ဖွင့်လှစ်နိုင်ရန် စီစဉ်နေ

အစုရှယ်ယာဝယ်ယူ၍ ရောင်းနိုင်မည့် ရွှေဗဟိုဈေးကွက်အများပိုင်ကုမ္ပဏီတစ်ခုဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း ဩဂုတ် ၇ ရက်တွင် ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေးမှ သိရသည်။

'ရွှေဗဟိုဈေးကွက်ဆိုပြီး အများပိုင်ကုမ္ပဏီတစ်ခု ဖွင့်လှစ်နိုင်ရန် စီစဉ်နေပါတယ်။ ကျွန်တော်တို့အသင်းအနေနဲ့ အဲဒီအထဲမှာ အသင်းကိုယ်စားလှယ်အနေနဲ့ မပါပါဘူး။ ဒါပေမဲ့ ဖွဲ့ဖြစ်လို့ရှိရင် အဲမှာပဲ ရောင်းချင်၊ဝယ်ချင်လို့ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်နှင့် မန္တလေးရွှေ ဈေးကွက်တို့ကို နိုင်ငံတကာအဆင့်မီ မြှင့်တင်နိုင်ရန် ကျောက်မျက်ရတနာနှင့် ရွှေဈေးအကောင်အထည်ဖော်ရေး ကော်မတီက လုပ်ဆောင်ပေးနေကြောင်း သိရသည်။

ပြည်ပနိုင်ငံများသို့ ရွှေတရားဝင် တင်ပို့ခွင့်အတွက် ၂၄ ကာရက် (၉၉ ဒသမ ၉ မှ ၉၉ ဒသမ ၉၉ အထိ) တ ရားဝင် တင်ပို့နိုင်ပြီး အခွန်ကင်းလွတ်ခွင့်လည်းပေးထားကြောင်း သိရသည်။

သို့ရာတွင် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းအတွက်ကို အတုံးအခဲများတွင် မကောက်ရန်အတွက် အစိုးရထံ တင်ပြထားကြောင်း သိရသည်။ **ချောစု**

# မွန်ပြည်နယ် ရေဘေးသင့်ပြည်သူများအား SCG က ပြန်လည်ထူထောင်ရေး အကူအညီများပေးအပ်

အာဆီယံဒေသတွင်း စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သော SCG က မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးအတွက် အလှူငွေ ကျပ်သိန်း၃၀၀ကို မွန်ပြည်နယ်အစိုးရထံ ဩဂုတ် ၁၃ ရက်တွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် လူပေါင်းများစွာ သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင် ကြုံတွေ့နေရတာကို တွေ့မြင်ရတာ အလွန်ဝမ်းနည်းမိပါတယ်။ SCG ဟာ မြန်မာနိုင်ငံကို အကျိုးဖြစ်ထွန်းစေမယ့်အစီအစဉ်ပေါင်းများစွာကို ဆောင်ရွက်ခဲ့ပါတယ်။ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး အကူအညီများကို ယခုလိုအချိန်မီ ပြန်လည်လှူဒါန်းပေးခြင်းဖြင့် SCG က မြန်မာပြည်သူတွေကို တန်ဖိုးထားလေးစားကြောင်း ပြသနိုင်ခဲ့ပါတယ်"ဟု SCG Myanmar ၏ Country Director ဖြစ်သူ Mr. Surachai Pornjindachote ကပြောသည်။

ဩဂုတ် ၁၂ ရက်တွင် SCG လုပ်ငန်းခွဲ ဖြစ်သော မော်လမြိုင်ဘိလပ်မြေစက်ရုံMCL က ကွမ်ငန်းနှင့်ပေါက်တောကျေးရွာရှိ ရေဘေးသင့်မိသားစုများအတွက် ခေါက်ဆွဲခြောက်၊ ဆန်၊ သောက်ရေသန့်၊ အသင့်စားအစားအစာများကို လှူဒါန်းပေးအပ်ခဲ့ကြောင်း၊ SCG Myanmar ဝန်ထမ်းများ၏ စေတနာလုပ်အားဖြင့် ရေဘေးကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ သွားရောက် ပို့ဆောင်ပေးခြင်းတို့ကို လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

SCG သည် မြန်မာနိုင်ငံဈေးကွက်အတွင်းဘိလပ်မြေနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများကို နှစ်ပေါင်း ၂၀ ကြာ ဝန်ဆောင်မှုပေးခဲ့ကြောင်း၊ လုပ်ငန်းခွဲငါးခုကို ဝန်ထမ်း ၃၄၀ကျော်ဖြင့် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ယခုလဆန်းပိုင်းမှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မွန်ပြည်နယ်ရှိ မြို့နယ်အများစုတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေဘေးသင့်ပြည်သူလေးသောင်းဝန်းကျင်ရှိပြီး အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးနစ်နာမှု ဖြစ်ခဲ့သည်။ **သန်းထိုက်အောင်**

# ခြောက်ကြိမ်မြောက် Propak Myanmar ပြပွဲ ရန်ကုန်မြို့၌ သုံးရက်တာ ကျင်းပမည်



ခြောက်ကြိမ်မြောက် နိုင်ငံတကာ ထုတ်လုပ်ခြင်းနှင့် ထုပ်ပိုးခြင်းဆိုင်ရာ ပြပွဲဖြစ်သော Propak Myanmar 2019 ကို ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ Myanmar Expo ၌ စက်တင်ဘာ ၁၂ ရက်မှ ၁၄ ရက်ထိ နံနက် ၉ နာရီမှညနေ ၅ နာရီထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Propak Myanmar 2019 ကို ကုန်ထုတ်လုပ်သူများနှင့် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ ဖြည့်သွင်းခြင်း၊ အရည်အသွေးစစ်ဆေးခြင်း၊စမ်းသပ်ခြင်းနှင့် တိုင်းတာခြင်းကဏ္ဍများတွင် ပါဝင်ပတ်သက်သူများ၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသော အလိုအလျောက်ဆောင်ရွက်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ အေးခဲခြင်း၊ ပါဝင်ပစ္စည်းများ၊ တံဆိပ်ကပ်ခြင်းနှင့် ညစ်ညမ်းမှုထိန်းချုပ်ရေးကဏ္ဍများအတွက် ရည်ရွယ်၍ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုန်ပစ္စည်းအမှတ်တံဆိပ် ၁၈၀ ကျော်ကို ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"နည်းပညာနဲ့ တီထွင်ဖန်တီးမှုတွေဟာ အစားအစာထုတ်လုပ်မှုလုပ်ငန်းအတွက် မြန်မာပြည်သူတွေကို ပံ့ပိုးပေးနိုင်ဖို့နဲ့ အရည်အသွေးကောင်းမွန်တဲ့ ပစ္စည်းတွေ နိုင်ငံတကာကို တင်ပို့နိုင်ဖို့ အရေးပါပါတယ်။ စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်ချက်တွေကိုပြည့်မီစေဖို့ ကုန်ထုတ်လုပ်နိုင်စွမ်းတိုးမြှင့်နိုင်ဖို့ လိုအပ်ပါတယ်။ ဒီလုပ်ငန်းတွေအတွက် ခွန်အားပြည့်ဝပြီး ခိုင်မာစွာကြီးထွားလာနေတဲ့ဈေးကွက်မှာ ဝယ်လိုအားကိုပြည့်မီစေဖို့ မောင်းနှင်နိုင်မယ့်နည်းလမ်းတွေနဲ့ အခွင့်အလမ်းတွေအတွက် Propak Myanmar က ပံ့ပိုးနိုင်ပါတယ်" ဟု ယခုပြပွဲကိုစီစဉ်သော Informa Markets ၏ Event Director ဒေါ်ငြိမ်းငြိမ်းအေးက ပြောသည်။

Propak Myanmar 2019 တွင် အဖျော်ယမကာ၊ အချိုရည်နှင့် နို့ထွက်ပစ္စည်းဈေးကွက်ဖွံ့ဖြိုးမှုအတွက် ဦးတည်သော 'DrinkTech Myanmar'၊ ပါဝင်ပစ္စည်းထုတ်လုပ်သူများ၊ ထောက်ပံ့သူများနှင့် လုပ်ငန်းရှင်များကို ချိတ်ဆက်ပေးနိုင်မည့် 'Ingredients Myanmar'၊ ထုပ်ပိုးမှုလုပ်ငန်းအတွက်သင့်တော်သော ပလတ်စတစ်၊ တီထွင်ဖန်တီးမှုများ၊ နည်းလမ်းများနှင့် ကုန်ကြမ်းများကိုရှာဖွေရန် 'PlaspakMyanmar'တို့ကို ထည့်သွင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့လာရောက်လိုသူများအနေဖြင့် www.propakmyanmar.com တွင် ကြိုတင်စာရင်းပေးသွင်းနိုင်သလို ပြပွဲရက်အတွင်း ပြပွဲသို့ လာရောက်ကာ တိုက်ရိုက်စာရင်းပေးသွင်းပြီး လာရောက်လေ့လာနိုင်ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# အမေရိကန်နိုင်ငံသို့ သွားရောက်မည့်သူများ ဗီဇာနှစ်မျိုးကို တစ်ပေါင်းတည်းလျှောက်ထားနိုင်

အမေရိကန်နိုင်ငံသို့ သွားရောက်မည့်သူများအနေဖြင့် လုပ်ငန်းကိစ္စနှင့် အလည်အပတ်ခရီးများအတွက် ခွင့်ပြုသည့် ဗီဇာနှစ်မျိုးကို တပေါင်းတည်း လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ဩဂုတ် ၁၂ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ကြေညာခဲ့ကြောင်းသိရသည်။

ထိုကဲ့သို့ လုပ်ငန်းကိစ္စနှင့် အလည်အပတ်ခရီးအတွက် ခွင့်ပြုသည့် ဗီဇာနှစ်မျိုးကို တပေါင်းတည်းလျှောက်ထားရာတွင် တစ်ကြိမ်လျှင် ပြည်ဝင်ခွင့်ဗီဇာ သုံးလအထိ အကျုံးဝင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုအကြား ခရီးသွားရာလာတွင် ပိုမိုလွယ်ကူစေရန်နှင့် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်သည့် နောက်ထပ်ခြေလှမ်းတစ်ခု ဆောင်ရွက်ရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ ခွင့်ပြုလိုက်သည့် B1/B2 ပြည် ဝင်ခွင့်ဗီဇာကိုပေါင်း၍ လျှောက်ထားနိုင်ပြီဖြစ်ကာ ဗီဇာရပြီးပါကလည်း ဗီဇာထုတ်ယူရန်အတွက် ဗီဇာကြေးထပ်ပေးရန်မလိုကြောင်း အမေရိကန်သံရုံးမှ ပြောကြားထားသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး စကော့မာစီရယ်က "ကျွန်တော်တို့နိုင်ငံနှစ်ခုအကြား ခရီးသွားလာမှုပိုမိုများပြားလာအောင် တည်ဆောက်တဲ့အနေနဲ့ အခုဆိုရင် သံရုံးအနေနဲ့ မြန်မာနိုင်ငံကနေ အမေရိကန်ပြည်ထောင်စုကို သွားရောက်ရာမှာ ပိုမိုလွယ်ကူစေဖို့ ပြုလုပ်ပေးလိုက်တာလည်း ဖြစ်ပါတယ်"ဟု ပြောသည်။

ထို့ပြင် အမေရိကန်နှင့် မြန်မာနိုင်ငံအကြား ခရီးသွားလာမှုသည် မကြာသေးမီနှစ်များအတွင်း များပြားလာပြီး ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံသားများအတွက် ပြည်ဝင်ခွင့် ဗီဇာ ၁၄၀၀၀ ခန့် ထုတ်ပေးကာ ၂၀၁၅ ထက် ၄၀ ရာခိုင်နှုန်းတိုးလာကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။ **ချောစု**

# x,Dkifu Zkf SuH bl u m;aps;u Gfp0fq u fjywfzGH.wkd;wuf a&;ES.Sh

# သကြားဈေးကွက်ဖွံ့ဖြိုး ကြံတောင်သူများ စက်ပိုင်ရှင်များ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ၂၀၁၈-၂၀၁၉ ခုနှစ် ကြံစိုက်ဧက မိုးဆောင်း ၂၅၇၆၈၇ ဧက စိုက်ပျိုးခဲ့ပြီး ထီးချိုင့်မြို့နယ်၌ ကြံစိုက်ဧက မိုးဆောင်း ၁၂၉၆၁၆ ဧကစိုက်ပျိုးခဲ့သည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီးမှာ အများဆုံးစိုက်ပျိုးထုတ်လုပ်သည့်မြို့နယ်တစ်ခု ဖြစ်သည်။ ဩဂုတ် ၂ ရက်က ထီးချိုင့်မြို့နယ် မြတောင်ကျေးရွာရှိ မြထောင်ခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက ပြုလုပ်သည့် ကြံ၊ သကြားဈေးကွက်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အလုပ်ရုံဆွေးနွေးပွဲမှ စကားသံများကို ဖော်ပြလိုက်ရပါသည်။



ကြည်နိုင်ဦး - အင်းတော်

## ဦးအောင်မောင်း
## (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန)

ယခင်အစိုးရများလက်ထက်တုန်းက ဈေးနှုန်းထိန်းချုပ်ရေးကော်မတီကို ဝန်ကြီးဌာနတစ်ခုကတာဝန်ယူပြီး ကော်မတီမှာ ဝန်ကြီးဌာနအစုံနဲ့ ဖွဲ့စည်းထားပါတယ်။ နောက်ပိုင်မှာ ညှိနှိုင်းရေးကော်မတီအဖြစ် ပြောင်းခဲ့ပါတယ်။ ဈေးကွက်စီးပွားရေးနဲ့ ကိုက်ညီတဲ့ ကော်မတီဖြစ်ပေါ်ရေးအတွက် လွှတ်တော်အဆင့်ဆင့် ဆွေးနွေးတိုင်ပင်ပြီး ၂၀၁၅ ခုနှစ်မှာ အတည်ပြုခဲ့ကြပါတယ်။ အခုလိုသကြားဈေးကွက်မတည်မငြိမ်ဖြစ်နေရင် ဘယ်လိုကုစားမလဲ၊ ကြံသီးနှံမကိုက်ရင် တခြားသီးနှံဖြစ်တဲ့ ပဲ၊ ပြောင်းစိုက်ရမယ်။ အခက်အခဲကိုဖြေရှင်းနိုင်မယ့် ကုမ္ပဏီလုပ်ငန်းရှင်တွေ၊ ဌာနဆိုင်ရာတွေ၊ အုပ်ချုပ်မှုအပိုင်းက ပုဂ္ဂိုလ်တွေနဲ့ အောက်ခြေမှာပေါင်းစပ်ဖြေရှင်းအဖြေရှာကြမယ်။ ပြည်ထောင်စုအဆင့် လုပ်ရမယ့်ကိစ္စတွေကို ကျွန်တော့်အနေနဲ့ စားပွဲဝိုင်းက ဆွေးနွေးဖော်ထုတ်ချက်တွေ ယူသွားပြီး ပြည်ထောင်စု အစိုးရ အဖွဲ့ဝင် ဝန်ကြီးကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်အထိ ဆွေးနွေးတိုင်ပင်ဆောင်ရွက်ဖို့ တင်ပြပေးသွားမှာ ဖြစ်ပါတယ်။

## ဦးအေးမောင် (ဥက္ကဋ္ဌ၊ ကသာခရိုင် ထီးချိုင့်ကြံဇုန် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း)

ကျွန်တော် နှစ်ပေါင်း ၄၀ ကျော် ကြံစိုက်ပျိုးခဲ့တဲ့တောင်သူဖြစ်ပါတယ်။ မတည်ငြိမ်တဲ့ဈေးကွက်၊ ပုံမှန်မဟုတ်တဲ့ ဝင်ငွေနဲ့ ကြံတောင်သူဘဝကျင်လည်ခဲ့ရပါတယ်။ ကြံသကြားဈေးကွက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကြံတစ်ဧကအထွက်နှုန်းကောင်းဖို့ လိုသလိုစိုက်ပျိုးထုတ်လုပ်တဲ့ ကုန်ကျစရိတ်လျှော့ချဖို့လည်းလိုပါတယ်။ ကြံခုတ်သမားဈေးကြီးပေးရ ရှားရှားပါးပါးငှားနေရတဲ့အတွက် ကြံခုတ်သမားအစားထိုး ကြံခုတ်စက်တွေ အသုံးပြုနိုင်ရပါမယ်။ စိုက်ပျိုးစရိတ်ချေးငွေရရှိဖို့ အထူးလိုအပ်ပါတယ်။ ပုံစံ(၇)ရှိတဲ့ တောင်သူများ စိုက်ပျိုးစရိတ်ချေးငွေမှာ ၁၀ ဧကအထိ သတ်မှတ်ထားတဲ့အတွက် မလုံလောက်တဲ့ ချေးငွေဖြစ်နေပါတယ်။

သကြားစက်ရုံများက ကြံဈေးနှုန်းသတ်မှတ်ဝယ်ယူရာမှာ သကြားဈေးပေါ်မူတည်ပြီးပေးဝယ်တဲ့အတွက် သကြားဈေးကွက်တည်ငြိမ်နေဖို့လိုပါတယ်။ တရုတ်နိုင်ငံကို တင်ပို့မယ့်သကြားများ နယ်စပ်မှာစုပုံနေတဲ့အတွက် ဖြေရှင်းပေးစေလိုပါတယ်။

ကြံသကြားဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့ လက်ရှိအခြေအနေမှာ သကြားစက်၊ ကြံတောင်သူ၊ ကုန်သည်ပွဲစားများ အခက်အခဲနဲ့ ကြုံနေရပါတယ်။ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ကြံသကြားဈေးကွက် ရှေ့ဆက်နိုင်ဖို့ လက်ရှိအခြေအနေကို လျင်မြန်စွာဖြေရှင်းနိုင်ဖို့ လိုအပ်ပါတယ်။

## ဦးချိုတူး
## (အကြံပေး၊ ထီးချိုင့်ကြံဇုန် ကြံစိုက်ပျိုးထုတ်လုပ်သူများအသင်း )

သကြားစက်ပိုင်များအနေနဲ့ကြံတောင်သူတွေအပေါ် ယုံကြည်မှုတည်ဆောက်သင့်ပါတယ်။ တောင်သူတွေရဲ့လိုအပ်ချက်တွေကို လေ့လာပြီး ဖြည့်ဆည်းပေးသင့်ပါတယ်။ လက်ရှိကြံတောင်သူတွေ အခြေအနေအလွန်ဆိုးရွားနေပါတယ်။ တောင်သူတွေကို ဥပေက္ခာပြုမယ်ဆိုရင် ကြံစိုက်ပျိုးမယ့်တောင်သူတွေနည်းပါးလာပြီး စက်ရုံလည်ပတ်မှုယန္တရားကြီးတစ်ခုလုံး ရပ်တန့်သွားမယ့် အခြေအနေနဲ့ ကြုံတွေ့ရမှာဖြစ်ပါတယ်။

၂၀၁၉-၂၀၂၀ ခုနှစ်မှာ မိုးခေါင်ရေရှားလာမှုနဲ့ကြုံတွေ့နေရပြီး စက်ပိုင်များရဲ့ပံ့ပိုးကူညီမှုကလည်း အားနည်းလာမယ်ဆိုရင် စက်ရုံအနေနဲ့ကြံတန်ချိန် ခုနှစ်သိန်းလောက်သာ ကြိတ်နိုင်မယ်လို့ခန့်မှန်းမိပါတယ်။ ဒါကတော့ သကြားဈေးကွက်ပျက်သွားလို့ စက်ရုံနဲ့ ကြံတောင်သူတို့ဖြစ်လာနိုင်တဲ့ အခက်အခဲဖြစ်ပါတယ်။ ကြံသကြားဈေးကွက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် သကြားဈေးကွက်တည်ငြိမ်ဖို့လိုပါတယ်။ ကျွန်တော်တို့ကြံတောင်သူတွေ ကိုယ့်လောကနဲ့ဆက်နွှယ်တဲ့ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ကုန်စည်ပြပွဲတွေများများလုပ်၊ များများတွေ့ဆုံ လေ့လာနေသင့်တယ်လို့ တိုက်တွန်းချင်ပါတယ်။

ကျွန်တော်တို့ မောင်းကုန်း သကြားစက်ကြီးမှာလည်း သကြားအိတ်တွေအများကြီးစုပုံနေတာကို မြင်တွေ့နေရပါတယ်။ ပြည်တွင်းသကြားဈေးကွက်က ကျွန်တော့်တစ်သက် စံချိန်ချိုးလောက်အောင် သည်နှစ်ပျက်စီးသွားပါပြီ။ ကြံတောင်သူတွေမျက်ဖြူဆိုက်နေပါပြီ။ သကြားစက်ပိုင်များကလည်း အကျပ်အတည်းကိုဖြေရှင်းဖို့ သကြားပေါက်ဈေးထက်လျှော့ရောင်းပါတယ်။ ကြံတောင်သူတွေအထိနာချက်ကပိုပြင်းထန်ပါတယ်။

ကျွန်တော်တို့ကြံတောင်သူတွေ ဆင်းရဲတွင်းကို ကျကုန်ပါပြီ။ ပြည်တွင်းသကြားစက်ရုံများရဲ့ကြံဈေးနှုန်း တန်းတူညီမျှပြီးကွာဟမှု မဖြစ်အောင် ထိန်းသိမ်းပေးပါလို့ တင်ပြလိုပါတယ်။

## ဦးတင်ဝင်းထွန်း (မြတောင်သားသကြားစက်ပိုင်ရှင်/တောင်သူ)

ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍကြီးသုံးခုဖြစ်တဲ့ နိုင်ငံတော်ကဏ္ဍ၊ သကြားစက်ရုံများရဲ့ကဏ္ဍနဲ့ကြံတောင်သူများကဏ္ဍတို့က ဟန်ချက်ညီညီလုပ်သွားဖို့ လိုပါတယ်။ ပြည်တွင်းသကြားစက်ရုံများအကျိုးစီးပွား ထိခိုက်နစ်နာမှုမရှိစေရန် မူဘောင်တစ်ခုသတ်မှတ်ပြီး ကာကွယ်ပေးဖို့လိုပါတယ်။ ကြံသကြားဈေးကွက်စဉ်ဆက်မပြတ်ဖွံ့ဖြိုးရန် ကြံတောင်သူများထွက်ကုန် ကြံကို သကြားစက်ရုံမှ အချိန်မီ ပြည်တွင်းကြံပေါက်ဈေးနဲ့ ဝယ်ယူရန်လိုသလို သကြားစက်တွေအနေနဲ့လည်း ပုံမှန်လည်ပတ်နိုင်ဖို့ သကြားဈေးကွက်တည်ငြိမ်မှ ဖြစ်မှာပါ။

## ဂရိတ်ဝေါလ်-ဝေမာသကြားစက်ကုမ္ပဏီစက်ရုံမှူး

ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာမှာ သကြာစက်ရုံကြီးကို ၂၀၀၆ ခုနှစ်ကတည်ထောင်ခဲ့ပါတယ်။ စတည်ကာစက တစ်ရက်တန် ၃၀၀၀ ကျဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ကစပြီး သကြားဈေး မတည်မငြိမ်ဖြစ်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်ကစပြီးနိုင်ငံတော်က ပြည်ပသကြားများတင်သွင်းခွင့်ပြုခဲ့တဲ့အတွက် ပြည်တွင်းမှာသကြားတွေစုပုံနေပြီး သကြားဈေးကျဆင်းလာတာဖြစ်ပါတယ်။

သကြားဈေးကွက်ဆက်လက်ကျဆင်းနေပြီး စက်ရုံမှသကြားများကလည်းရောင်းမထွက်တဲ့အတွက် သည်နှစ်ကြံရာသီ ကြံတင်ဝယ်ရန်အခက်အခဲဖြစ်နေပြီး ကြံတောင်သူများကို အဆင်ပြေစွာဈေးနှုန်းသတ်မှတ်ပေးဝယ်ချင်ပေမယ့် စက်ရုံက ပိုလျှံသကြားများရောင်းမထွက်တာကြောင့် စက်ရုံအနေနဲ့ များစွာအခက်အခဲကြုံတွေ့နေရပါတယ်။ ဒါကြောင့်ဒီကိစ္စတွေကို သက်ဆိုင်ရာဌာနအနေနဲ့ ကူညီဖြေရှင်းပေးစေလိုပါတယ်။

[ကြံသကြားဈေးကွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ အလုပ်ရုံဆွေးနွေးပွဲတွင် (၁)ကြံတစ်တန်စက်ရုံအရောက် (ကြမ်းခင်း) ဈေးကျပ် ၄၅၀၀၀ ဝယ်ယူပေးနိုင်ရေးနှင့်သကြားဈေးနှုန်းပေါ်မူ တည်၍ထပ်ဆောင်းပံ့ပိုးပေးနိုင်ရန်၊ (၂)ကြံတောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာ၊ ချေးငွေနှင့်သက်ဆိုင်ရာစက်ရုံမှ ကြံစိုက်ပျိုးစရိတ်များထုတ်ပေးနိုင်ရန်၊ (၃)လမိုင်း၊ လမက်၊ စိုက်သစ်များ ဆက်လက်အထွက်တိုးနိုင်ရေးအတွက် သွင်းအားစုများထည့်နိုင်ရန်၊ နိုင်ငံတော်က ချေးငွေ(သို့)သက်ဆိုင်ရာစက်ရုံမှ ကြံကြိုတင်အချိန်မီ ထုတ်ပေး၊ ဝယ်ယူနိုင်ရန်၊ (၄)ကြံခုတ်သိမ်းရာတွင် လုပ်သားခက်ခဲမှုကြောင့် ကြံခုတ်စက်များ အသုံးပြုနိုင်ရေးပံ့ပိုးကူညီပေးရန်၊ (၅)စက်ရုံမှ ထွက်သောသကြားများကို သက်ဆိုင်ရာဌာနမှတာဝန်ယူဆောင်ရွက်ပေးနိုင်ရန်၊ (၆)သစ်တောကြိုးဝိုင်းအတွင်း ပါဝင်နေသောကြံစိုက်ဧကများကို အာမခံချက်ဖြင့် ချေးငွေထုတ်ပေးရန်၊ (၇)စက်ရုံများမှ သကြားအပြင်အခြားထုတ်လုပ်သောထုတ်ကုန်များ အားလုံးထုတ်လုပ်နိုင်ရန်ဆောင်ရွက်ပေးရန်၊ (၈) Sugar Law အမြန်ဆုံးပေါ် ပေါက်အောင်ဆောင်ရွက်ပေးနိုင်ရန်၊ (၉) စိုက်ပျိုးရေးစက်ကိရိယာနှင့် သွင်းအားစုများကို သင့်တင့်သောဈေးနှုန်းဖြင့် တောင်သူများ အသုံးပြုနိုင်ရေးညှိနှိုင်းဆောင်ရွက်ပေးရန်၊ (၁၀)နယ်စပ်ရှိသကြားများ ပြည်တွင်းသို့ ပြန်လည်တင်သွင်းစီးဆင်းမှုအားကန့်ကွက်ပေးရန်၊ (၁၁) Refine Sugar Import အား အမှန်တကယ်အသုံးပြုမည့်လုပ်ငန်းနှင့် အရေအတွက်အား Commericial Tax အရ စိစစ်ပြီး ခွင့်ပြုပေးရန်၊ (၁၂) စုပုံနေသော ပြည်တွင်းသကြားနှင့် Re-export သကြားများအား တရုတ်ပြည်သို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန် အတွက် B to B နှင့် G to G အမြန်ဆုံးညှိနှိုင်းပေးရန်၊ (၁၃)စက်ရုံများမှ ထွက်ရှိသော သကြားများကို ပြည်တွင်းလုပ်ငန်းရှင်များထံ ရောင်းချနိုင်ရေးဈေးကွက်လမ်းကြောင်း ဖော်ဆောင်ပေးရန်၊ (၁၄) တင်လဲရည်ရောင်းချခွင့်ရရှိရေး၊ ပြည်တွင်းဘိုင်အိုအီသနော ထုတ်လုပ်ခွင့်စွမ်းအင်မူဝါဒဖော်ဆောင်ရေး၊ မူဝါဒတွင် National Grit ပေါ် တင်သွင်းရောင်းချခွင့်ရရှိရေးနှင့် ပြည်ပသို့ကြံထွက်ပစ္စည်းများ တင်ပို့ရေးအတွက် ဆိပ်ကမ်း သိုလှောင်ရုံကန်များ ပြည့်စုံစွာ ဖော်ဆောင်ရန်၊ (၁၅)သကြားထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချရေး၊ Value Added ထုတ်လုပ်ရေးနှင့် Refine Sugar ထုတ်လုပ်နိုင်ရေးတို့အတွက် စက်ရုံများအား နှစ်ရှည်ချေးငွေများရရှိနိုင်ရန်ကာလတစ်ခုအထိ အခွန်ကင်းလွတ်ခွင့် Incentive များပေးရန်၊ (၁၆)အရက်ချက်စက်ရုံများအား ပတ်ဝန်းကျင်ဆိုင်ရာကန့်သတ်ချက်များကိုကာလတစ်ခုအထိ ဖြေလျှော့ပေးရေးနှင့် သကြားစက်ရုံများတွင်အရက်ချက် စက်ရုံများကို တွဲဖက်တည်ဆောက်ထုတ်လုပ်ခွင့်အား မှန်ကန်သော Process ဖြင့် လိုင်စင်ချမှတ်ပေးရန်၊ (၁၇) တရားမဝင်တင်သွင်းနေသော မှောင်ခိုသကြားများအား သက်ဆိုင်ရာဌာနမှ တားဆီးပေးရန်၊ (၁၈) လုပ်ငန်းသုံးရန်အတွက် တင်သွင်းနေသော Refine Sugar များကို ယာယီပိတ်ထားပေးရန်နှင့် သကြားလိုအပ်ချိန်တွင် ပြည်ပမှ တင်သွင်းခွင့်မပြုဘဲ မူဆယ်တွင် ပိတ်မိနေသော Refine Sugar များကိုသာ အစားထိုးရောင်းချခွင့် ပြုပေးပါရန်နှင့် အသင်းမှ ဦးဆောင်ညှိနှိုင်းပေးရန်၊ (၁၉)ဒေသတွင်း အခက်အခဲများ ဖြေရှင်းပေးရန်အတွက် ကြံစိုက်ပျိုးထုတ်လုပ်သူများ အသင်းဖွဲ့စည်းရန်စသည့် အချက် ၁၉ ချက်ကို ဖော်ထုတ်နိုင်ခဲ့ကြသည်။]

**(စာရေးသူ၏ အာဘော်သာဖြစ်သည်။)**

# ရေဦးမြို့ရှိ ကိုယ်ပိုင်အထက်တန်းကျောင်း၌ အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ် စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံသည် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့နှင့် ပူးပေါင်းကာ ဩဂုတ် ၈ ရက်တွင် ရေဦးမြို့ ဗိုလ်အောင်ဇေယျရပ်ကွက်ရှိ အောင်သရဖူမိသားစု ကိုယ်ပိုင်အထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲနှင့်ကျောင်းမုန့်ဈေးတန်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံက စားသုံးသူကာကွယ်ရေးဥပဒေပါစားသုံးသူ၏ အခွင့်အရေးများနှင့် အန္တရာယ်ရှိ စားသောက်ကုန်များ အကြောင်းကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးက မီးဘေးနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်ပြန်/ဆက် ဒု-ဦးစီးမှူးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုလည်းကောင်း ပညာပေးဟောပြောပြီး၊ မီးသတ်ဦးစီးမှူးက မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ကားစွမ်းရည်ပြသခြင်းများ ဆောင်ရွက်ခဲ့သည်။ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်တာဝန်ခံက ပူးပေါင်းအဖွဲ့ဖြင့် ယင်းကျောင်းဝင်းအတွင်း ရောင်းချနေသည့် ကုန်မျိုးစုံနှင့် မုန့်မျိုးစုံဆိုင်သို့စစ်ဆေးရာ တားမြစ်ထားသည့် စားသောက်ကုန်များ၊ ရက်လွန်စားသောက်ကုန်များနှင့် မှိုတက်စားသောက်ကုန်များ ရောင်းချမှုမရှိဘဲ ထုတ်လုပ်သူလိပ်စာ၊ ပါဝင်ပစ္စည်း၊ ထုတ်လုပ်ရက်စွဲနှင့်သက်တမ်းကုန်ဆုံးရက်စွဲများ ပါရှိသည့် စားသောက်ကုန်များကို စနစ်တကျ သန့်ရှင်းစွာ ရောင်းချသည်ကို စစ်ဆေးတွေ့ရှိရပြီး ဟောပြောပွဲသို့ စုစုပေါင်း ၂၃၁ ဦး တက်ရောက်ခဲ့သည်။

**အောင်ညွန့်**

# စားသုံးသူကာကွယ်ရေးနှင့် အစားအသောက် ဘေးအန္တရာယ် ကင်းရှင်းရေး အသိပညာပေး

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ လွိုင်ကော်မြို့ပေါ်ရှိ ဟိုတယ်လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေး အသိပညာပေးနှင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး ဆွေးနွေးပွဲကို သက်ဆိုင်ရာဌာနဖြစ်သည့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်း၍အသိပညာပေးဆောင်ရွက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုယုလွင်က ၂၀၁၉ စားသုံးသူကာကွယ်ရေး ဥပဒေပါ ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ လုပ်ငန်းရှင်များသိရှိလိုက်နာနိုင်ရေး အသိပညာပေး ဆွေးနွေးခဲ့သည်။

ဆက်လက်၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဒေါ်တင်နီလာဌွေးက အစားအသောက်ဆိုင်ရာ မီးဖိုချောင်များတွင် အစားအသောက်ကိုင်တွယ်သူများအား အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များ လိုက်နာနိုင်ရန် ရှင်းလင်းအသိပညာပေးခဲ့ကြောင်း သိရသည်။

**ကျော်မိုး (စားသုံးသူ-ကယား)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရှိ အခြေခံပညာကျောင်းများ၌ စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် ကျောင်းမုန့်ဈေးတန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဒုတိယခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ထုတ်ကုန် လုံခြုံစိတ်ချရမှု ရှိစေရေးနှင့် စားသုံးသူများဖြစ်ကြသော ဆရာ/ဆရာမများ၊ ကျောင်းသူ/ ကျောင်းသားများနှင့် ကျောင်းမုန့်ဈေးတန်းများမှ ဈေးသူဈေးသားတို့၏ အကျိုးကိုရှေးရှု၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အ. ထ. က(၃) ကျောင်းသို့ ဩဂုတ် ၁၃ ရက်တွင်လည်းကောင်း၊ အ. မ. က (၁) ကျောင်းသို့ ဩဂုတ် ၁၄ ရက်တွင်လည်းကောင်း စားသုံးသူကာကွယ်ရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းနှင့် ကျောင်းများရှိ မုန့်ဈေးတန်းတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် အရှေ့ပိုင်းခရိုင်စားသုံးသူရေးရာ ဦးစီးဌာနမှ ဒုတိယခရိုင်ဦးစီးမှူး ဦးစီးအရာရှိဒေါ်နွယ်ဇင်ဝင်းက ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၉)အရ အတည်ပြုပြဋ္ဌာန်းလိုက်သော စားသုံးသူကာကွယ်ရေးဥပဒေတွင်ပါဝင်သော စားသုံးသူတိုင်း သိသင့်သိထိုက်သည့်စားသုံးသူ၏ အဓိပ္ပာယ်၊ အခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အဓိပ္ပာယ်နှင့် တာဝန်များ၊ စားသုံးသူကာကွယ်ရေး လုပ်ငန်းစဉ်နှင့် ဥပဒေ၏ အခန်း(၁၈) ပါ ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့် စပ်လျဉ်းသော ပုဒ်မ(၄၁) ပါ (ခ) ကုန်စည်၏အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း (ဆ) ကျန်းမာရေးဆိုင်ရာဘေးထွက်ဆိုးကျိုး (သို့မဟုတ်) ခာတ်မတည့်ကြောင်းဖော်ပြချက်နှင့် ကြိုတင်သတိပေးချက်တို့အား ပုဒ်မ(၄၃) အရ မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတွဲလျက်ဖြစ်စေ မဖြစ်မနေ ရေးသားဖော်ပြရမည်ဖြစ်ပြီး ၎င်းဥပဒေသည်ထုတ်ပြန်ပြီး တစ်နှစ်ပြည့်မြောက်သည့်နေ့ရက်မှ စတင်၍ အာဏာတည်မည်ဖြစ်သောကြောင့်စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ဝန်ဆောင်မှုများအပေါ် ဆောင်ရန်၊ ရှောင်ရန်တို့ကိုသိရှိထားရန်နှင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းအား သက်ဆိုင်သည့်ဌာနဆိုင်ရာ အသီးသီးတို့ပူးပေါင်းဆောင်ရွက်နေသည့်အပေါ် စားသုံးသူပြည်သူများ၊ ဆရာ/ဆရာမများ၊ ကျောင်းသူ/ကျောင်းသားများပါ အတူတကွပူးပေါင်းဆောင်ရွက်မှသာ လျင်မြန်စွာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း ဟောပြော ဆွေးနွေးခဲ့ပြီး ဒုတိယကြီးကြပ်ရေးမှူး ဒေါ်အေးအေးမော်က ဆိုးဆေးများ၊ တာရှည်ခံဆေးများ၊ မှည့်ဆေးနှင့် ယင်မနားဆေးတို့၏ ဆိုးကျိုးများအကြောင်း၊ ပိုးသတ်ဆေးများ၏ ဘေးဥပဒ်အန္တရာယ်တို့ကို ပညာပေးဟောပြောသည်။

ဆက်လက်၍ ကျောင်းမုန့်ဈေးတန်းများသို့ သက်ဆိုင်ရာကျောင်းတို့မှ ဆရာ/ဆရာမများနှင့် ပူးပေါင်း၍ ကျောင်းမုန့်ဈေးတန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး စားသုံးသူကာကွယ်ရေး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**တင်မင်း(ရန်ကုန်)**

# စစ်ကိုင်းမြို့နယ် အောင်မင်္ဂလာဈေး (ဆားတောင်မြို့) အတွင်းရှိ ဈေးဆိုင်များနှင့် လမ်းဘေး ဝဲ/ယာရှိ ကုန်စုံဆိုင်များအား စစ်ဆေးပညာပေး

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးတင်အောင်ကျော်ဦးဆောင်၍ ခရိုင်ရုံးဝန်ထမ်းများ၊ ဆားတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ဆားတောင်မြို့စားသုံးသူရေးရာအဖွဲ့၊ ဈေးစားသုံးသူရေးရာအဖွဲ့တို့နှင့် ပူးပေါင်းကာ ဩဂုတ် ၁၄ ရက်တွင် စစ်ကိုင်းမြို့နယ် အောင်မင်္ဂလာဈေး (ဆားတောင်မြို့) အတွင်းရှိ ဈေးဆိုင် ၁၅ ဆိုင်နှင့် ဆားတောင်မြို့လမ်းဘေး ဝဲ/ယာ ရှိ ကုန်စုံဆိုင်သုံးဆိုင်တို့အား ကွင်းဆင်းစိစစ်ပညာပေး ဆောင်ရွက်ခဲ့သည်။

စစ်ကိုင်းခရိုင်ဦးစီးမှူး ဦးဆောင်သောမိတ်ဖက်ဌာနဆိုင်ရာများ ကွင်းဆင်းစိစစ်ပညာပေး ဆောင်ရွက်ရာတွင် ဈေးသူ/သားများအား ဈေးအတွင်း ရောင်းချလျက်ရှိသော စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းများတွင် ကုန်အညွှန်းအမှတ်အသား တံဆိပ်ပါရှိသော ကုန်စည်များကိုသာ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန်၊ သက်တမ်းလွန်၊ မှိုတက်အစားအသောက်များအား ရောင်းချခြင်းမပြုရန်၊ မှုစ်၊ သရက်ချဉ်များတွင် ဆိုးဆေးများ မသုံးရန်၊ ငါးပိ၊ ငါးခြောက်များအား ယင်မနားဆေး မသုံးရန်၊ ၂၀၂၀ ခုနှစ် မတ် ၁၅ ရက်နောက်ပိုင်းမှစတင်၍ ကုန်စည်များ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းတို့ပြုလုပ်ရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့်အခြားဘာသာတွဲလျက်ဖြစ်စေ၊ ကုန်အညွှန်းအမှတ်အသား တံဆိပ်ပေါ်တွင်ဖော်ပြပါရှိမှသာလျှင် ဈေးကွက်အတွင်း ဖြန့်ဖြူး ရောင်းချရမည်ဖြစ်ကြောင်း ရှင်းလင်း ဆွေးနွေးပြီး သက်တမ်းလွန်၊ မှိုတက်စားသောက်ကုန်များအား တားမြစ်သိမ်းဆည်း ဆောင်ရွက်ခဲ့ပြီး ဈေးဆိုင်ရှင်များအား လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ **ခင်မောင်ဝင်း (စစ်ကိုင်း)**

## ငါးပိ၊ ငါးခြောက်နှင့် ငါးအစိုလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေ ရှင်းလင်း

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်အတွင်း ပြည်မြို့နယ်နှင့် သဲကုန်းမြို့နယ်တို့တွင် စားသုံးသူရေးရာဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းပြီး ဩဂုတ် ၆ ရက်နှင့် ၁၃ ရက်တို့တွင် စည်ပင်သာယာဈေးများအတွင်း ရောင်းချလျက်ရှိသော ငါးပိ၊ ငါးခြောက်နှင့် ငါးအစိုလုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့် မှန်ကန်သောသတင်းအချက်အလက်ပေးခြင်း၊ ဖြောင့်မတ်စွာဆက်ဆံခြင်း၊ စီးပွားရေး ကျင့်ဝတ်စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ အရည်အသွေး၊ အချိန်အတွယ်၊ ပမာဏနှင့်အလေးချိန်မှန်ကန်မှုရှိအောင်ဆောင်ရွက်ပေးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစွာ သန့်သန့်ရှင်းရှင်း ရောင်းချမှုရှိစေရေး စသည့် အချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန် အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ဝင်းလဲ့ဝါ(ပြည်)**

# ကျိုင်းတုံတွင် ဝက်သားသတ်လုပ်ငန်းဆောင်ရွက်သူများအား အသိပညာပေးဆွေးနွေး

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ အသားထုတ်လုပ်ရောင်းချခွင့်စနစ်ဖြင့် ဝက်သားသတ်လုပ်ငန်းဆောင်ရွက်သူများအား အသိပညာပေးဆွေးနွေးပွဲကို စည်ပင်သာယာရေးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၆ ရက်တွင် ကျိုင်းတုံမြို့ နယ်စည်ပင်သာယာခန်းမ၌ကျင်းပခဲ့ရာ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ သတင်းမီဒီယာများ၊ ဝက်သားသတ်လုပ်ငန်းရှင်များ စုစုပေါင်း၈၁ဦး တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဝဏ္ဏစိုးက အဖွင့်အမှာစကား ပြောကြားရာတွင် အာဖရိကဝက်အပြင်းဖျား ရောဂါနှင့်ပတ်သက်၍ ဖြစ်ပွားမှု ရှိ/မရှိ တိ/မွေးကုဌာနအနေဖြင့် စနစ်တကျ ကွင်းဆင်း စစ်ဆေးသင့်ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းဖြစ်ပေါ်နေသည့် ဝက်ရောဂါကြောင့် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် သားသတ်လုပ်ငန်းရှင်များ နစ်နာနေသည့် သတင်းကြားသိရသည်မှာ စိတ်မကောင်းဖြစ်မိကြောင်း၊ စည်ပင်သာယာရေးဌာနအနေဖြင့်လည်း စားသုံးသူပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရန် သားသတ်လုပ်ငန်းအား စနစ်တကျကြပ်မတ်ပေးစေလိုကြောင်း ပြောကြားသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးက ရှမ်း/ရှေ့ဒေသတွင် ဝက်သေဆုံးမှုများပြားနေပြီး ဒေသခံပြည်သူများ၏ ဗဟုသုတနည်းပါးခြင်းနှင့် နည်းပညာလိုအပ်မှုကြောင့်ဖြစ်သည်ဟု ယူဆမိကြောင်း၊ ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျိုင်းတုံဒေသ၌ သေဆုံးသောဝက်များ၏ အသားနမူနာကို ရန်ကုန်နှင့် မန္တလေးဓာတ်ခွဲခန်းများသို့ ပေးပို့စမ်းသပ်ခဲ့ရာ အာဖရိကဝက် ရောဂါမဟုတ်သည်ကို သိရှိရကြောင်းနှင့် ယခုဖြစ်ပွားနေသော ဝက်ရောဂါအား တားဆီးနှိမ်နင်းနိုင်ရန် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မွေးမြူရေးနှင့် ကုသရေးဦးစီး ဌာနမှ ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ တရုတ်နိုင်ငံတွင် အာဖရိက ဝက်အပြင်းဖျားရောဂါဖြစ်ပွားနေသည့် သတင်းကြားသိခဲ့ရပြီး ရှမ်း/ရှေ့ဒေသတွင် စက်တင်ဘာလမှစ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဒေသခံပြည်သူများပေးပို့သော သတင်းထက် မြေပြင်တွင် ပိုမိုများပြားစွာ သေဆုံးနေသည်ကို ကြားသိရကြောင်း၊ မိမိတို့ဌာနမှလည်း ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဝန်ထမ်းအင်အား မလုံလောက်ခြင်းကြောင့် လွှမ်းခြုံနိုင်မှု နည်းပါးကြောင်းနှင့် စားသုံးသူရေးရာ ဦးစီးဌာနက ဆွေးနွေးရာတွင် စားသုံးသူများ လုံခြုံစိတ်ချရမှုရှိစေရန်မှာ မိမိတို့ဌာန၏ မျှော်မှန်းချက်ဖြစ်ကြောင်း၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းပြီး လတ်ဆတ်သော အသားများအား ဝယ်ယူစားသုံးနိုင် စေရေးအတွက် ဝက်မွေးမြူသူများနှင့် ဝက်သားရောင်းချသူများက သက်ဆိုင်ရာဌာနများ၏ စည်းမျဉ်းစည်းကမ်းများ ညွှန်ကြားချက်များအား လေးစားလိုက်နာပေးစေလိုကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ စည်ပင်သာယာရေးဌာနက သားသတ်လုပ်ငန်းလည်ပတ်ပုံနှင့်ကြီးကြပ် ဆောင်ရွက်မှု အခြေအနေများ၊ ကျန်းမာရေးဦးစီးဌာနက တိရစ္ဆာန်များမှ လူများသို့ ကူးစက်နိုင်သော ရောဂါများနှင့် ကာကွယ်ရေးနည်းလမ်းများအား အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော လုပ်ငန်းရှင်နှင့် သတင်းမီဒီယာများက သိရှိလိုသည်များမေးမြန်းကာ သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။

**မိုးထက်နိုင် (ချယ်ရီမြေ)**

# ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာန ချောင်းသာမြို့၌ စားသုံးသူ အသိပညာပေးဟောပြောပွဲ ကျင်းပ

ပုသိမ်မြို့စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်၊ ပုသိမ်ခရိုင် ဒုတိယခရိုင်ဦးစီးမှူးဦးထွေးသိမ်းနှင့် ဝန်ထမ်းများသည် ဩဂုတ် ၆ ရက်တွင် ချောင်းသာမြို့ ရွာမဓမ္မာရုံမှာ စားသုံးသူအသိပညာပေး ဟောပြောပွဲ ကျင်းပပြုလုပ်ရာ ချောင်းသာမြို့ အုပ်ချုပ်ရေးမှူးဦးကျော်သူနှင့် မြို့ပေါ်ရှိ ဌာနဆိုင်ရာများ ဟိုတယ်၊ တည်းခိုခန်းလုပ်ငန်းရှင်နှင့် မန်နေဂျာများ၊ စီးပွားရေး လုပ်ငန်းရှင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ အပါအဝင် စုစုပေါင်း ၇၅ ဦးခန့် တက်ရောက်ခဲ့သည်။

ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိချောင်းသာမြို့သည်ပွင့်လင်းရာသီဆိုလျှင် ပင်လယ်ကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပဧည့်ခရီးသွားများ အများဆုံးဝင်ရောက်မှုရှိပြီး တစ်ဖက်တစ်လမ်းမှ နိုင်ငံခြားဝင်ငွေရရှိနေသော ဟိုတယ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့် ဒေသတစ်ခုဖြစ်သည့်အပြင် စီးပွားရေးလုပ်ငန်းအနေ နှင့် ဒေသထွက်လက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ရေထွက်ပစ္စည်း အရောင်းဆိုင်များနှင့် စည်ကားလျက်ရှိပြီး ကမ်းခြေသို့လာရောက် လည်ပတ်သည့် ခရီးသွားများစိတ်ကျေနပ်မှုရရှိစေရန်နှင့် ဝန်ဆောင်မှုအပြည့်အဝရရှိစေရန် ရည်ရွယ်၍ ယခုလို စီးပွားရေးလုပ်ငန်းရှင်များအား စားသုံးသူ ကာကွယ်ပေးရေး အသိပညာပေး ဆွေးနွေးရခြင်းဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် စားသုံးသူရေးရာဦးစီးဌာန ဌာနခွဲမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမိုက်ကယ်က စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)အရ စီးပွားရေး လုပ်ငန်းရှင်များ၏ တာဝန်နှင့် လိုက်နာရမည့် ပြဋ္ဌာန်းချက်များ၊ ချောင်းသာကမ်းခြေ၏ နိုင်ငံဂုဏ်ဆောင်နိုင်မှုတွင် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၏ ကဏ္ဍအရေးပါပုံ၊ ချောင်းသာကမ်းခြေရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လာရောက်လည်ပတ်သူ ပြည်တွင်း/ပြည်ပ ဧည့်သည်များ စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ အစားအသောက်၊ ကုန်စည် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ ဘေးအန္တရာယ် မရှိစေရေး၊ ဆုံးရှုံးနစ်နာမှုမရှိစေရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ဥပဒေဘောင်အတွင်းမှ တားဆီးကာကွယ်ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

**မင်းမင်းဦး (ပုသိမ်)**

# ယင်းမာပင်ခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာများသို့ ပညာပေးဟောပြောပွဲနှင့် ရှောင်တခင် ကွင်းဆင်းစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ယင်းမာပင်ခရိုင်၊ စားသုံးသူရေး ရာဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးသက်နိုင်နှင့် ဝန်ထမ်းများသည် သက်ဆိုင်ရာမိတ်ဖက်ဌာနများ၊ စားသုံးသူရေးရာ အသင်းအဖွဲ့များ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ပုလဲမြို့နယ်၊ ဆားလင်းကြီးမြို့နယ် ကျေးရွာများသို့ ကွင်းဆင်းပညာပေးခြင်း၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုရှိရန် ရှောင်တခင် စစ်ဆေးခြင်း၊ စားသုံးသူများ ဘေးကင်းလုံခြုံစိတ်ချရမှုရှိစေရန် ဈေးကွက်စောင့်ကြည့် ကွင်းဆင်းစစ်ဆေးခြင်းများကို ဩဂုတ် ၁၃ ရက်တွင် ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဒု-ခရိုင်ဦးစီး မှူး ဒေါ်ခိုင်မို့မို့ဦးဆောင်၍ ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီး အ. ထ. က ကျောင်းတွင် စားသုံးသူ ကာကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်ပြီး စားသုံးသူများ နစ်နာမှုမရှိစေရန် အခွင့်အရေးနှင့် တာဝန်များကိုသိရှိစေရန် မှန်ကန်သော စားသုံးသူများ ရွေးချယ်စားသုံးအသုံးပြုဆောင်ရွက်နိုင်စေရန်တို့အား ဆွေးနွေး ဟောပြောခဲ့သည်။

ဆက်လက်၍ ဩဂုတ် ၁၄ ရက်တွင် ခရိုင်ဦးစီးမှူးဦးဆောင်၍ ဝန်ထမ်းများသည် ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ ရပ်ကွက်ကုန်စုံ ဆိုင်များအား ရှောင်တခင်စစ်ဆေးခြင်း၊ ဒု-ခရိုင် ဦးစီးမှူးဦးဆောင်၍ ဆားလင်းကြီးမြို့နယ် တုံကျေးရွာ ကုန်မျိုးစုံဆိုင်များကို ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်နှင့် ကုန်အညွှန်းအမှတ်၊ စတင်ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲ၊ ကုန်ပစ္စည်းထားသိုမှု၊ ကုန်ပစ္စည်းသုံးစွဲမှုအညွှန်း၊ သတင်း အချက်အလက်အထောက်အထားများ ပြည့်စုံမှန်ကန်စွာ သိရှိနိုင်စေရန်များကို စားသုံးသူရောင်းချသူများ သိရှိစေရန် ကွင်းဆင်းပညာပေး ဆောင်ရွက်ပြီး ဌာန၏ပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့သည်။

**ခိုင်မို့မို့ (မြင်းမူ)**

# ပြည်မြို့နယ်ရှိ ကျောင်းကုန်းရွာနှင့် ဂွကန်ကျေးရွာတို့တွင် စားသုံးသူ အသိပညာပေး ဟောပြော

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့ရှိ မှော်ဇာကျေးရွာအုပ်စုကျောင်းကုန်းကျေးရွာနှင့် ဂွကန်ကျေးရွာတို့တွင် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၅ ရက်တွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ခရိုင်ဦးစီးမှူးရုံးမှ ဒုတိယဦးစီးမှူး ဒေါ်ဝေဝေမင်းက စားသုံးသူ အသိပညာပေးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခြင်းနှင့် စားသုံးသူအခွင့်အရေး (၈)ချက်အား ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်တာဝန်ခံ ဦးအေးသိန်းက ၂၀၁၉ ခုနှစ်၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ စားသုံးသူအခွင့်အရေး (၈)ချက်နှင့် စီးပွားရေးလုပ်ငန်းရှင်၏တာဝန်များ၊ အခန်း(၁၈)ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု (သို့မဟုတ်)တစ်ခုထက်ပို၍ တွဲလျှက်ဖြစ်စေ ရေးသားဖော်ပြရန်နှင့် ၂၀၂၀ ခုနှစ်မတ်လ (၁၅)ရက်နောက်ပိုင်းတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စားသုံးသူတို့ နစ်နာဆုံးရှုံးမှုရှိလျှင် စားသုံးသူသတင်းနှင့် ပြန်ကြားရေး၊ တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) ရုံးခန်း၊ ပြည်ခရိုင်၊ ပြည်မြို့သို့ တိုင်ကြားနိုင်ကြောင်း၊ လက်ကမ်းစာစောင်များတွင်လည်း ဖုန်းနံပါတ်များ၊ လိပ်စာများ ဖော်ပြထားကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ လူဦးရေ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝေဝေမင်း (ပြည်)**

# ဈေးကွက်နမူနာကောက်ယူခြင်း ပူးပေါင်းဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဩဂုတ် ၁၄ ရက်တွင် ကျိုင်းတုံမြို့မဈေးအတွင်းရှိ ဆေးဝါးအရောင်းဆိုင်များအား ဈေးကွက်နမူနာ ကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ စားသုံးသူရေး ရာဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာနနှင့် ဈေးကော်မတီအဖွဲ့ဝင်များ ပူးပေါင်းပါဝင်ခဲ့သည်။

ဈေးကွက်နမူနာကောက်ယူရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ကျိုင်းတုံခရိုင်တာဝန်ခံနှင့်အဖွဲ့က ဦးစီးဌာနမှ နမူနာကောက်ယူရန် ညွှန်ကြားထားသော ဆေးဝါးများ အားဝယ်ယူ၍ မိမိတို့ဌာနက ထုတ်ပြန်ထားသော ဆေးဝါးအတုအား ရောင်းချခြင်းမရှိစေရန် ဆေးဝါးအစစ်နမူနာနှင့် နှိုင်းယှဉ်ရှင်းပြပြီး အသိပညာပေးခဲ့သည်။ ဆက်လက်၍ စားသုံးသူရေးရာ ဦးစီးဌာနမှ ဝန်ထမ်းများက စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် သက်တမ်းလွန်ဆေးဝါးများ ရောင်းချမှုမရှိစေရေးနှင့် သက်ဆိုင်ဌာန၏ ထောက်ခံချက်ပါရှိသော ဆေးဝါးများကို ရွေးချယ်ရောင်းချကြရန် အကြံပြုဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

**ရန်နောင် (ကျိုင်းတုံ)**



# လာလီဂါပြိုင်ပွဲမစတင်မီ နည်းပြ ဇီဒန်းအပေါ် ဝေဖန်မှုများထွက်ပေါ်

ရီးရဲလ်မက်ဒရစ်အသင်း နည်းပြ ဇီဒန်းသည် ယခု နွေရာသီ အပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားသစ် ခေါ်ယူမှုအတွက် ယူရိုသန်း ၃၀၀ ကျော်အထိ အသုံးပြုထားသည်။ ဇီဒန်းခေါ်ယူထားသည့် ကစားသမားများထဲတွင် ဟာဇက်၊ လူကာဂျိုဗစ်နှင့် ဖာလန်မန်ဒီတို့ကဲ့သို့ ထိပ်တန်း ကစားသမားများ ပါဝင်နေသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ထိုကဲ့သို့ ထိပ်တန်းကစားသမားများကို ခေါ်ယူထားသော်လည်း ရာသီအကြို ခြေစမ်းပွဲများ ကစားခဲ့ရာတွင် ရလဒ်မကောင်းခဲ့ခြင်းကို အသင်းပရိသတ်များက စတင်ဝေဖန်ခဲ့သည်။ ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ရာသီအကြို ခြေစမ်းပွဲ ခုနစ်ပွဲ ကစားခဲ့ရာတွင် ဖီနာဘာချီနှင့် ဆဲလ်ဘတ်အသင်းတို့ကိုသာ အနိုင်ရခဲ့ပြီး ဘိုင်ယန်မြူးနစ်၊ အက်သလက်တီကိုနှင့် စပါးအသင်းတို့ကို ရှုံးနိမ့်ခဲ့သည်။ ထို့အပြင် ရီးရဲလ်မက်ဒရစ်အသင်းသည် အာဆင်နယ်နှင့် ရိုးမားအသင်းတို့ကို သရေသာ ကစားနိုင်ခဲ့ခြင်းကြောင့် ပရိသတ်များ၏ ဝေဖန်မှုကိုခံခဲ့ရခြင်းဖြစ်သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်း၏ ရှေ့၊ လယ်၊ နောက်နေရာစုံတွင် ထိပ်တန်းကစားသမား များပြားနေခြင်းကို နည်းပြ ဇီဒန်းအနေဖြင့် မည်ကဲ့သို့ ကိုင်တွယ်မည်နည်းဆိုသည်ကိုလည်း ပရိသတ်များက မေးခွန်းထုတ်နေကြသည်။

ရီးရဲလ်မက်ဒရစ်အသင်း၏ ဂိုးသမားနေရာတွင် နာဗစ်နှင့် ကော်တွိုက်စ်တို့ရှိနေရာ ၎င်းဂိုးသမားနှစ်ဦးစလုံးက ကမ္ဘာ့အဆင့်မီ ဂိုးသမားများ ဖြစ်နေသည်။ နောက်တန်း ခံစစ်ကစားသမားများကို ကြည့်မည်ဆိုလျှင်လည်း ရာမို့စ်၊ ကာဗာဂျယ်၊ နာချို၊ ဗာရန်း၊ မာဆယ်လို၊ မီလီတာအိုနှင့် မန်ဒီတို့ ရှိနေသည်။ ယင်း ကစားသမားများကို နည်းပြ ဇီဒန်းအနေဖြင့် အလှည့်ကျ အသုံးပြုရန်ရှိနေသည်။

ရီးရဲလ်မက်ဒရစ်အသင်း၏ ကွင်းလယ်ပိုင်းတွင်လည်း လူကာမိုဒရစ်၊ တိုနီကရုစ်၊ ကာဆီမီရို၊ ဗယ်လ်ဗာဒီ၊ ရိုဒရီဂွက်ဇ်၊ ဗတ်စ်ကွက်ခ် စသည့် ကစားသမားများ ရှိနေသည်။ ရီးရဲလ်မက်ဒရစ်အသင်း၏ တိုက်စစ်ပိုင်းကို ကြည့်မည်ဆိုလျှင် ဟာဇက်၊ ဂါရက်ဘေးလ်နှင့် ဘန်ဇီမာတို့ အပါအဝင်တိုက်စစ်ကစားသမား ကိုးဦးအထိ ရှိနေသည်။ အဆိုပါကစားသမားများကို နည်းပြ ဇီဒန်း အနေဖြင့် မည်သည့် ကစားကွက် အခင်းအကျင်းဖြင့် ခရီးဆက်မည်ကို ပရိသတ်များက စိတ်ဝင်စားနေကြသည်။

ရာသီအကြို ခြေစမ်းပွဲများတွင် နည်းပြ ဇီဒန်းသည် ၄-၃-၃၊ ၄-၄-၂ နှင့် ၃-၅-၂ ကစားကွက်တို့ကို စမ်းသပ်အသုံးပြုခဲ့သည်။

သို့သော် ဇီဒန်းသည် လာလီဂါ ပြိုင်ပွဲများတွင် သူကျွမ်းကျင်သည့် ၄-၃-၃ ကစားကွက်ကိုသာ အသုံးပြုလာဖွယ် ရှိနေသည်။

ဟန်နေသစ် စုစည်းသည်



## ဘာစီလိုနာ အနေဖြင့် နေမာကို ခေါ်ယူလိုပါက ကော်တင်ဟိုနှင့် ဒမ်ဘီလီကို အလိုက်ပေးရမည်

ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအသင်းမှ ဘရာဇီးတိုက်စစ်မှူး နေမာကို ခေါ်ယူနိုင်ရန် လက်လျှော့ခြင်းမရှိသေးဘဲ ထပ်မံကြိုးပမ်းနေမှုများ ရှိနေသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ပီအက်စ်ဂျီအသင်းကလည်း နေမာကို ရောင်းထုတ်သွားရန် ဆန္ဒရှိနေသလို အသင်း ပရိသတ်များကလည်း နေမာကို လုံးဝ လက်မခံနိုင်တော့ကြောင်း ပြင်သစ်လီဂူးဝမ်း ရာသီအဖွင့် ပွဲစဉ်တွင် 'နေမာထွက်သွား'ဟူသည့် ဆိုင်းဘုတ်များကိုင်ဆောင်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဘာစီလိုနာအသင်းက နေမာကို ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေးအပြင် အသင်းရှိ ကွင်းလယ်ကစားသမား ကော်တင်ဟိုကိုပါ အလိုက်ပေးပြီး ခေါ်ယူရန် ကမ်းလှမ်းလာခဲ့သည်။ သို့သော် ပီအက်စ်ဂျီအသင်းက ကော်တင်ဟိုအပြင် နောက်ထပ် လူငယ်တိုက်စစ်ကစားသမား တစ်ဦးဖြစ်သည့် ဒမ်ဘီလီကိုပါ အလိုက်ပေးရန် တောင်းဆိုလာခဲ့ခြင်းဖြစ်သည်။

၂၀၁၉-၂၀၂၀ ဘောလုံးရာသီ အင်္ဂလန် ပရီးမီးယားလိဂ်၏ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာ ဩဂုတ် ၈ ရက်ကပင် ပိတ်သိမ်းခဲ့ပြီဖြစ်သော်လည်း စပိန်လာလီဂါ၊ ဂျာမန်ဘွန်ဒက်စ်လီဂါနှင့် ပြင်သစ်လီဂူးဝမ်းတို့၏ အပြောင်းအရွှေ့ ဈေးကွက်မှာ စက်တင်ဘာ ၂ ရက်မှသာ ပိတ်သိမ်းမည်ဖြစ်သည်။ ထို့ကြောင့် ဘာစီလိုနာ၊ ပီအက်စ်ဂျီနှင့် နေမာတို့၏ အပြောင်းအရွှေ့ ဇာတ်လမ်းမှာ ဆက်လက်စောင့်ကြည့်ရဖွယ်ရှိနေသည်။

## ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံးဆု ဩဂုတ် ၂၉ ရက်တွင် ကြေညာမည်



ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးကစားသမားဆုကို လာမည့် ဩဂုတ် ၂၉ ရက်တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ မဲခွဲမှုကို ဩဂုတ် ၂၉ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါ မဲခွဲမှုအပြီးတွင် ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးကစားသမားဆုကိုလည်း ကြေညာသွားမည်ဖြစ်သည်။ ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးကစားသမားဆု ဆန်ခါတင် သုံးဦးစာရင်း ပေါ်ထွက်လာပြီဖြစ်ရာ ၎င်းကစားသမား သုံးဦးမှာ မက်ဆီ(ဘာစီလိုနာ၊ အာဂျင်တီးနား)၊ စီရိုနယ်ဒို( ဂျူဗင်တပ်၊ ပေါ်တူဂီ)နှင့် ဗန်ဒက်(လီဗာပူး၊ နယ်သာလန်) တို့ဖြစ်သည်။

ယူအီးအက်ဖ်အေ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးကစားသမားဆု ဆန်ခါတင် ၁၀ ဦးစာရင်းတွင် အလစ်ဆင်(လီဗာပူး၊ ဘရာဇီး)၊ မာနေး(လီဗာပူး၊ ဆီနီဂေါ)၊ မိုဟာမက်ဆာလက်ချ်(လီဗာပူး၊ အီဂျစ်)၊ ဟာဇက်(ချယ်လ်ဆီးမှ ရီးရဲလ်မက်ဒရစ်၊ ဘယ်လ်ဂျီယံ)၊ ဒီလိုက်(အေဂျက်မှ ဂျူဗင်တပ်၊ နယ်သာလန်)၊ ဒီဂျောင်(အေဂျက်မှ ဘာစီလိုနာ၊ နယ်သာလန်)၊ စတာလင်း (မန်စီးတီး၊ အင်္ဂလန်) စသည့်ကစားသမားများ ပါဝင်ခဲ့သော်လည်း နောက်ဆုံးဆန်ခါတင် သုံးဦးတွင် မက်ဆီ၊ စီရိုနယ်ဒိုနှင့် ဗန်ဒိုက်တို့သာ ကျန်ခဲ့ခြင်းဖြစ်သည်။



## ဘာစီလိုနာအသင်း၏ ရာသီအစပွဲစဉ်များကို မက်ဆီ လွဲချော်မည်

ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး မက်ဆီသည် ရာသီအကြိုခြေစမ်းပွဲများအပြီး အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ခြေသလုံးကြွက်သားဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် အသင်း၏ ရာသီအစပွဲစဉ်များကို လွဲချော်ရတော့မည်ဖြစ်ကြောင်း နည်းပြ ဗယ်လ်ဗာဒီက ထုတ်ဖော်ပြောဆိုလိုက်သည်။ မက်ဆီသည် ယင်းဒဏ်ရာကြောင့် စပိန်လာလီဂါ ရာသီအဖွင့်ပွဲစဉ်ဖြစ်သည့် ဘီဘာအိုအသင်းနှင့် ကစားခဲ့သည့် အဝေးကွင်းပွဲစဉ်ကို လွဲချော်ခဲ့ရသလို ရာသီအစပွဲစဉ်တချို့ကိုလည်း ထပ်မံလွဲချော်ရဦးမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

'မက်ဆီ ဘယ်လောက်နားရမလဲဆိုတာ အတိအကျပြောလို့ မရသေးဘူး။ အသင်းဆရာဝန်ကတော့ အနည်းဆုံး နှစ်ပတ်ကနေ သုံးပတ်အထိ နားရမယ်လို့တော့ ပြောထားပါတယ်။ သူ့အနေနဲ့ တစ်ပတ်၊ ၁၀ ရက်လောက် နားပြီးရင်တော့ အပေါ့စားလေ့ကျင့်ရေးတွေ စလုပ်တော့မှာပါ။ အိုဆာဆူနာ ဒါမှမဟုတ် ဗလန်စီယာအသင်းနဲ့ ပွဲစဉ်မှာ ပြန်လည်ပါဝင်လာနိုင်ဖို့ ရှိနေပါတယ်'ဟု ဘာစီလိုနာအသင်းနည်းပြ ဗယ်လ်ဗာဒီက ပြောဆိုသည်။

မက်ဆီက 'တကယ်တော့ ကျွန်တော့်ဒဏ်ရာက မပြင်းထန်ပါဘူး။ ဆရာဝန်ကတော့ စိတ်ချရတဲ့အနေအထားအထိရောက်အောင် နားခိုင်းတာပါ။ တစ်ပတ်အတွင်း ကျွန်တော် လေ့ကျင့်ခန်း ပြန်ဆင်းမှာပါ။ ရာသီအစမှာ ကြံ့ခိုင်မှုအပြည့်နဲ့ ပါဝင်နိုင်ဖို့ အားခဲထားမယ့် တချို့ပွဲစဉ်တွေကို ကျွန်တော်လွဲချော်ရပါတော့မယ်။ အသင်းအတွက် စိတ်မကောင်းဖြစ်ရပေမယ့် အမြန်ဆုံး ပြန်ကစားနိုင်အောင်တော့ ကြိုးစားသွားမှာပါ'ဟု ပြောခဲ့သည်။

ဘာစီလိုနာအသင်းသည် စပိန်လာလီဂါပွဲစဉ် အစပိုင်းတွင် အသင်းကြီးများဖြင့် ထိပ်တိုက်တွေ့ဆုံခြင်းမရှိဘဲ ပွဲစဉ်(၁၀) ရောက်မှသာ ရီးရဲလ်မက်ဒရစ်အသင်းနှင့် အိမ်ကွင်းတွင် ကစားရမည်ဖြစ်သည်။

# ကုန်သွယ်ရေးစစ်ပွဲဖြစ်ပေါ်နေချိန်၌ တစ်ဖက်သတ်လုပ်ဆောင်မှုနှင့် ကိုယ်ကျိုးစီးပွား ကာကွယ်မှုများကို လက်တွဲဆန့်ကျင်ရန် အိန္ဒိယကို တရုတ် တိုက်တွန်း

နှစ်နိုင်ငံကုန်သွယ်ရေး အချိုးညီမျှတမှုမရှိသည့်အပေါ် နည်းလမ်းသစ်များ ရှာဖွေညှိနှိုင်းဆောင်ရွက်ရန် တရုတ်နိုင်ငံက ဆန္ဒရှိကြောင်း ပြောကြားခြင်းနှင့်အတူ တစ်ဖက်သတ်လုပ်ဆောင်မှုနှင့်ကိုယ်ကျိုးစီးပွား ကာကွယ်လုပ်ဆောင်နေမှုများကို အိန္ဒိယနိုင်ငံအနေဖြင့် ပူးပေါင်းဆန့်ကျင်တိုက်ဖျက်ရန် နယူးဒေလီမြို့သို့ အသစ်ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် တရုတ်သံအမတ်ကြီး Mr. Sun Weidong က ဇူလိုင် ၁၉ ရက်တွင် ပီကင်းမြို့၌ သတင်းဌာနများနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားလိုက်သည်။

တရုတ်နိုင်ငံ စာရင်းများအရ ယခင်နှစ်က အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၅ ဘီလီယံခန့်ရှိရာတွင် အိန္ဒိယဘက်မှ ကုန်သွယ်မှုလိုငွေ ဒေါ်လာ ၅၇ ဘီလီယံခန့် ဖြစ်ပေါ်လျက်ရှိရာ ၎င်းအခြေအနေကို ကုစားနိုင်ရန်အတွက် တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ ဆေးနှင့် ဆေးပစ္စည်းဈေးကွက်ကို တံခါးဖွင့်ပေးရန် အိန္ဒိယနိုင်ငံမှ ဆေးပစ္စည်းတင်ပို့သူများက အစဉ်တစိုက် တောင်းဆိုခဲ့ကြသည်။

တရုတ်သံအမတ်ကြီး Mr. Sun Weidong က ၎င်းတို့အနေဖြင့် ကုန်သွယ်ရေးမညီမျှမှုအပေါ် အိန္ဒိယ၏ စိုးရိမ်သောကမကင်းဖြစ်ရမှုကို အထူးအလေးထားကြောင်း၊ သို့ရာတွင် တရုတ်နိုင်ငံသည် အိန္ဒိယနှင့် ကုန်သွယ်မှုပြုရာ၌ ပိုငွေဖြစ်ပေါ်စေရန် မည်သည့်အခါကမျှ ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခဲ့ခြင်းမျိုးမရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ဆန်နှင့် သကြားတင်သွင်းမှုကို တိုးမြှင့်ရန် အစီအမံများလုပ်ဆောင်လျက်ရှိသကဲ့သို့ အိန္ဒိယနိုင်ငံမှ ထွက်ရှိသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ဆေးပစ္စည်းများကို တင်သွင်းခွင့်ပြုနိုင်ရေး လေ့လာသုံးသပ်မှုနှင့် အတည်ပြုချက် ထုတ်ပြန်မှု လုပ်ငန်းစဉ်များကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ပထမခြောက်လအတွင်း တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာ၌ အိန္ဒိယနိုင်ငံ၏ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုမှာ ၅ ရာခိုင်နှုန်းလျော့ကျခဲ့သည်ကို စာရင်းဇယားများအရ တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ အတူတကွပူးပေါင်းဆောင်ရွက်ပါက ကုန်သွယ်မှုပမာဏ မညီမျှသည့် ကိစ္စရပ်အား ဖြည်းညင်းစွာ ကိုင်တွယ် ဖြေရှင်းသွားနိုင်မည်ဟု ယုံကြည်ကြောင်း ပြောဆိုသည်။

တရုတ်နိုင်ငံ၏ အမေရိကန်နိုင်ငံနှင့် ကုန်သွယ်ရေးစစ်ခင်းနေရသည့် အခြေအနေနှင့် အိန္ဒိယနှင့် အမေရိကန်တို့အကြား ကုန်သွယ်ရေးဆိုင်ရာ မပြေလည်မှုတို့ကို တိုက်ရိုက်ရည်ညွှန်းခြင်း မရှိသော်လည်း ၎င်းတို့ အိမ်နီးချင်းနှစ်နိုင်ငံ အနေဖြင့် ယခင်ကကြုံတွေ့ဖူးခြင်း မရှိသော စိန်ခေါ်မှုများကို ရင်ဆိုင်လာရပြီဖြစ်ကြောင်း၊ တစ်ဖက်သတ်ရှေးရှုဆောင်ရွက်မှု (unilate ralism)နှင့် ကိုယ်ကျိုးစီးပွား ကာကွယ်လုပ်ဆောင်မှု (protectionism) တို့မှ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးတိုးတက်မှုနှင့် တည်ငြိမ်မှုအပေါ် အကျိုးသက်ရောက်ထိခိုက်ခြင်းအား ကြုံတွေ့လာရကြောင်း၊ သို့ဖြစ်ရာ တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံအနေဖြင့် နိုင်ငံစုံ ရှေးရှုဆောင်ရွက်မှုနှင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုတို့ကို ပြတ်သားစွာ ကာကွယ်လျက် Unilateralism နှင့် Protectionism မူဝါဒ ဖော်ဆောင်လုပ်ကိုင်မှုများကို ရင်ဆိုင်ဆန့်ကျင်ရန် လိုအပ်မည်ဖြစ်ကြောင်း ဖြင့်လည်း Mr. Sun က ပြောကြားသည်။

တစ်ဆက်တည်းမှာပင် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာစသည့် တောင်အာရှနိုင်ငံများ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ ကြီးမားစွာ လုပ်ကိုင်ဆောင်ရွက်မှုအပေါ် အိန္ဒိယနိုင်ငံ၏ စိုးရိမ်မကင်းဖြစ်မှုနှင့်စပ်လျဉ်း၍ တရုတ်နိုင်ငံမှ ယခင်က အဆိုပြုထားခဲ့သည် China-India Plusmechanism ခေါ် ဒေသတွင်း အခြေခံ အဆောက်အအုံ တည်ဆောက်ဆက်သွယ်မှု မြှင့်တင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နည်းလမ်းကို ထူထောင်လုပ်ဆောင်ရန်လည်း တိုက်တွန်းပြောဆိုခဲ့သည်။

**နေအေးလွင်**
**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

## စီးပွားရေးပြန်လည်ကောင်းမွန်စေမည့် ထိုင်းအစိုးရ၏ခြေလှမ်းသစ်များ

အမေရိကန်-တရုတ်ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုကြောင့် ထိုင်းစီးပွားရေးနှေးကွေးမှုမှ တားဆီးကာကွယ်ရန် ထိုင်းအစိုးရ၏ အဓိကစီးပွားရေးနှင့် သက်ဆိုင်သောဌာနနှစ်ခုမှ ထိရောက်သော အစီအမံများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းဗဟိုဘဏ်က လေးနှစ်တာကာလအတွင်း လက်ရှိအတိုးနှုန်းကိုအခြေခံနှုန်း သုည ဒသမ ၂၅ ရာခိုင်နှုန်း လျှော့ချလိုက်စဉ်မှာပင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အစိုးရဌာနများကို ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းများအတွက် ဘတ်ငွေဘီလီယံ ၁၃၀ ထပ်မံဖြည့်သွင်း အားဖြည့်ပေးမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဘဏ္ဍာရေးဝန်ကြီးUttamaSavanaya က အစိုးရစီးပွားရေးဆိုင်ရာ မူဝါဒရုံး State Enterprise policy Office (SEPO) အား အစိုးရ၏ စီးပွားရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအား ယခုနှစ်အကုန်တွင် လျာထားသတ်မှတ်ချက်အတိုင်း ပြီးစီးစေရေးအတွက် နောက်ထပ် ဘဏ္ဍာငွေဘတ်ဘီလီယံ ၁၃၀ အား အမြန်ဆုံး ခွဲဝေချထားပေးရန် ပြောကြားခဲ့သည်။

အလားတူဗဟိုဘဏ်အနေဖြင့်လည်း စီးပွားရေးကို ပြန်လည် မြှင့်တင်အားကောင်းလာစေရန် အခြားအဓိက ဗဟိုဘဏ်များကဲ့သို့ ၎င်း၏ အတိုးနှုန်းကို ရုတ်




တရက်လျှော့ချခဲ့သည်။ ငွေကြေးမူဝါဒ ကော်မတီအနေဖြင့် လွန်ခဲ့သောနှစ်ဒီဇင်ဘာလ အတိုးနှုန်းမတက်မီ နှုန်းထားဖြင့် နှိုင်းယှဉ်ကာကော်မတီအတွင်း ၅-၂ ဆန္ဒမဲဖြင့် အတိုးနှုန်းကို လက်ရှိ ၁ ဒသမ ၇၅ ရာခိုင်နှုန်းမှ ၁ ဒသမ ၅ ရာခိုင်နှုန်း လျှော့ချခဲ့သည်။

ကော်မတီအနေဖြင့် ထိုင်းစီးပွားရေးကို အရင်ကထက် တဖြည်းဖြည်းတိုးတက်စေဖို့ ဆုံးဖြတ်ခဲ့ကြောင်း၊ အကြောင်းမှာပြည်ပပို့ကုန်တင်ပို့မှုကျဆင်းခြင်းက ပြည်တွင်းဝယ်လိုအားကိုလည်း ထိခိုက်စေခဲ့ခြင်းကြောင့် ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီး SaksayamChidchob က မစ္စတာဆုန်ကစ်အနေဖြင့် အစိုးရဌာနများအား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ပျက်ကွက်သည့် ဘတ်ဂျက်ငွေများအား ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြန်လည်သိမ်းယူမည်ဖြစ်ကြောင်းနှင့် အစိုးရဘဏ်တိုက်သို့ ပြန်လည်ပေးသွင်းသွားရန် ရာဇသံပေးခဲ့ကြောင်း ပြောကြားခဲ့သည်။

SEPO ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Charnwit Nakburi က ယခုနှစ်အတွင်းအစိုးရ စီးပွားရေးဌာန ၄၅ ခု၏ ရင်းနှီးမြှုပ်နှံမှုမှာ ဘတ်ငွေ ၃၂၉ ဘီလီယံ ရှိလာမည်ဖြစ်ကြောင်း၊ ၎င်းတို့အနက် အချို့သော ဘတ်ငွေ ၁၂၉ ဘီလီယံ (သို့မဟုတ်) ၈၇ ရာခိုင်နှုန်း မှာ ယမန်နှစ် အောက်တိုဘာလမှ ယခုနှစ် ဇွန်လအတွင်း သုံးစွဲခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး Jurin Laksanavisit က အစိုးရပုဂ္ဂလိကနှင့် ဆီအုန်းစိုက်ပျိုးသူများ တွေ့ဆုံသည့် အစည်းအဝေးတွင် အိမ်ထောင်တစ်စုလျှင် အမြင့်ဆုံး 25 rai ဖြင့် ဆီအုန်း သီးတစ်ကီလိုဂရမ်လျှင် လေးဘတ်ဖြင့် အာမခံဈေးနှုန်းသတ်မှတ်ချက်အား သဘောတူခဲ့ကြကြောင်း ပြောကြားခဲ့သည်။

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

## တောင်ကိုရီးယားသို့ တင်ပို့ရန် ပိတ်ပင်ထားသည့် ဓာတုပစ္စည်းသုံးမျိုးအနက် တစ်မျိုးကို ဂျပန်တင်ပို့ခွင့်ပြု

ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကန့်သတ်ထားသည့် ဆီမီးကွန်ဒတ်တာ ထုတ်လုပ်မှုတွင်အသုံးပြုသော ထုတ်ကုန်သုံးမျိုးအနက် တစ်မျိုးကို တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ခွင့်ပြုကြောင်း ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။ စောင့်ကြည့်လေ့လာသူများက အဆိုပါဆောင်ရွက်ချက်အပေါ် ဂျပန်နိုင်ငံအစိုးရအနေဖြင့် အိမ်နီးချင်း တောင်ကိုရီးယားနိုင်ငံအပေါ် ဓာတုပစ္စည်း သုံးမျိုးတင်ပို့ခြင်းမှ ကန့်သတ်လိုက်သည့် ကိစ္စနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းက ပြင်းထန်ဆိုးရွားသည့် ဒဏ်ခတ်မှုသဖွယ်ရှုမြင်နေခြင်းမှ လျော့ကျစေရန် ချွေးသိပ်ဆောင်ရွက်မှုတစ်ခုအဖြစ် သုံးသပ်ကြသည်။

ဇူလိုင် ၄ ရက်ကတည်းက ဂျပန်နိုင်ငံအစိုးရအနေဖြင့် အိမ်နီးချင်း တောင်ကိုရီးယားနိုင်ငံအပေါ် ပို့ကုန်နှင့်ပတ်သက်သည့် တင်းကျပ်သည့် စည်းမျဉ်းများချမှတ်ပြီး နှစ်နိုင်ငံ အကြားတင်းမာနေသည့် အခြေအနေတွင် ပထမဆုံးသော ဖြေလျှော့ဆောင်ရွက်မှုပင် ဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရက အဆိုပါ ထုတ်ကုန်နှင့်ပတ်သက်၍ စစ်ဆေးပြီးသည့်နောက် စစ်ရေးအသုံးချမှုနှင့် မသက်ဆိုင်ကြောင်း တွေ့ရှိရသဖြင့် ဖြေလျှော့ခွင့်ပြုလိုက်ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါထုတ်ကုန်သည် “resist” ဟုခေါ်သည့် sensitized material အမျိုးအစားဖြစ်ပြီး ဆီမီးကွန်ဒတ်တာများအတွက် အသုံးပြုခြင်းဖြစ်ပြီး လက်ရှိတွင် ဂျပန်နိုင်ငံမှ ထုတ်လုပ်သူများကို တင်ပို့ခွင့်ပြုလိုက်ကြောင်း သိရသည်။

အစိုးရအဖွဲ့အကြီးအကဲဖြစ်သူ Yoshihide Suga က ယခုဆောင်ရွက်ချက်သည် ဂျပန်အနေဖြင့် ကုန်သွယ် ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို နိုင်ငံရေးကစားကွက်အနေဖြင့် ဆောင်ရွက်ခြင်းမဟုတ်ကြောင်းဆိုသည်။ ၎င်းတို့ အနေဖြင့်မျှတသည့် ကုန်သွယ်ရေးအတွက် ပို့ကုန်ပိုင်းခွင့်ပြုချက်ကို အနုညာတစီရင်ဆုံးဖြတ်ခြင်းမပါဘဲ ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဩဂုတ် ၈ ရက်က ကျင်းပခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေးအပြီးကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဇူလိုင် ၄ ရက်က အဆိုပါဓာတု ပစ္စည်းသုံးမျိုးအပေါ် တင်ပို့ခွင့်တားမြစ်မှုမထုတ်ပြန်မီကပင် ဂျပန်နိုင်ငံအစိုးရက ယင်းကုန်ပစ္စည်းတင်ပို့နေသည့် ကုမ္ပဏီအသီးသီးကို တစ်စုံတစ်ခုသော အချိန်ကာလအတွက်သာ တင်ပို့ခွင့် ပြုခဲ့ခြင်းဖြစ်သည်ဟုသိရသည်။ ထိုအချိန်ကတည်းကပင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ယင်းဓာတုပစ္စည်းသုံးမျိုးအပေါ် စစ်ဆေးမှုများပြုလုပ်နေခဲ့ပြီး တောင်ကိုရီးယားနိုင်ငံသို့ အချို့သော ပို့ကုန်များတင်ပို့ခြင်းသည် မသင့်လျော်ကြောင်း ကောက်ချက်ချခဲ့သည်။

ဩဂုတ် ၇ ရက်တွင် ဂျပန်နိုင်ငံ အစိုးရသည် တောင်ကိုရီးယားနိုင်ငံအား ယုံကြည်စိတ်ချရသည့် ကုန်သွယ်ရေး မိတ်ဖက်နိုင်ငံအဆင့်မှ ဖယ်ရှားရန် အမိန့်ထုတ်ပြန်ခဲ့ပြီး ထိုအမိန့်သည် ဩဂုတ် ၂၈ ရက်တွင် စတင်သက်ဝင်မည်ဖြစ်ကာ အစိုးရအနေဖြင့် ပို့ကုန်တစ်ခုချင်းစီအပေါ် စစ်ရေးကဏ္ဍအတွက် အသုံးချခြင်းဟုတ်မဟုတ်ကို စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

Reference: The Asahi Shimbun (August 8, 2019)

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့**

# ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံအကြား ကုန်သွယ်ရေးအငြင်းပွားမှုအခြေအနေ



ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံတို့အကြား ဖြစ်ပွားနေသည့် ကုန်သွယ်ရေးအငြင်းပွားမှုသည် ကမ္ဘာတစ်ဝန်းရှိ စမတ်ဖုန်းများ၊ ကွန်ပျူတာများနှင့် အခြားသော လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေမည့်အသွင်ကို ဆောင်နေသည်။ မကြာသေးမီကာလအတွင်းက နှစ်နိုင်ငံအကြားတင်းမာမှုများ၊ ရာဇဝင်တွင် အမြစ်စွဲနေခဲ့ကြသည့် သဘောထားကွဲလွဲမှုများသည် ဆက်ဆံရေးအခြေအနေကို အဓိကအဟန့်အတားဖြစ်စေသည့် အချက်များဖြစ်ကြသည်။

ပြီးခဲ့သည့် ဇူလိုင်လက ဂျပန်နိုင်ငံက တောင်ကိုရီးယားနိုင်ငံရှိ နည်းပညာကုမ္ပဏီများအတွက် ဆီမီးကွန်ဒတ်တာများနှင့် စမတ်ဖုန်းမျက်နှာပြင်များ ထုတ်လုပ်ရာတွင် အဓိကလိုအပ်သည့် ဓာတုပစ္စည်းများနှင့် အခြားသော ကုန်ကြမ်းပစ္စည်းများတင်ပို့ခြင်းတွင် ကန့်သတ်ချက်များ ပြုလုပ်ခဲ့သည်။ ဂျပန်ဘက်ကမူ ၎င်းကုန်ကြမ်းပစ္စည်းများကို မြောက်ကိုရီးယားဘက်သို့ လက်နက်များထုတ်လုပ်ရန် ပို့ဆောင်နေသည်ဟု အခိုင်အမာပြောဆိုခဲ့သည်။

ဂျပန်နိုင်ငံသည် ပြီးခဲ့သည့် ဩဂုတ် ၂ ရက်တွင် ပိုမိုတင်းကျပ်သော စည်းမျဉ်းကန့်သတ်မှုများ ချမှတ်ခဲ့ပြီး ဂျပန်ကုမ္ပဏီများမှ တောင်ကိုရီးယားဝယ်လက်မိတ်ဖက်များကို အဆိုပါဓာတုပစ္စည်းများ လွယ်လင့်တကူ တင်ပို့ရောင်းချခြင်းမပြုနိုင်စေရန် တောင်ကိုရီးယားနိုင်ငံကို စိတ်ချယုံကြည်ရသည့် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံစာရင်းမှ ဖယ်ရှားမည်ဟု ကြေညာခဲ့သည်။

ဂျပန်နိုင်ငံသည် Fluorinated polyimides၊ photoresists နှင့် hydrogen fluoride ဟူသည့် ဓာတုကုန်ကြမ်းပစ္စည်းသုံးမျိုးကို ကမ္ဘာပေါ်တွင် အများဆုံးနီးပါး ထုတ်လုပ်နေပြီး တောင်ကိုရီးယားနိုင်ငံရှိ နည်းပညာကုမ္ပဏီကြီးများဖြစ်ကြသည့် Samsung၊ LG နှင့် SK Hynix တို့က ယင်းကုန်ကြမ်းများအပေါ် အဓိကမှီခိုအားထားနေရသည်။ ယခုအခါ ဂျပန်မှပို့ကုန်တင်ပို့သူများသည် တောင်ကိုရီးယားနိုင်ငံသို့ အဆိုပါကုန်ကြမ်းများ တင်ပို့နိုင်ရေး ခွင့်ပြုချက်တောင်းခံရမည်ဖြစ်ပြီး ထိုလုပ်ငန်းစဉ်သည် ရက်ပေါင်း ၉၀ ခန့်ကြာမြင့်မည်ဖြစ်သည်။

ကျွမ်းကျင်သူများ၏ ခန့်မှန်းချက်အရ အဆိုပါဂျပန်ကုမ္ပဏီများအနေဖြင့် ထိုကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုမှာ တစ်လမှသုံးလခန့်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးအငြင်းပွားမှုကြာရှည်မည်ဆိုပါက ကမ္ဘာ့ဆီမီးကွန်ဒတ်တာများ ထုတ်လုပ်မှု၏တစ်ဝက်ကျော်နှင့် ကမ္ဘာ့စမတ်ဖုန်းမျက်နှာပြင်ထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်နေသည့် တောင်ကိုရီးယားကုမ္ပဏီများ အခက်အခဲဖြစ်မည့်အတွက် ကမ္ဘာ့နည်းပညာလုပ်ငန်းနယ်ပယ်အနေဖြင့် ထိခိုက်လာနိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် တိတိပပလက်တုံ့ပြန်မှုမျိုး မဆောင်ရွက်သေးသော်လည်း သမ္မတမွန်းဂျေအင်းက နှစ်နိုင်ငံအကြား ကုန်သွယ်ရေးအငြင်းပွားမှုရှည်ကြာနိုင်ခြင်းကြောင့် နည်းပညာကုမ္ပဏီများအား ဂျပန်ဘက်က ကန့်သတ်ထားသည့် ကုန်ပစ္စည်းများကို ပိုမိုထုတ်လုပ်ကြရန် တိုက်တွန်းထားသည်။ တောင်ကိုရီးယားနိုင်ငံသားများက အဝတ်အထည်နှင့် ဘီယာများအပါအဝင် ဂျပန်နိုင်ငံထွက်ကုန်ပစ္စည်းများကို သုံးစွဲခြင်းမပြုကြရန် ကန့်ကွက်သပိတ်မှောက်ကြကြောင်းသိရသည်။

ယင်းကိစ္စကြောင့် ပစိဖိတ်ဒေသအတွင်း ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့အကြား လုံခြုံရေးပူးပေါင်းဆောင်ရွက်နေမှုကို အဟန့်အတားသဖွယ်ဖြစ်လာမည်ကိုလည်း စိုးရိမ်နေကြသည်။ ပြီးခဲ့သည့် သီတင်းပတ်က တောင်ကိုရီးယားအစိုးရအရာရှိများက သတင်းအချက်အလက်ဖလှယ်ရေးသဘောတူညီချက်ကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်ခဲ့ပြီး ဂျပန်အစိုးရအရာရှိများကမူ ယင်းကိစ္စမှာ မြောက်ကိုရီးယားနှင့်အဓိကသက်ဆိုင်နေသည်ဟု ဆိုသည်။

လက်ရှိ၌ တောင်ကိုရီးယားနိုင်ငံက နိုင်ငံတကာပံ့ပိုးမှုရရှိရန် ကြိုးစားနေပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) သို့လည်း ယခုအငြင်းပွားမှုကိစ္စကို တင်ပြထားပြီးဖြစ်ကာ ၎င်းတို့ဘက်က ထောက်ခံနိုင်ရေး အာဆီယံနိုင်ငံများကိုလည်း ဆွဲဆောင်လျက်ရှိပြီး အခြားနိုင်ငံအနည်းငယ်သာ ထိုအရေးကိစ္စတွင် ပါဝင်ရန်စိတ်အားထက်သန်သည်ကို တွေ့ရသည်။

**Reference: The Council for Foreign Affairs (August 5, 2019)**
**The Japan Times (August 3, 2019)**

**နန္ဒာဝင်း၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ တိုကျိုမြို့**

# ထိုင်းစီးပွားရေးကိုကာကွယ်ရန် လုပ်ငန်းတာဝန်များ ချမှတ်လျက်ရှိ

ဘဏ္ဍာရေးဝန်ကြီး UttamaSavanayana က ကမ္ဘာလုံးဆိုင်ရာ မတည်မငြိမ်ဖြစ်မှုကြားမှ လျော့ပါးသက်သာစေမည့် အစီအမံများ ရှာဖွေဖော်ထုတ် ဆောင်ရွက်ရန် ၎င်း၏ ဝန်ကြီးဌာနကို တိုက်တွန်းခဲ့ကြောင်း သိရှိရသည်။ ဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့စီးပွားရေး ကျဆင်းနေးကွေးမှုမှ ထိုင်းစီးပွားရေးကို မထိခိုက်စေရန် ဖြစ်နိုင်ခြေများကို ရှာဖွေ ဖော်ထုတ်သုံးသပ်ကြရန်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ထိခိုက်မှုလျော့နည်းသက်သာစေမည့် အစီအမံများကို ဆုံးဖြတ်ရမှာဖြစ်ကြောင်း၊ အစိုးရအရာရှိများနှင့် အစည်းအဝေးကြီးတွင် ၎င်းကပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မိမိတို့အနေဖြင့်ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများမှ ကမ္ဘာ့စီးပွားရေး ရိုက်ခတ်မှုများကို ခံနိုင်အောင် ထိန်းသိမ်းထားရမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

ဝန်ကြီးဌာနအနေဖြင့် တိုင်းပြည်၏ စီးပွားရေးကို လှုပ်ရှားတက်ကြွလာအောင် အများပြည်သူနှင့် အစိုးရကဏ္ဍတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်တင်ရန် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထိုင်းစီးပွားရေးဘဏ်နှင့် အလားအလာရှိသောငွေကြေးမူဝါဒဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ပြောကြားခဲ့သည်။

၎င်းကဆက်လက်၍ စီးပွားရေးပြန်လည် လှုပ်ရှားကောင်းမွန်စေမည့် အစီအမံများအနေဖြင့် ဘတ်ဂျက်ရရှိမှုနှင့် ကိုက်ညီသင့်ကြောင်း၊ စီးပွားရေးအခြေအနေပြောင်းလဲရန်အတွက် ဆောင်ရွက်ရမည့် အစီအမံများတစ်ခုပြီး တစ်ခုဆက်တိုက်ထွက်ပေါ်လာမည်ဖြစ်ကြောင်းလည်း သိရှိရသည်။ စီးပွားရေးအနေဖြင့် ပထမလေးလပတ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းသို့ အရှိန်အဟုန်ဖြင့် ကျဆင်းလျက်ရှိကာ လေးနှစ်ကျော်ကာလအတွင်း အဆိုးဆုံးဖြစ်ပါသည်။

Mr.Uttan က ဦးစီးဌာနအသီးသီးအနေဖြင့် နောင်သုံးလအတွင်း ဘာလုပ်သင့်သည် ချမှတ်အစီရင်ခံတင်ပြရန် ပြောကြားခဲ့ကြောင်း၊ ၎င်းတို့၏အစီအစဉ်များမှာ တိုင်းပြည်၏ ယှဉ်ပြိုင်စွမ်းအားနှင့် စီးပွားရေးမြှင့်တင်ရန် ပြတ်ပြတ်သားသားရှိရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို သက်သာစေရန် အများပြည်သူဆိုင်ရာ ကဏ္ဍများတွင် ပုဂ္ဂလိကမှ ရင်းနှီးမြှုပ်နှံလာစေရေး ဆွဲဆောင်ရန် စီးပွားရေးအား ဒစ်ဂျစ်တယ်စီးပွားရေး အသွင်ကူးပြောင်းနိုင်စေရန်၊ ကျေးလက်လူတန်းစားအဖွဲ့အစည်းများအား စုစည်း၍ ပြည်နယ်အများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် လူနေမှုစရိတ်နှင့် လူနေမှုဘဝတိုးတက်စေရေးတို့အတွက် ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ရှိရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး ၎င်းက ဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်ရရှိရေးနှင့်ပတ်သက်၍ Big Data အား အသုံးချရန် လိုအပ်ကြောင်း၊ အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ အားလုံးမျှတမှုရှိစေရန် မွမ်းမံပြင်ဆင်ရန်လိုအပ်ကြောင်း၊ အခွန်ကောက်ခံရှိမှုအား ထိထိရောက်ရောက် ရရှိစေရေးနှင့် e-commerce စီးပွားရေးလုပ်ငန်းများကဲ့သို့သော လုပ်ငန်းများမှ အခွန်စည်းကြပ်ခြင်းကဲ့သို့သော အခွန်ကောက်ခံမှု အသစ်များကို သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်ကြောင်းလည်း ပြောကြားခဲ့သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့။**

# အိန္ဒိယနိုင်ငံ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာငွေလျာထားချက်အရ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှု အထောက်အပံ့တိုးမြှင့်ရရှိမည်

အိန္ဒိယနိုင်ငံ၌ ဇူလိုင် ၅ ရက်က ပြုလုပ်သည့် လွှတ်တော်အစည်းအဝေး၌ ဘဏ္ဍာရေးဝန်ကြီး Ms Nirmala Sitharaman က ၂၀၁၉-၂၀၂၀ ခုနှစ်အတွက် ဘဏ္ဍာရန်ပုံငွေလျာထားမှုကို တင်သွင်းခဲ့ရာတွင် ဒေသတွင်းနိုင်ငံများသို့ ဖွံ့ဖြိုးမှုအကူအညီများပေးအပ်မည့် ရန်ပုံငွေကို ယခင်နှစ်ကထက် ၂၆ ရာခိုင်နှုန်း ပိုမိုသုံးစွဲရန် တိုးမြှင့်လျာထားခဲ့သည်။ အိမ်နီးချင်းနိုင်ငံများအပေါ် အိန္ဒိယ၏ ဩဇာလွှမ်းမိုးမှုကို မြှင့်တင်ရန်ရည်ရွယ်လျက် ရန်ပုံငွေ တိုးမြှင့်ခြင်းဖြစ်ရာ ယခင်နှစ်က ရူပီးငွေ ၆၆၆၇၀ သန်းရှိရာမှ ၂၀၁၉-၂၀ ခုနှစ်၌ ရူပီးငွေ ၈၄၁၅၀ သန်း (ဒေါ်လာ သန်းပေါင်း ၁၂၂၀ ခန့်) အထိ တိုးမြှင့်သုံးစွဲမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပြည်ပဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေတိုးမြှင့်မှုနှင့်အတူ နိုင်ငံအလိုက် သုံးစွဲရန်လျာထားချက်ကိုလည်း ယခင်နှစ်နှင့်မတူဘဲ အိန္ဒိယသမုဒ္ဒရာ ဒေသတွင်းရှိနိုင်ငံများသို့ ပိုမိုခွဲဝေချထားခဲ့သည်။ ပမာဏအများဆုံးအဖြစ် ဘူတန်နိုင်ငံသို့ ပြည်ပဖွံ့ဖြိုးမှုအကူအညီ ရန်ပုံငွေရူပီးသန်းပေါင်း ၂၈၀၂၀ ပေးအပ်မည်ဖြစ်ပြီး မောရစ်သျှနိုင်ငံက ရူပီးငွေသန်း ၁၁၀၀၀ ဖြင့် ဒုတိယအများဆုံးရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှု အကူအညီများ ပေးအပ်ရန် ရူပီးငွေ သန်း ၄၀၀၀ (ဒေါ်လာ ၅၈ သန်းခန့်)ကို သုံးစွဲမည်ဖြစ်ရာ ယခင်နှစ်ထက် ရူပီး သန်း ၃၀၀ ပိုမိုမည်ဖြစ်သည်။ အလားတူ နီပေါ၊ မော်လ်ဒိုက်နှင့် အာဖရိကနိုင်ငံများသည်လည်း အိန္ဒိယ၏ ဖွံ့ဖြိုးမှု အထောက်အပံ့ကို တိုးမြှင့်ရရှိမည်ဖြစ်သည်။

သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံအတွက် လျာထားချက်မှာ ရူပီးငွေသန်း ၄၀၀၀ ဖြစ်ပြီး ယခင်နှစ်အောက် သန်း ၇၀၀ လျော့နည်းကြောင်း သိရှိရသည်။ အိန္ဒိယသမုဒ္ဒရာ ဒေသတွင်းနိုင်ငံများ၌ တရုတ်နိုင်ငံ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး ကတိကဝတ်ပြု တိုးချဲ့လုပ်ဆောင်မှုများအား ယှဉ်ပြိုင်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံအနေဖြင့် အရင်းအမြစ်များ နည်းပါးနေသည့်ကြားမှ ယခုကဲ့သို့ ပြည်ပဖွံ့ဖြိုးမှု အထောက်အပံ့ရန်ပုံငွေ တိုးမြှင့်သုံးစွဲရန် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းဌာနများက သုံးသပ်ဖော်ပြလျက်ရှိသည်။

**နေအေးလွင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# အိန္ဒိယနိုင်ငံ၌ လျှပ်စစ်စွမ်းအင်သုံး နှစ်ဘီးတပ်နှင့် သုံးဘီးတပ်မော်တော်ယာဉ်များ ထုတ်လုပ်ရန် ဆောင်ရွက်မည်

အိန္ဒိယနိုင်ငံ အစိုးရ၏မူဝါဒရေးရာ ညဏ်ကြီးရှင်များအဖွဲ့အစည်း (Policy Think Tank) ဖြစ်သော NITI Aayog ၏ ပဉ္စမအကြိမ် အုပ်ချုပ်မှုကောင်စီ အစည်းအဝေးအား ၁၅-၆-၂၀၁၉ ရက်တွင်ကျင်းပရာ သဘာပတိဉက္ကဋ္ဌအဖြစ် ဝန်ကြီး ချုပ်နာရင်ဒရာမိုဒီ တက်ရောက်ခဲ့သည်။ ၎င်းအစည်းအဝေးတွင် ၂၀၃၀ ပြည့်နှစ်နောက်ပိုင်းတွင် နှစ်ဘီးတပ်နှင့် သုံးဘီးတပ် ယာဉ်ငယ်များအားလုံးအား လျှပ်စစ်ဓာတ်အားသုံးယာဉ်များအဖြစ်သာ ထုတ်လုပ်ရောင်းချရန် အဆိုပြုချက်ကို တင်သွင်းခဲ့ကြသည်။ ယခင်က NITI အဖွဲ့အစည်း၏ အမှုဆောင် အရာရှိချုပ် Amitabh Kant က အင်ဂျင်စွမ်းအား ၁၅၀ စီစီအောက်ရှိသော စက်တပ်ယာဉ်များကို ၂၀၂၅ ခုနှစ်မှစ၍ လျှပ်စစ်ဓာတ်အားသုံးယာဉ်များ (Electric Vehicles) အဖြစ် ပြောင်းလဲထုတ်လုပ်ရောင်းချသင့်ကြောင်း ပြောဆိုခဲ့ရာ ယခုအခါ အစိုးရအဖွဲ့၌ မှတ်တမ်းဝင် တင်ပြချက်ဖြစ်လာသည်။

ကုန်းလမ်းပို့ဆောင်ရေးနှင့် အမြန်လမ်းမကြီးများ ဝန်ကြီးဌာနကလည်း ဒီဇယ်နှင့် ဓာတ်ဆီ လောင်စာသုံး မော်တော်ယာဉ်များ ရောင်းချမှုကို ၂၀၃၀ ခုနှစ်အပြီး တဖြည်းဖြည်းချင်း လျှော့ချလျက် ရပ်ဆိုင်းသွားရေး မူဘောင်တစ်ရပ်ရေးဆွဲ ရန် အဆိုပြုခဲ့ သည်။ NITI Aayog အဖွဲ့အစည်း၏ အဆိုပြုတင်ပြချက်အရ သုံးဘီးမော်တော်ဆိုင်ကယ်များအား ၂၀၂၃ ခုနှစ်မှစ၍ လည်းကောင်း၊ အင်ဂျင်စွမ်းအား ၁၅၀ စီစီအောက် နှစ်ဘီးတပ် ဆိုင်ကယ်များအား ၂၀၂၅ ခုနှစ်၌လည်းကောင်း လျှပ်စစ်စွမ်းအင်သုံး မော်တော်ယာဉ်များအဖြစ်သို့ ထုတ်လုပ်ရောင်းချရေး လမ်းပြမြေပုံချမှတ်ဆောင်ရွက်ရန်ဖြစ်သည်။



မော်တော်ယာဉ်ငယ်များအား မောင်းနှင်မှု စွမ်းအားစနစ်အသစ်သို့ ပြောင်းလဲဖော်ဆောင်ရန် အစီရင်ခံတင်ပြခြင်းအပေါ် အိန္ဒိယနိုင်ငံအတွင်းရှိ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းနယ်ပယ်မှ ကုမ္ပဏီများစွာက ကန့်ကွက်ပြောဆိုမှုများရှိနေသည်။ အထူးသဖြင့် Confederation of Indian Indusrty (CII) နှင့် Society of Indian Automobile Manufacturers (SIAM) တို့မှ အဖွဲ့ဝင်လုပ်ငန်းရှင်များက လက်တွေ့မဆန်သည့် ပြုပြင်ပြောင်းလဲရေး အချိန်သတ်မှတ်ချက်သည် နှစ်ဘီးနှင့် သုံးဘီးတပ်မော်တော်ယာဉ်သုံးစွဲသူများအား အဆင်မပြေ ဘဝင်မကျမှုများ ဖြစ်ပေါ်စေမည့်အပြင် အလုပ်အကိုင် လေးသန်းကျော်အား ထောက်ပံ့ပေးလျက်ရှိသည့် အိန္ဒိယမော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို လမ်းကြောင်းသွေဖယ်သွားစေနိုင်ကြောင်း၊ သင့်လျော်မည့် အသွင်ကူးပြောင်းဆောင်ရွက်မှုတစ်ရပ်မှာ မော်တော်ယာဉ်အုပ်စုအားလုံးအတွက် ပျမ်းမျှလောင်စာဆီ အကျိုးရှိစွာ သုံးစွဲမှုကို တိုးတက်မှုရှိစေသည့် သတ်မှတ်ချက်များအား ပြဋ္ဌာန်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် အစိုးရ၏ လျှပ်စစ်စွမ်းအားသုံး မော်တော်ယာဉ်များသို့ ပြောင်းလဲရန် ရွေးချယ်ခြင်းကို ထောက်ခံသော်လည်း လောင်စာဆီသုံး မော်တော်ယာဉ်များအပေါ် ပြင်းထန်သည့် ထိုးနှက်ချက်တစ်ခုဖြစ်မည်ကို မလိုလားကြောင်း ပြောဆိုလျက်ရှိသည်။

အိန္ဒိယနိုင်ငံ၌ ၂၀၁၉ ခုနှစ် မတ်လတွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်းဈေးကွက်အတွက် သုံးဘီးဆိုင်ကယ် ခုနစ်သိန်းနှင့် ၁၅၀ စီစီအောက် နှစ်ဘီးဆိုင်ကယ် ၁၉ သန်း ထုတ်လုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ နိုင်ငံအတွင်း သုံးဘီးမော်တော်ဆိုင်ကယ်များ ထုတ်လုပ်လျက် ရှိသော အီတလီကုမ္ပဏီဖြစ်သည့် Piaggio က ၎င်းတို့အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးယာဉ်စနစ် သို့ ပြောင်းလဲထုတ်လုပ်ရန်မှာ နည်းပညာများ ရှိနှင့်နေပြီးဖြစ်ကြောင်း၊ သို့ရာတွင် ယခု အသွင်ကူးပြောင်းရေးမှာ သုံးစွဲသူများကသာ အဆုံးအဖြတ် ပေးရမည့်ကိစ္စဟု ယူဆကြောင်း၊ နည်းပညာရှုထောင့်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်တို့အရဆိုလျှင် လျှပ်စစ်ဓာတ်အားသုံးယာဉ်အဖြစ် သုံးဘီး မော်တော်ဆိုင်ကယ်က နှစ်ဘီးတပ်ယာဉ်ထက် ပိုမို သင့်လျော်ကြောင်း ပြောကြားသည်။ **နေအေးလွင်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကိုရီးယားနိုင်ငံ၏ ယုံကြည်ရသော မိတ်ဖက်ပို့ကုန်နိုင်ငံစာရင်းမှ ဂျပန်ကိုပယ်ဖျက်

ကိုရီးယားသမ္မတနိုင်ငံအားဂျပန်နိုင်ငံမှ ပို့ကုန်ထိန်းချုပ်မှုစနစ်နှင့်ပတ်သက်၍ ယုံကြည်ရသည့်ကုန်သွယ်ဖက်နိုင်ငံစာရင်း(White List)မှပယ်ဖျက်ကြောင်းကို ဩဂုတ် ၂ ရက်တွင်ပြုလုပ်သော ဂျပန်အစိုးရအဖွဲ့အစည်းအဝေးမှ အတည်ပြုခဲ့ပြီးနောက် နာရီပိုင်းအတွင်းတွင်ပင် ဂျပန်နိုင်ငံအား ကိုရီးယားသမ္မတနိုင်ငံ၏ ယုံကြည်ရသော မိတ်ဖက်ပို့ကုန်နိုင်ငံစာရင်းမှ ပယ်ဖျက်မည်ဖြစ်ကြောင်း ကိုရီးယားသမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး ဟောင်နမ်ကီက တုံ့ပြန်ကြေညာလိုက်သည်။

အဆိုပါ အတည်ပြုခဲ့သော ကိုရီးယားသမ္မတနိုင်ငံအား ဂျပန်နိုင်ငံ၏ ပို့ကုန်ထိန်းချုပ်မှုစနစ်နှင့်ပတ်သက်၍ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်း (White List) မှ ပယ်ဖျက်ခဲ့သည့်ဆုံးဖြတ်ချက်သည် ရက်ပေါင်း ၂၁ ရက်အတွင်းအသက်ဝင်မည်ဖြစ်ပြီး Dual Use ကုန်စည်များဖြစ်ပြီး စစ်ရေးအသုံးပြုပစ္စည်းများပါ ထုတ်လုပ်နိုင်သည့်ကုန်စည်အမျိုးအစား ၁၁၂၀ မျိုးတို့အား ဂျပန်မှကိုရီးယားသမ္မတနိုင်ငံသို့တင်သွင်းရာတွင် ယခင်ကဲ့သို့ လွယ်ကူမြန်ဆန်တော့မည်မဟုတ်ဘဲ သိသိသာသာ နှောင့်နှေးကြန့်ကြာမှုများရှိလာမည်ဖြစ်သည်။

တောင်ကိုရီးယား သမ္မတမွန်ဂျေးအင်က ဂျပန်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် သမ္မတတစ်ဦးအနေဖြင့် ပြတ်တင်ရှုတ်ချကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံအား ဘယ်သောအခါမှအရှုံးပေးမည်မဟုတ်ကြောင်း၊ ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံနှင့်နိုင်ငံတကာ အသိုက်အဝန်းမှ သံတမန်နည်းလမ်းဖြင့် ပြဿနာအား ပြေလည်အောင် ကြိုးပမ်းညှိနှိုင်းခဲ့မှုများအပေါ် လျစ်လျူရှုကာ ထိုကဲ့သို့ မဆင်မခြင် ဆုံးဖြတ်ခဲ့သဖြင့် အခြေအနေများ ပိုမိုဆိုးရွားလာခြင်းအတွက် ဂျပန်နိုင်ငံတွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ယခုအခြေအနေအား အခွင့်အရေးအဖြစ် ပြောင်းလဲအသုံးချ၍ နည်းပညာပိုင်းဆိုင်ရာ၌ အခြားနိုင်ငံတစ်ခုအား မှီတည်ခြင်းမရှိဘဲ နည်းပညာဆိုင်ရာ ကုန်စည်များအား နိုင်ငံတကာနှင့် ယှဉ်ပြိုင်ထုတ်လုပ်နိုင်သော အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်နိုင်အောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်၏ ဆုံးဖြတ်ချက်သည် တောင်ကိုရီးယားနိုင်ငံမှ သွင်းကုန်လုပ်ငန်းရှင်များသာ နစ်နာစေမည် မဟုတ်ဘဲ ဂျပန်ပို့ကုန် လုပ်ငန်းရှင်များကိုပါ ထိခိုက်နစ်နာမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏မည်သည့်ကုန်ပစ္စည်းများသည် ထိခိုက်မှုအရှိဆုံးဖြစ်မည်ကို အတိအကျ မသိနိုင်သေးသော်လည်း ယေဘုယျအားဖြင့် နိုင်ငံ၏စီးပွားရေးအတွက် အဓိကကျသည့် ကုန်စည်များဖြစ်သော Lithiumion batteries၊ Carbon Fiber နှင့် အင်ဂျင်နီယာ အသုံးပြုကိရိယာများ ထုတ်လုပ်မှုတို့တွင် ထိခိုက်မှု အများဆုံး ဖြစ်လာနိုင်ကြောင်း လေ့လာဆန်းစစ်သူများက သုံးသပ်ကြသည်။ **ဝင်းပပသူ၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တရုတ်နိုင်ငံ၌ ရင်းနှီးမြှုပ်နှံသူများအား အကူအညီပေးရန် စက်မှုဆိုင်ရာရုံးအသစ်တစ်ခု ထိုင်းဖွင့်လှစ်မည်

ထိုင်းစက်မှုဝန်ကြီးဌာနအနေဖြင့် တရုတ်နိုင်ငံတွင် စက်မှုလုပ်ငန်းဆိုင်ရာ ရုံးအသစ်တစ်ခုအား ဖွင့်လှစ်သွားရန်ရှိကြောင်း၊ တရုတ်ပြည်မှရင်းနှီးမြှုပ်နှံသူများအား အထူးသဖြင့် အရှေ့ပိုင်းစီးပွားရေးစင်္ကြံ Eastern Economic Corridor Scheme (EEC) စီမံကိန်းနှင့် ထိုင်းနိုင်ငံ၏ သတင်းအချက်အလက်များအား ဖြန့်ဝေပေးရန်နှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများ အားအကူအညီပေးနိုင်ရန်ဖြစ်ကြောင်း သိရှိရသည်။

စက်မှုဝန်ကြီး Suriya က အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲ၏ ရိုက်ခတ်မှုအရှိန်ကြောင့် ထိုင်းနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံကြရန် တရုတ်ကုမ္ပဏီများက ၎င်းတို့၏ စိတ်ဝင်စားမှုများကို ဖော်ပြခဲ့ကြပြီးသည့်နောက် တရုတ်ပြည်၌ စက်မှုဆိုင်ရာရုံးအသစ်တစ်ခုဖွင့်လှစ်လိုသောအေဂျင်စီများအား ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံမှာ အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် အဓိက ရည်မှန်းရာ (Target) တစ်ခုဖြစ်ကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းအများအပြားရှိကြောင်း ၎င်းကပြောကြားခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် အဆိုပါ ရုံးအသစ်ကို ပေကျင်း (သို့မဟုတ်)ရှန်ဟိုင်း၌ ဖွင့်လှစ်သွားရန် စီစဉ်မှာဖြစ်ကြောင်း၊ သို့ရာတွင် ဒုတိယဝန်ကြီးချုပ် ဆုန်ကစ်၏ခွင့်ပြုချက်ရယူရန် လိုအပ်မှာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ မစ္စတာဆုန်ကစ်အနေဖြင့် စက်မှုဝန်ကြီးဌာနသို့ နောက်တစ်ပတ် ဗုဒ္ဓဟူးနေ့တွင်လာရောက်ရန်ရှိနေကြောင်းသိရှိရသည်။

ရုံးအသစ်မှာ တရုတ်နိုင်ငံဆိုင်ရာထိုင်းသံရုံး၏ ကြီးကြပ်မှုအောက်တွင် ရှိလိမ့်မည်ဖြစ်ကြောင်း၊ အလားတူ ဩစတြေးလျနှင့် ဂျပန်နိုင်ငံများတွင်လည်း အလားတူ ရုံးအသစ်များရှိလိမ့်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ ရုံးအသစ်အနေဖြင့် ထိုင်းနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် အကူအညီအထောက်အပံ့များပေးရန်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စက်တင်ဘာလတွင် တရုတ် ကုမ္ပဏီ ၃၀၀ အား EEC သို့လာရောက်လေ့လာရန်နှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများအား လာရောက်လေ့လာနိုင်ရန်ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၎င်းအနေဖြင့် EEC တွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးများနှင့် အထူးအခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များအား ပြင်ဆင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဘုတ်အဖွဲ့နှင့် ဆွေးနွေးရန်ရှိနေကြောင်း၊ အလားတူ EEC ရုံးကိုလည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လျှောက်ထားမှုများ ပိုမိုများပြားလာစေရေး လေလံစနစ်ဖြင့် ပြင်ဆင်ရေးတို့လည်းရှိနေကြောင်း ပြောကြားခဲ့သည်။

စက်မှုလုပ်ငန်းကဏ္ဍအနေဖြင့် အဆိုပါ ဘတ်ဈေးလှုပ်ရှားမှု၏ ဒဏ်ကို ခံစားနေရကြောင်း၊အကြောင်းမှာ ပြည်တွင်းရှိကဏ္ဍအများစုမှာ ပို့ကုန်ကို အထောက်အကူ ပြုနေခြင်းကြောင့်ဖြစ်ကြောင်း၊ စက်မှု ကဏ္ဍမှာစီးပွားရေး၏ အဓိကမောင်းနှင်အားတစ်ခု ဖြစ်ကြောင်း၊ GDP ၏ ၂၈ ရာခိုင်နှုန်းရှိနေကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။

**Source:Bangkok Post**

**လွင်မျိုးဇော်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# MMM Car Sales Center

Email:mmmcarsalecenter@gmail.com
www.facebook.com/MMM car sales centre



min min maung Services Co.,Ltd

မော်တော်ကားဝယ်ယူရန်စီစဉ်နေသူများအတွက် မြန်မာနိုင်ငံရာသီဥတုနှင့်အထူး သင့်လျော်သော ဂျပန်နိုင်ငံမှတိုက်ရိုက်တင်သွင်းလာသည့် အရည်အသွေးမြင့် ကားကောင်းကားသန့်များကို ဝယ်ယူသူ အပြည့်ပေါက် စိတ်တိုင်းကျရွေးချယ်ဝယ်ယူနိုင်ရန် အနယ်နယ်အရပ်ရပ်မှ မိတ်ဟောင်းမိတ်သစ်များကို ကျွန်တော်တို့ MMM Car Sale Center မှ ဖိတ်ခေါ်အပ်ပါသည်။

အမှတ် (၁၉/၂၀), ပေါ်လမ်းမကြီး၊ နာနတ်တောဂုန်းကျော်နှင့် လှည်းတန်းဂုန်းကျော်ကြား၊ (၇) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ Ph:09 7979 85859, 09 863 8585

# UNITED ELEVEN CO.,LTD

**CAR SALES & SERVICES**

DAYUN Tractor And Dump Truck များကို
ကိုယ်စားလှယ်ယူ၍ရောင်းချပေးပါသည်

ဘဏ်နှင့်ချိတ်ဆက်၍ ကနဦး ၂၀% ပေးသွင်းပြီး
၅နှစ်အထိ အရစ်ကျရောင်းချပေးပါသည် ။






UNITED ELEVEN CO.,LTD
အမှတ်(၂၀) ၊ စံရိပ်ငြိမ်လမ်း၊ လှည်းတန်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
**01-502182,01-502140**
**09-254745711,09787100011,09-250000543**

# UMH COMPANY LIMITED

UMH
COMPANY LIMITED

**SAFETY PARTS**
**AIR BAG CUSHION PRODUCTION**





**GPM & ALARDDIN**
**uPVC WINDOW & DOOR PROFILE MANUFACTURING**




| | |
|---|---|
| Phone | - 01 703179 ၊ 3611702 ၊ 3611703 |
| Mobile | - 09 420131145 |
| E Mail | - starcrewygn@gmail.com |
| Address | - No. (538-A), Block 28, No. 4 Highway Road, Shwe Pyi thar Township, Yangon, Myanmar. |

# TOYOTA
# GW LION

GW LION MANDALAY

**No.10-339, Bet: 37th & 39th Street,**
**Pyin Oo Lwin - Mandalay High Way Road, Pathein Gyi Township,**
**Mandalay. Facebook - www.facebook.com/toyota.gwlion**
**Tel: (Sales) 09 763 70000 1, 09 969 70000 1,**
**(Service) 09 969 70000 2, 09 969 70000 3**



# SAILUN TIRE

ATREZZO SH406
ATREZZO SVA1
S702
S911





**Exclusive Distributor:**

**SAN NGWE YAUNG CO., LTD.**

Yangon:No.(59-60), Hlay Thin Ah Twin Wun U Chain Street,
Industrial Zone(2),Hlaing Thar Yar Township, Yangon, Myanmar.
Tel:09-442377775,442377776,442377779

Mandalay:PaPa(21/1), Corner of Yaw Min Gyi Street & 66 Street,
Industrial Zone(1), Mandalay, Myanmar.
Tel:02-5154403,5153970,5152224,5153100,5152117



# Tough Way

TOUGH WAY GARMENT MANUFACTURING CO., LTD.








Plot No. 52/Ka, Kha, Block No. 42, Kanaung Minthar Gyi Street,
Shwepyithar Industrial Zone(1), Shwe Pyi Thar Township, Yangon, Myanmar.
TEL: 01 3614085, 09 8617234 FAX : 01 3612554



JFE

**JFE SHOJI TRADE CORP. (Yangon Branch)**

Unit 05-01, Union Business Centre,
Nat Mauk Road, Bocho Quarter, Bahan Township,
Yangon, Myanmar.
TEL : 01-8603382, 09-979028162
Email: linlin@jfe-shoji.co.th; aungzayyamin@jfe-shoji.co.th
Website: https://www.jfe-shoji.co.jp/en/





**JFE SHOJI TRADE can supply various types of steel materials**

- HRC & Steel Sheet
- CRC & Steel Sheet
- H-Beam
- Steel Plate
- Deformed Bar
- Guardrail
- GI, GL & PPGI, PPGL
- Angle & Channel
- Steel Wire / Steel Pipe
- Tin Plate / Tin Free

**Projects that used JFE Steel Materials**

» Shwe Gone Daing Flyover
» Myaynigone Flyover
» Kokkine Flyover
» Thilawa Port and
» New Thaketa Bridge

COMMERCE
INTERNATIONAL



## အာရှအခြေခံအဆောက်အအုံ တည်ဆောက်ရေးကို အထောက်အကူပေးရန် စင်ကာပူ အသင့်ရှိ

အာရှတိုက်ရှိ လုပ်ငန်းကျွမ်းကျင်မှုများကို စုစည်းပေးခြင်းနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ အစိုးရများနှင့် နိုင်ငံစုံဘဏ်များအား ပူးပေါင်းပေးခြင်းတို့ဖြင့် စင်ကာပူနိုင်ငံက ဒေသတွင်း ဖွံ့ဖြိုးရေးအခက်အခဲများကို ဖြေရှင်းပေးပြီး အခြေခံအဆောက်အအုံ တည်ဆောက်ရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း စထရိတ်တိုင်းမ်သတင်းတွင်ဖော်ပြသည်။

အခြေခံအဆောက်အအုံသည် အာရှတိုက်အောင်မြင်မှုအတွက် အချက်အချာဖြစ်ပြီး စင်ကာပူသည် အာရှအခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ပလက်ဖောင်းတစ်ခုကို ဖန်တီးပေးနိုင်ပြီး ဒေသတွင်းရှိအလားအလာများကိုထုတ်ဖော်ပေးရန် အကူပေးနိုင်ကြောင်း စင်ကာပူဝါရင့်ဝန်ကြီး တဲအိုချီဟင်းက ဩဂုတ် ၁၅ ရက်တွင်ပြောသည်။

အာရှဖွံ့ဖြိုးရေးအတွက် စင်ကာပူက အထောက်အကူပေးနိုင်သောနယ်ပယ်သုံးခုရှိကြောင်း ပဉ္စမအကြိမ် စင်ကာပူဒေသတွင်း စီးပွားရေးဖိုရမ်တွင် အမှာစကားပြောကြားရာ၌ ၎င်းကပြောသည်။ ပထမနယ်ပယ်မှာစင်ကာပူသည် အလုံးစုံပါဝင်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုကိုဆောင်ရွက်ပြီး ဒေသတွင်း အခြေခံအဆောက်အအုံစီမံကိန်းများကို အထောက်အကူပေးရန်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

ဒုတိယမှာ စင်ကာပူသည် ဒေသ၏ဘဏ္ဍာရေးနှင့် ဥပဒေရေးရာများအတွက် အချက်အချာ ဒေသဖြစ်သည်နှင့်အညီ ဒေသအကြောင်း ကောင်းကောင်းသိရှိနားလည်ပြီး တီထွင်ဖန်တီးမှုရှိသော အခြေခံအဆောက်အအုံသစ်များကို တည်ဆောက်ရာတွင် အကူအညီပေးနိုင်မည်ဖြစ်ကြောင်း အမျိုးသားလုံခြုံရေး ပေါင်းစပ်ညှိနှိုင်းမှုဝန်ကြီးလည်းဖြစ်သူ မစ္စတာတဲအိုကပြောသည်။

တတိယအနေဖြင့် သယံဇာတအရင်းအမြစ် ဖူလုံမှုရှိပြီး ရာသီဥတုပြောင်းလဲမှုအကျိုးဆက်များကို ကြံ့ကြံ့ခံနိုင်သော အခြေခံအဆောက်အအုံဆောက်လုပ်ရေးအတွက် လိုအပ်ချက်များကို ၎င်းက အလေးပေးပြောကြားခဲ့သည်။ အထူးသဖြင့် ရာသီဥတုဆိုးရွားမှု အကျိုးဆက်များကြောင့် အာရှနိုင်ငံများအပေါ် ထိခိုက်လျက်ရှိသော အခြေအနေများကို ထည့်သွင်းစဉ်းစားရန်ဖြစ်ကြောင်း ၎င်းကအလေးပေးပြောကြားသည်။

## ဟောင်ကောင် ဒီမိုကရေစီ တီရှပ်များကြောင့် တရုတ်နိုင်ငံတွင် အမေဇုန်ကို အွန်လိုင်းမှ ဆန့်ကျင်တုံ့ပြန်

တရုတ်လူမှုမီဒီယာအသုံးပြုသူတို့၏ ဒေါသက ဩဂုတ် ၁၅ ရက်က အွန်လိုင်းလက်လီရောင်းချရေးလုပ်ငန်း အမေဇုန်အပေါ် ကျရောက်ခဲ့ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဟောင်ကောင်တွင် ပြုလုပ်နေသော အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများကို ထောက်ခံသည့် ကြွေးကြော်သံများပါသော အားကစားစပို့ရှပ်များကို အမေဇုန်ဝက်ဘ်ဆိုက်များပေါ်တွင် တွေ့ရပြီးနောက် ယခုကဲ့သို့ ဆန့်ကျင်ခံရခြင်းဖြစ်သည်။

တရုတ်နိုင်ငံတွင် တွစ်တာကဲ့သို့အသုံးပြုသော ဝေဘို (Weibo)တွင် Amazon T-Shirts ဟူသော hashtag များသည် စတုတ္ထမြောက် လူသုံးများသော အကြောင်းအရာဖြစ်ကာ အမေဇုန်သည် ဟောင်ကောင်အရေးကိစ္စနှင့် ပတ်သက်၍ နောက်ဆုံးတုံ့ပြန်ခံရသော နိုင်ငံခြားကုမ္ပဏီတစ်ခုဖြစ်သည်။

"Free Hong Kong Democracy Now" နှင့် "Hong Kong is Not China" ဟု ဖော်ပြထားသော စာတန်းများဖြင့် ရောင်းချရန် ဝက်ဘ်ဆိုက်တင်ထားသော တီရှပ်များကိုတရုတ်အင်တာနက်အသုံးပြုသူများက တွေ့ရကြောင်း တရုတ်နိုင်ငံပိုင်သတင်းစာ ပြည်သူ့နေ့စဉ်၏ ဂလိုဘယ်တိုင်းမ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမေဇုန်သည် တရုတ်လူမျိုးတို့အား ပမာမခန့်ပြုသည်ဟု တရုတ်တို့က စွပ်စွဲကြသည်။ 'အမေဇုန်က တရုတ်နိုင်ငံက ထွက်သွားပါပြီ။ ကျွန်တော်တို့ ဒီကုမ္ပဏီကို သင်ခန်းစာပေးရမယ်'ဟု အင်တာနက်အသုံးပြုသူတစ်ဦးကရေးသည်။

တရုတ်ပြည်တွင်း၌ ရောင်းချမှုလုပ်ငန်းများကို အမေဇုန်သည် ဇူလိုင်လကတည်းက ပိတ်သိမ်းထားပြီးဖြစ်သော်လည်း ပင်လယ်ရပ်ခြားမှ ပစ္စည်းများကို တရုတ်ပြည်တွင်းသို့ တင်ပို့နေဆဲဖြစ်သည်။

ဝေဖန်ချက်ပေးရန် ရိုက်တာက အီးမေးလ်ဖြင့်စုံစမ်းမှုကို အမေဇုန်ကိုယ်စားလှယ်တစ်ဦးက တုံ့ပြန်ဖြေကြားခြင်း မရှိခဲ့ပေ။




## တရုတ်တစ်နိုင်ငံလုံး 5G မိုဘိုင်းဖုန်းများ ရောင်းချရန် ဟွာဝေး ခြေလှမ်းပြင်

ဟွာဝေး Mate 20 X (5G)ကို တရုတ်နိုင်ငံတွင် ဩဂုတ် ၁၆ ရက်၌ စတင်ရောင်းချကြောင်း ဂလိုဘယ်တိုင်းမ်သတင်းတွင်ဖော်ပြသည်။

ရောင်းချသော မိုဘိုင်းဖုန်းမှာ တစ်ခုနှင့်တစ်ခု မတူညီသော SA နှင့် NSA ကွန်ရက် နှစ်ခုစလုံးတွင်အသုံးပြုနိုင်ပြီး ထိုသို့အသုံးပြုနိုင်မည့်ဖုန်းများအနက် ယခုဖုန်းမှာ ပထမဆုံးထုတ်လိုက်သော မိုဘိုင်းဖုန်းအမျိုးအစားဖြစ်သည်။ ဟွာဝေး၏ လှုပ်ရှားမှုသည် 5G ကွန်ရက်ကိုတစ်နိုင်ငံလုံး၌ စီးပွားဖြစ်ရောင်းချရန် ခြေတစ်လှမ်း ပြင်လိုက်ခြင်းဖြစ်သည်။

ဂလိုဘယ်တိုင်းမ် သတင်းထောက်က ပေကျင်းမြို့တွင်းပိုင်းရှိ စတိုးဆိုင်နှစ်ဆိုင်ကို သွားရောက်စုံစမ်းရာ ဖုန်းတန်ဖိုးကို ၆၁၉၉ ယွမ် (၈၈၀ ဒသမ ၄၄) ဖြင့် ရောင်းထားပြီးဖြစ်ကြောင်းနှင့် အသစ်လိုချင်သူများ အနေဖြင့် ကြိုတင်မှာထားကာ ဆိုင်အတင်ကို စောင့်ရမည်ဖြစ်ကြောင်း ဆိုင်ဝန်ထမ်းက ရှင်းပြသည်။

'မနက် ၁၀ နာရီ ဆိုင်ဖွင့်လိုက်တာနဲ့ ဆိုင်ထဲကို လူတွေတစ်ပြုံကြီး ဝင်လာပြီးကြည့်ကြပါတယ်'ဟု ပေကျင်းမြို့ ချောင်ယန်းခရိုင်ရှိ ဟွာဝေးအရောင်းဆိုင်မှ ဆိုင်ဝန်ထမ်းတစ်ဦးက ဩဂုတ် ၁၆ ရက်တွင် ပြောသည်။

## ၂၀၁၉ ခုနှစ် ကျန်ကာလများတွင် ရေနံဈေးကွက် အလားအလာ ကျဆင်းမည်ဟု အိုပက်ခန့်မှန်း

၂၀၁၉ ခုနှစ် ကျန်ကာလများတွင် ရေနံဈေးကွက် အလားအလာမှာ ကျဆင်းရန်ရှိကြောင်း အိုပက်အဖွဲ့က ဩဂုတ် ၁၆ ရက်တွင်ထုတ်ပြန်သည်။ ကမ္ဘာ့စီးပွားရေးနှေးကွေးမှုနှင့် ၂၀၂၀ ပြည့်နှစ်တွင် ပြိုင်ဘက် ထုတ်လုပ်သူများက တိုးမြှင့်ထုတ်လုပ်သဖြင့် ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကြောင့် ယခုကဲ့သို့ လျှော့ချခန့်မှန်းခြင်းဖြစ်ပြီး အိုပက်ဦးဆောင်သောဖြန့်ဖြူးရေးထိန်းချုပ်မှုများ လိုအပ်မည်ဖြစ်ကြောင်း သုံးသပ်သည်။




၂၀၁၉ ခုနှစ် ကမ္ဘာ့ရေနံဝယ်လိုအားကို တစ်ရက်လျှင် စည် ၄၀၀၀၀ ကျဆင်းကာ စည် ၁ ဒသမ ၁ သန်းသို့ ရောက်ရှိပြီး ၂၀၂၀ ပြည့်နှစ်တွင်မူ ဈေးကွက်ဝယ်လိုအား အနည်းငယ် မြင့်တက်လာမည်ဟု အိုပက်အဖွဲ့၏လစဉ် အစီရင်ခံစာတွင် ဖော်ပြသည်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးအငြင်းပွားမှုနှင့် ဘရက်ဇစ်တို့ကြောင့်ဖြစ်ပေါ်သော ဈေးကွက်ကျဆင်းမည့် အလားအလာက ဈေးနှုန်းမကျအောင် ထိန်းထားနိုင်ရန်အတွက် ရေနံထုတ်လုပ်မှုလျှော့ချရေးမူဝါဒကို ကျင့်သုံးရန် အိုပက်အဖွဲ့နှင့် ရုရှားအပါအဝင် မဟာမိတ်တို့ကို ဖိအားပေးလျက်ရှိသည်။

အိုပက်ကဦးဆောင်သော ရေနံထုတ်လုပ်မှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိသော်လည်း ကုန်သွယ်ရေးဘက်မှ စိုးရိမ်မှုများနှင့် စီးပွားရေး နှေးကွေးကျဆင်းမှုများကြောင့် ရေနံဈေးနှုန်းမှာ ၂၀၁၉ ခုနှစ် ဧပြီမှစ၍ တစ်စည်ကို အမေရိကန်ဒေါ်လာ ၇၅ မှ ကျဆင်းလာသည်ကို တွေ့ရသည်။

စံမီအောင် စုစည်းသည်

**If you can't reuse it,refuse it**

**ပြန်လည်သုံးစွဲ၍မရပါက ထိုပစ္စည်းများ သုံးရန်ငြင်းဆန်ကြ။**